ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 5 October 2022 ၁၀၈၇၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၅ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ဆရာ၊ ဆရာမများခင်ဗျား**

ယနေ့ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမအားလုံးနှင့် ပြည်သူပြည်သားများအားလုံး ကိုယ်ရောစိတ်ပါ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ယနေ့ ကမ္ဘာ့ဆရာများနေ့သည် အသိပညာ၊ အတတ်ပညာနှင့် စောင့်ထိန်းအပ်သော အကျင့်သီလသိက္ခာနှင့် ကိုယ်ကျင့်တရားတို့ကို ကောင်းမွန်အောင် သင်ကြားပြုပြင်ပေးကြသော ဆရာ၊ ဆရာမများ၏ ဂုဏ်သိက္ခာနှင့် ဂုဏ်ကျေးဇူးကို အောက်မေ့သတိရ ဖော်ထုတ်ဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံရေးနှင့်စီးပွားရေးသည် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှုမရှိပါက နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုလည်း ရှိမည်မဟုတ် စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပြည်မြို့ရှိသီရိခေတ္တရာရတနာပုံမြို့တော်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**

ကြေးမုံ

# ရိုသေလေးစားတန်ဖိုးထား ယဉ်ကျေးမှုအစဉ်အလာမြှင့်တင်

သိင်္ဂါလောဝါဒသုတ်လာ လူတို့ဆောင်ရွက်ရသော လူမှုရေးကျင့်ဝတ်များတွင် "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" ဟူသည့် ဆရာ့ကျင့်ဝတ် ငါးပါးရှိပါသည်။ ဆရာတို့သည် သိသင့်သမျှ အတတ်ပညာများကို သင်ကြားပေးရခြင်း၊ ဆုံးမဩဝါဒပေး၍ ပြုပြင်ပေးရခြင်း၊ မိမိတတ်သမျှ အကုန်သင်ပေးရခြင်း၊ တပည့်များ ဘေးအန္တရာယ်မဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်ပေးရခြင်း၊ မိမိထက်ကျေးဇူးပြုနိုင်မည့် ဆရာ့ထံသို့ အပ်နှံပေးရခြင်းတို့ကို ဆောင်ရွက်ပေးရသည်။

ဆရာဟူသည် တပည့်များအပေါ်တွင် မိဘနှင့်မခြား မေတ္တာထား၍အလေးထား ဆောင်ရွက်ပေးရသဖြင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ငါးပါးစာရင်းတွင် ပါဝင်ရပေသည်။ ထို့အပြင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ မည်သည့်ဆရာမဟူ မိမိတို့အတွက် အကျိုးတစ်စုံတစ်ရာရှိသဖြင့် ကျေးဇူးရှိသည်ဟု အသိအမှတ်ပြုရပေသည်။ ထို့ကြောင့် ဆရာဟူသမျှအပေါ်တွင် ရိုသေလေးစားတန်ဖိုးထားခြင်း၊ အခါအခွင့်သင့်လျှင် ပူဇော်ကန်တော့ခြင်းတို့ကိုပြုကြလေသည်။ ဆရာတို့ကို ကျေးဇူးမဆပ်နိုင်လျှင်ပင် ကျေးဇူးမချေဖျက်မိရန် အရေးကြီးပေသည်။ ဆရာကို ပြစ်မှားပါက ကြီးလေးသောအပြစ်ဒဏ်ခံရနိုင်ပေသည်။ ဆရာများအပေါ် ရိုသေလေးစားတန်ဖိုးထားခြင်းသည် မင်္ဂလာတရားနှင့်အညီဖြစ်၍ ကောင်းသောအမှု ကြီးပွားချမ်းသာခြင်းကို ဖြစ်စေသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင် ဆရာများကို တန်ဖိုးထားဂုဏ်ပြုသောအားဖြင့် နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံသည် ရှေးအစဉ်အဆက်ကတည်းက ဗြဟ္မစိုရ်တရား ထွန်းကားသောနိုင်ငံဖြစ်၍ ဆရာများအပေါ်တွင် အစဉ်အမြဲရိုသေလေးစားတန်ဖိုးထားခဲ့ကြပေသည်။ ပူဇော်အထူးကို ပြုခဲ့ကြပေသည်။ မြန်မာမှုနယ်ပယ်တွင် ပညာ၏တန်ဖိုးနှင့်တကွ ဆရာ့ကျင့်ဝတ်၊ ဆရာ့ဝတ္တရား၊ ဆရာ့ဂုဏ်ရည်၊ ဆရာ့တန်ဖိုးတို့ကို အထူးညွှန်းဆိုကြလေသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့၏ သွန်သင်ဆုံးမလမ်းညွှန်မှုများကိုခံယူ၍ ယဉ်ကျေးသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ထားပေသည်။

မျက်မှောက်ကာလတွင် အနောက်တိုင်းယဉ်ကျေးမှု လွှမ်းမိုးမှု၊ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် အတွေးအခေါ်အယူအဆများ သွတ်သွင်းလာမှု၊ ခေတ်ပေါ်သတင်းအချက်အလက်နည်းပညာများ ရှေ့တန်းရောက်လာမှု စသည်တို့ကြောင့် လက်ထပ်သင်ကြားရင်ဝယ်ထား၍ ညွှန်ပြပေးလာသော ဆရာများ၏အခန်းကဏ္ဍများမှာ မှေးမှိန်သကဲ့သို့ ဖြစ်လာရသည်။ ဆရာများအပေါ် ရိုသေလေးစားတန်ဖိုးထားမှုများ လျော့ပါးလာသည်ကို တွေ့ရသည်။ ထိုထက်မက ဆရာများအပေါ် ပြစ်မှားစော်ကားမှုများအထိ ကျူးလွန်လာကြသည်ကို တွေ့လာရသည်။ ဆရာများကို ကုလသမဂ္ဂအဖွဲ့အစည်းကြီးနှင့်အတူ ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုထားသဖြင့် ဆရာ့ဂုဏ်ရည်ထိပါးမှုများကို လက်ခံကြမည်မဟုတ်ပေ။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံအနေဖြင့်မူ ပို၍ပင်လက်မခံနိုင်ဘဲ ဆရာ့ဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်းလုံးရှိဆရာများကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတိုင်းနိုင်ငံတိုင်း၌ ကမ္ဘာ့ဆရာများနေ့များကျင်းပကြသည်မှာ ကမ္ဘာတစ်ဝန်းလုံး မင်္ဂလာရှိသောနေ့ဖြစ်ပေသည်။ နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည့် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးတွင် အရေးပါသောကဏ္ဍမှ ပါဝင်ထမ်းရွက်နေကြသည့် ဆရာ ဆရာမများ၏တန်ဖိုးကို အသိအမှတ်ပြုဖော်ညွှန်းပေးနိုင်ခဲ့ပေသည်။ ဆရာများ၏ တန်ဖိုးကြီးမားမှုကို ပိုမိုထင်ရှားပေါ်လွင်အောင် ဆောင်ကြဉ်းပေးရာရောက်သကဲ့သို့ ဆရာ ဆရာမများ၏ ဂုဏ်ရည်၊ ကျင့်ဝတ်၊ သိက္ခာနှင့် ကျေးဇူးတရားများကို မမေ့မလျော့အောင် ဂုဏ်ပြုရည်ညွှန်းခြင်းလည်း ဖြစ်ပေသည်။ မြန်မာတို့အနေဖြင့် အနန္တဂိုဏ်းဝင် ဆရာသခင်အဖြစ် မပြတ်ဦးညွှတ်နိုင်အောင်၊ လေးစားတန်ဖိုးထားနိုင်အောင် အစဉ်အလာမပျက် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပည့်များအပေါ်တွင် စေတနာ၊ မေတ္တာ အပြည့်အဝထား၍ လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် အနစ်နာခံသင်ကြားပြသပေးသည့် ဆရာ ဆရာမများအား မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ရိုသေလေးစားတန်ဖိုးထား၍ ဆရာ့ဂုဏ်ကျေးဇူးများကို မမေ့မလျော့ရှိကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ နှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ(၂၀၁၈ ခုနှစ်) ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ည) တွင် **"မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် အဆောက်အအုံများနှင့် ဝင်းခြံများကို သစ်ပင်၊ ချုံပင်များ ရှင်းလင်းစေခြင်း၊ သန့်ရှင်းစေခြင်းနှင့် သတ်မှတ်သောဆေးရောင်များ သုတ်စေခြင်း၊ ဝင်းမခတ်သည့်ခြံမြေကို ဝင်းခြံခတ်စေခြင်း၊ ဟောင်းနွမ်းယိုယွင်းသည့် ဝင်းခြံကိုပြုပြင်စေခြင်း"** ဟု လည်းကောင်း၊ ပုဒ်မခွဲ (ဋ) တွင် **"ပုဒ်မခွဲ (ည)အရ ညွှန်ကြားထားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပြီး ကုန်ကျစရိတ်ကိုပေးရန် ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူထံ တောင်းဆိုခြင်း"** ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ(၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းချက်နှင့်အညီ မြို့တော်သူ မြို့တော်သားများအနေဖြင့် လမ်းမများနှင့် မျက်နှာစာများရှိ မိမိတို့၏ခြံစည်းရိုးများ၊ နေအိမ်များ၊ အဆောက်အအုံနံရံနှင့် ခြံဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများအား သန့်ရှင်းသပ်ရပ်အောင် ရှင်းလင်းဆောင်ရွက်ပေးကြရန်၊ အမြင်မတင့်တယ်သည့် ခြံစည်းရိုးများရှိပါက အမြင်တင့်တယ်အောင်သန့်ရှင်းဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက ဆေးသုတ်မွမ်းမံပေးကြရန် ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ ခရိုင်/ မြို့နယ်များအလိုက် နှိုးဆော်အကြောင်းကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် အောက်တိုဘာ ၄

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄- ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၆၀၀ | ၁၈၅ | ၁,၇၇၆,၀၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၉၃၆ | ၃,၃၃၈,၇၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၆၇ | ၁,၃၄၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁,၇၅၉ | ၄,၉၁၂,၂၅၀ |
| EFR | ၂,၅၀၀ | ၂,၇၀၀ | ၃,၀၁၄ | ၇,၅၈၇,၈၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၅ | ၁၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၇၂.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၅.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၉၃၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၂.၂၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၆၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၆၁.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၆၈.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၅၁.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၀၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင် ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များက ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်ကြီးရှိ နီးဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် စေတီတော်ကြီး သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး သမိုင်းမှတ်တမ်းများအား စနစ်တကျထိန်းသိမ်းရန်နှင့် ပြတိုက်အား ပြန်လည်မွမ်းမံရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး ရေးဟောင်းလက်ရာများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားပြီး စေတီတော်ကြီးရှိ ခေါင်းလောင်းတော်အား ငါးချက်ထိုး၍ ပူဇော်သည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။

☆ **ရွှေဖုံးမှ**

> **“ဆရာများသည် မသိသူကိုသိအောင်၊ မတတ်သူကိုတတ်အောင်၊ မကျွမ်းကျင်သူကို ကျွမ်းကျင်အောင်၊ မလိမ္မာမယဉ်ကျေးသူကို လိမ္မာယဉ်ကျေးအောင်၊ ပညာအလင်းပွင့်အောင်၊ စွမ်းရည်ပြည့်ဝကာ ချမ်းသာရဲရင့်အောင်ပြုနိုင်သည့် မေတ္တာစေတနာအစွမ်းကြီးမားသူများဖြစ်ကြသည်။ တပည့်များကို အတတ်ပညာများသင်ပေးရင်း စိတ်ထားကောင်းပြီး ကိုယ်ကျင့်တရား ဖြောင့်မတ်မှန်ကန်လာစေရန်လည်း သွန်သင်ပေးတတ်သဖြင့် စာကိုလည်းသင် စိတ်ကိုပြင်သူဟုလည်း ဆိုရပါမည်”**

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ ဆရာတို့၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြု ရိုကျိုးပူဇော်ခဲ့ကြသည်မှာ ရှေးပဝေသဏီဘိုးဘေးစဉ်ဆက်ကတည်းက ယခုအချိန်ထိတိုင် ဖြစ်ပါသည်။ ကမ္ဘာ့ဆရာများနေ့တွင် ဆရာအပေါင်းတို့အား “ဂါရဝေါစ၊ နိဝါတောစ၊ ကတညုတာ၊ ကတဝေဒီ” ဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ သူ့ကျေးဇူးကိုသိတတ်ခြင်း၊ ကျေးဇူးသိမှတ်တုံ့ဆပ်ခြင်းဖြင့် မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးဂုဏ်ပြုထုတ်ဖော်ခြင်း ပြုအပ်ပါသည်။

မြန်မာတို့လက်အုပ်ချီမိုးရှိခိုးသော အနန္တဂုဏ်ရှင်ငါးပါးတွင် အာစရိယဂိုဏ်းဝင်ဆရာများသည်လည်း တစ်ပါးအပါအဝင်ဖြစ်ပေရာ “အာစရိယ ဂုဏော အနန္တော” ဟုဦးထိပ်ထားလျက် နေ့စဉ်ရှိခိုးထိုက်သော၊ ဆရာ့ကျေးဇူးကို နေ့စဉ်ဆင်ခြင်အောက်မေ့ထိုက်သော ပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်များအပါအဝင် နိုင်ငံတစ်ဝန်း၌ အာစရိယပူဇော်ပွဲများကို အခါအားလျော်စွာ ကျင်းပပူဇော်ကျေးဇူးဆပ်လျက်လည်းရှိပါသည်။

ကမ္ဘာ့ဆရာများနေ့ ပေါ်ပေါက်လာရခြင်းမှာ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့- ယူနက်စကိုနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့တို့၏ ၁၉၆၆ ခုနှစ်တွင် ဆရာ၊ ဆရာမများ၏ အဆင့်အတန်းအပေါ် အကြံပြုချက်များအရ ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ်ကစတင်၍ ကျင်းပလာခဲ့ခြင်းဖြစ်ပါသည်။ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ကို “ကမ္ဘာ့ဆရာများနေ့”ဟူ၍ သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၂ ခုနှစ်မှစတင်ကာ နှစ်စဉ် ပညာရေးဝန်ကြီးဌာနက တာဝန်ယူ၍ နိုင်ငံတော်အဆင့် ကျင်းပခဲ့ပါသည်။

၂၀၂၂ ခုနှစ် ၊ ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်ဖြစ်သော “ပညာရေးပြုပြင်ပြောင်းလဲမှု- ဆရာများကအစပြု” **“The Transformation of Education Begins with Teachers”** သည် ဆရာများအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အရေးပါပုံကို မီးမောင်းထိုးပြကာ ဆရာများ၏ပါရမီနှင့် သင်ကြားမှုအတတ်ပညာများကို အပြည့်အဝအသုံးချနိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက် ၎င်းတို့၏အနာဂတ်ဘဝရပ်တည်မှုအတွက် စဉ်းစားပေးရန် လိုအပ်ပုံကို ဖော်ညွှန်းသတိပေးနေပါသည်။

ဆရာများသည် မသိသူကိုသိအောင် ၊ မတတ်သူကိုတတ်အောင်၊ မကျွမ်းကျင်သူကို ကျွမ်းကျင်အောင်၊ မလိမ္မာမယဉ်ကျေးသူကို လိမ္မာယဉ်ကျေးအောင်၊ ပညာအလင်းပွင့်အောင်၊ စွမ်းရည်ပြည့်ဝကာ ချမ်းသာရဲရင့်အောင်ပြုနိုင်သည့် မေတ္တာစေတနာ အစွမ်းကြီးမားသူများဖြစ်ကြသည်။ တပည့်များကို အတတ်ပညာများသင်ပေးရင်း စိတ်ထားကောင်းပြီး ကိုယ်ကျင့်တရား ဖြောင့်မတ်မှန်ကန်လာစေရန်လည်း သွန်သင်ပေးတတ်သဖြင့် စာကိုလည်းသင် စိတ်ကိုပြင်သူဟုလည်း ဆိုရပါမည်။ အထူးသဖြင့် လမ်းမှားရောက်နေသော တပည့်များကို လမ်းမှန်ရောက်အောင် ပြုပြင်ထိန်းကျောင်းလမ်းပြပေးသူများဖြစ်၍ **“ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့”** ဟု မန်လည်ဆရာတော်ဘုရားကြီးက မိန့်ဆိုခဲ့ပါသည်။

ထိုသို့တပည့်များအပေါ် အကျိုးလိုလားစိတ်ရှိသဖြင့် တပည့်တို့၏ ဘဝကို ပြုစုပျိုးထောင်ဖန်တီးပေးသူများဟုလည်း ဆိုနိုင်ပါသည်။ ဆရာသည် ဘဝခရီးနှင်ရမည့်လူငယ်တပည့်တို့ အနာဂတ်ဘဝတွင် လိုအပ်သည့် အသိပညာ၊ အတတ်ပညာ၊ အလေ့အကျင့်ကောင်းများ၊ ဆောင်ရန်ရှောင်ရန်များကို သင်ကြားပေးလိုက်သူဖြစ်ပါသည်။

ဆရာများသည် စတင်လေ့လာသင်ယူသူများအဖြစ် ကိုယ်ရောစိတ်ပါ အပင်ပန်းခံကာ ကိုယ်တိုင်တတ်ကျွမ်းသည်ထိ ဦးစွာသင်ယူကြရပါသည်။ ဆရာကိုယ်တိုင် မျက်စိကိုဖွင့် နားကိုစွင့်ကာ နေ့စဉ်တိုးတက်ဖြစ်ပေါ်နေသော ပညာရပ်များကို စာကြည့်တိုက်၊ အင်တာနက်နှင့် အိုင်တီနည်းပညာများကို အသုံးပြုကာ စဉ်ဆက်မပြတ် တက်ကြွစွာ သင်ယူလျက် တပည့်များအား ခေတ်ပေါ်ပညာရပ်များကို သင်ကြားပေးနိုင်ရေးအတွက် အစဉ်အမြဲကြိုးပမ်းအားထုတ်ကြရပါသည်။

မိမိနည်းတူ ပညာရပ်မှာ မွေ့လျော်အောင် တပည့်များအား လေ့ကျင့်သင်ကြားပေးကြရပါသည်။ မျက်မှောက်ခေတ်ဆရာများသည် မိမိပညာရပ်အတွက် အထောက်အကူပြုစေသည့် ဘာသာစကားများ တတ်ကျွမ်းအောင် သင်ယူနေကြရပါသည်။ တပည့်များကို ထိရောက်အောင်မြင်စွာ သင်ကြားနိုင်ရေးအတွက် သင်ခန်းစာများ၊ သင်ပြနည်းများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူများကို အစဉ်အမြဲဆန်းသစ်ပြုပြင်နေကြရပါသည်။

သို့မှသာ သာမန်သင်ကြားနေရာမှ နည်းပညာသုံးပညာသင်ကြားရေးသို့ အဆင့်မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

**“ယနေ့လူငယ်၊ နောင်ဝယ်လူကြီး”** ဆိုရမည့် ကျောင်းသား၊ ကျောင်းသူများကို အနာဂတ်တွင် ပညာစွမ်း၊ သတ္တိစွမ်း၊ စိတ်ဓာတ်စွမ်းတို့ဖြင့် ဘဝခရီးကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် လေ့ကျင့်သင်ကြား ပေးသွားကြရမည်ဖြစ်ပါသည်။

အတတ်ပညာ၊ အသိပညာများဖြင့်သာ မိသားစုဘဝ ၊ လူမှုဘဝများကို မြှင့်တင်နိုင်သည်ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်၊ လူ့အဖွဲ့အစည်း တစ်ခုသည်လည်း ပညာဖြင့်သာ မြင့်မားတိုးတက်လာစေမည်ဖြစ်ပါသည်။ ထို့ကြောင့် အရည်အချင်းပြည့်ဝသော ဆရာများက ဦးဆောင်နိုင်မှသာ သာယာလှပသောကမ္ဘာကြီးကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဆရာများသည် **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ”** ဆိုတဲ့ ဆရာကျင့်ဝတ်များနဲ့အညီ မိမိတို့ရဲ့တပည့်များကို ဘေးရန်အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးအောင် နည်းမှန်လမ်းမှန်ညွှန်ပြရန်၊ မျိုးဆက်သစ်လူငယ်များ အနာဂတ်ကမ္ဘာ့စိန်ခေါ်မှုများကို ရဲရဲရင့်ရင့် ရင်ဆိုင်ကျော်ဖြတ်နိုင်ရေးအတွက် သင်ကြားရန်၊ အသိမှန် အလုပ်မှန် အကျင့်မှန်ဖြစ်ရေးအတွက် ဦးဆောင်ကြရန်၊ မြန်မာ့ပညာရေး ကမ္ဘာ့အဆင့်နှင့်အညီ ခေတ်မီတိုးတက်စေရန်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် ပညာရေးဖြင့် အထောက်အကူပြုရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဤကမ္ဘာ့ဆရာများနေ့ နေ့ထူးနေ့မြတ်အချိန်အခါသမယ၌ အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

○ နိုင်ငံရေးမှ

## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများသို့ ချေးငွေများ ထုတ်ပေးထားမှု၊ သင်တန်းများ ကဏ္ဍအလိုက်ဖွင့်လှစ်လျက်ရှိမှု၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ခေတ်မီစက်ကိရိယာများ သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိမှု၊ ဈေးကွက်ရရှိရေးအတွက် ထုတ်ကုန်ပြပွဲများ ကျင်းပရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ခရိုင် စိုက်ပျိုးရေးသွင်းအားစု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ ပြည်ခရိုင် ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ထက်ပိုင်နှင့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းရှင်များ ဖြစ်ကြသည့် ဦးလင်းအောင်ထွေး၊ ဒေါက်တာနေလင်းအောင်၊ ဦးရဲလင်းဦးနှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက စိုက်ပျိုးရေးတောင်သူများသို့ စိုက်ပျိုးရေး သွင်းအားစုများ ရောင်းချဖြန့်ဖြူးပေးလျက်ရှိမှု၊ အဓိကသွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာရရှိရေး ဆောင်ရွက်ပေးရန်လိုအပ်မှု၊ ဆန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိမှု၊ စပါးစိုက်ပျိုးရေးအတွက် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးရန် လိုအပ်မှု၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများရှိခြင်းကြောင့် ပြည်ပခရီးသွားများ ဝင်ရောက်သည့် ဒေသဖြစ်ပြီး ယခင်က ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းမြင့်မားသည့် ကာလအတွင်း ခရီးသွားလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်ခဲ့မှု၊ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာချိန်တွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမှု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးမှုများနှင့် ဖြေလျှော့မှုများ ဆောင်ရွက်ပေးရန် လိုအပ်မှု၊ အထင်ကရနေရာများရှိ လမ်းညွှန်ဆိုင်းဘုတ်များကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ထင်ထင်ရှားရှား တပ်ဆင်ပေးရန်လိုအပ်မှု၊ ကိုဗစ်ကာလအတွင်း ချေးငွေရယူထားသည့် MSME လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရမည့် ကာလအား တိုးမြှင့်သတ်မှတ်ပေးစေလိုမှုနှင့် ရင်းနှီးမြှုပ်နှံငွေများ ဆက်လက်ဆောင်ရွက်ပေးစေလိုမှု၊ ဆီထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဆီထွက်သီးနှံများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ဆီများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများလိုအပ်မှု၊ နိုင်ငံတော်မှ ဆီထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေး ဆောင်ရွက်နေခြင်းအတွက် ဆီလုပ်ငန်းရှင်များအနေဖြင့် ကျေးဇူးတင်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရန်လိုအပ်မှုနှင့် စက်သုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရန်လိုအပ်မှု၊ သံထုတ်လုပ်မှုအတွက် သတ္တုကုန်ကြမ်းများနှင့် အခြားဆက်စပ်ပစ္စည်းများကို နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးစေလိုမှု၊ အရည်အသွေးပြည့်မီသည့် သံများထုတ်လုပ်နိုင်ရေး နည်းပညာများ မျှဝေပေးရန်လိုအပ်မှု၊ ပန်းပုလုပ်ငန်းများအတွက် ကုန်ကြမ်းများ လိုအပ်လျက်ရှိသဖြင့် ထုတ်လုပ်မှုများ အခက်အခဲ ဖြစ်ပေါ်လျက်ရှိမှုတို့နှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

### လုပ်ငန်းရှင်တစ်ဦးချင်း၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြည့်စွက်ဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တစ်ဦးချင်း တင်ပြချက်များနှင့် ပတ်သက်၍ ပြန်လည်ဖြည့်စွက်ရှင်းလင်း ဆွေးနွေးရာတွင် ခရီးသွားကဏ္ဍကို မိမိအနေဖြင့် အားပေးပြီး ပြည်ဒေသတွင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများနှင့် ထင်ရှားသည့် ဘုရားများစွာတည်ရှိကြောင်း၊ ရထားခရီးဖြင့် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားလမ်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် လျှပ်စစ်ဓာတ်အားအသုံးပြုသည့် ရထားများ ပြေးဆွဲနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်း အထောက်အကူပြုရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဒေသသန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ကမ္ဘာလှည့်ခရီးသွားများ နေထိုင်ရန်သင့်တော်သည့် တည်းခိုနေရာနှင့် ခေတ္တအနားယူသည့် နေရာများကို စနစ်တကျတည်ဆောက်ရန်လိုကြောင်း၊ အစားအသောက်များကိုလည်း ယခုထက်ပိုမိုသန့်ရှင်းသပ်ရပ် ကောင်းမွန်အောင် ဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန် ဒေသခံများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရုရှားနိုင်ငံမှ ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေး ဒေသအလိုက် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းညွှန်အမှတ်အသားများ ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနများက စနစ်တကျ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလ ရင်းနှီးမြှုပ်နှံမှု ချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် အချိန်ကာလ ထပ်မံတိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ရင်းနှီးမတည်ငွေများလည်း ထပ်မံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကိုစနစ်တကျပြုပြင်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရန်၊ အောင်ရေရရှိရန်နှင့် စိုက်ပျိုးရေးစနစ်များ မှန်ကန်ရန်လိုကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ပုဂ္ဂလိကစီးပွားရေးကို အားပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် တောင်သူများကို နိုင်ငံတော်မှ ပံ့ပိုးကူညီခြင်းများရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကိုယ်တိုင်ကလည်း စနစ်တကျဖြင့် စိုက်ပျိုးကြရန်လိုကြောင်း၊ ဒေသတစ်ခုချင်းအလိုက် ကောင်းမွန်သည့် မျိုးများရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စားသုံးဆီများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရန်အတွက် ခေတ်မီစက်ကိရိယာများ လိုအပ်ကြောင်း၊ နိုင်ငံတော်မှ ဆီထုတ်လုပ်ရေးလုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်သုံးဆီများကို အဓိကအားဖြင့် ပြည်ပမှ တင်သွင်းနေရပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ အချိန်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်မည့် အလားအလာများရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုသည့် စက်သုံးဆီနှင့် စက်မှုလုပ်ငန်းသုံး စက်သုံးဆီများရှိကြောင်း၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဓာတ်ငွေ့ထုတ်ယူရရှိနိုင်သည့် နေရာလည်း တွေ့ရှိထားပြီဖြစ်ပြီး နောင်လာမည့် သုံးနှစ်ခန့်အတွင်း ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုနိုင်သည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ရန်အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သံထုတ်လုပ်မှုအတွက် လိုအပ်သည့် သတ္တုကုန်ကြမ်းများကို သတ္တုသိုက်ရှိသည့် နေရာများတွင် ပုဂ္ဂလိကလုပ်ငန်းများကို လုပ်ပိုင်ခွင့် ပေးထားပြီးဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသည့် သံများ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ နည်းပညာများ မျှဝေပေးသွားမည်ဖြစ်ကြောင်း၊ ပန်းပုထုလုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်းများရရှိရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း ပြန်လည်ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦးတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကိုဗစ်-၁၉ ကာလ ချေးငွေများနှင့်ပတ်သက်၍ နိုင်ငံတော်မှ သင့်တော်သည့် ဖြေလျှော့ပေးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးများကိုလည်း ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ နိုင်ငံတော်မှ ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် အမြောက်အမြား ထုတ်ပေးထားပြီးဖြစ်သဖြင့် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ပြီး နိုင်ငံတော်၏ ငွေကြေးလည်ပတ်မှု ကောင်းမွန်စေရေးအတွက်လည်း လုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ နိုင်ငံတော်မှ ချမှတ်ပေးထားသည့် စီးပွားရေး မူဝါဒများ အတိုင်းလိုက်နာ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိစေမည့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နယ်မြေအလိုက် ရုံးများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေးပြည့်မီသည့် သွင်းအားစုများ တောင်သူများ လက်ဝယ်သို့ ရောက်ရှိရေး၊ ထုတ်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် အကျိုးတူလယ်ယာစနစ်ကို ဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးရေးအတွက် သွင်းအားစုများ ပြည်ပမှ ဈေးနှုန်းသက်သာစွာ တင်သွင်းရရှိရေး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်း၌လည်း ဇီဝမြေဩဇာများကို ထုတ်လုပ်လျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များကို သုတေသနပြုထုတ်လုပ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖြန့်ဝေပေးလျက်ရှိမှုနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းများ ပေါ်ထွက်လာရေး ဖိတ်ခေါ်လိုမှု၊ ကျေးရွာနေပြည်သူလူထု ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများအစုအဖွဲ့များဖွဲ့၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိမှု၊ သတ္တု၊ သံရည်ကျိုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလိုအပ်ချက်များနှင့် ကုန်ကြမ်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်မှု၊

စာမျက်နှာ ၅ သို့ ○

**"စက်သုံးဆီများကို အဓိကအားဖြင့် ပြည်ပမှ တင်သွင်းနေရပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီအချိန်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်မည့် အလားအလာများရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုသည့် စက်သုံးဆီနှင့် စက်မှုလုပ်ငန်းသုံး စက်သုံးဆီများရှိကြောင်း၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဓာတ်ငွေ့ထုတ်ယူရရှိနိုင်သည့်နေရာလည်း တွေ့ရှိထားပြီဖြစ်ပြီး နောင်လာမည့် သုံးနှစ်ခန့်အတွင်း ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုနိုင်သည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ရန်အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ"**

○ စာမျက်နှာ ၄ မှ

ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးဆီထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှု၊ ယခုနှစ်သည် စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ များစွာရှိသည့်အတွက် ရေခံ၊ မြေခံကောင်းပိုင်ဆိုင်ထားသည့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှုစသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

**နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရမှုနှင့် အခက်အခဲမျိုးစုံကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ရင်ဆိုင်ဖြတ်ကျော်ခဲ့မှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြည်မြို့သို့ ရောက်ရှိခြင်းဖြစ်ပြီး ခရိုင်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိက စီးပွားရေးမောင်းနှင်အားတစ်ခုပင် ဖြစ်ကြောင်း၊ အခြားဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း MSME လုပ်ငန်းများကို ရာခိုင်နှုန်းများစွာဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ယခင်ကတည်းက အားပေးဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးအခြေအနေများကြောင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သောကြောင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီ ကာလများကတည်းက မိမိအနေဖြင့် သတိပေးပြောဆိုမှုများပြုလုပ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့်ကာလသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလဖြစ်သည့်အတွက် ပြည်သူများ၏ ကျန်းမာရေးအခြေအနေဆိုးရွားမှုမရှိစေရေး ရွေးကောက်ပွဲကျင်းပမှုကို ရွှေ့ဆိုင်းပေးရန် အစိုးရခေါင်းဆောင်များကို တောင်းဆိုခဲ့သော်လည်း ရွှေ့ဆိုင်းပေးခဲ့ခြင်းမရှိကြောင်း၊ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲ ကျင်းပပြီး မဲစာရင်းများ ထုတ်ပြန်ခဲ့သည့်ကာလတို့တွင် အုပ်ချုပ်သူအစိုးရ၏ မဲအသာရရှိရေး မရိုးမသားဆောင်ရွက်ခဲ့မှုများ၊ မဲမသမာမှုများကြောင့် ဆူပူဆန္ဒပြမှုများ၊ နိုင်ငံရေးပဋိပက္ခများ၊ ထိုမှတစ်ဆင့် လက်နက်ကိုင် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲမဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာအစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲသာမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းရာတွင်လည်း စစ်ဘက်၊ အရပ်ဘက် မျှတစွာဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲမဲမသမာမှု၏ နောက်ဆက်တွဲ နိုင်ငံရေးပြဿနာများကြောင့် ပြည်တွင်းစီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့်လည်း စီးပွားရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၊ စီးပွားရေးကျဆင်းမှုနှင့် အကြမ်းဖက်မှုများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့မှုများဖြင့် ကျော်လွှားနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယခု အခြေအနေသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်သည့်အတွက် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် စည်းကမ်းစနစ်ကျနပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နိုင်ငံရေးနှင့် စီးပွားရေး**

နိုင်ငံရေးနှင့် စီးပွားရေးသည် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှုမရှိပါက နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုလည်း ရှိမည်မဟုတ်ကြောင်း၊ စီးပွားရေးကျဆင်းမှုများကြောင့်လည်း နိုင်ငံရေးပြဿနာများဖြစ်ပေါ်နိုင်သဖြင့် စီးပွားရေးကောင်းမွန်တိုးတက်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့သည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိကိုယ်ကိုသာ အားကိုးဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ မူဝါဒပိုင်းကိုသာ ထိန်းသိမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်ခရိုင်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆန်၊ စပါး၊ အသီးအနှံများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများကို အခြေခံ၍ နိုင်ငံ့စီးပွားတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့် အခွန်ရှောင်မှုများနှင့် ပြည့်ဝစွာ မပေးဆောင်သူများလည်းရှိကြောင်း၊ နိုင်ငံ၏ဝင်ငွေမှာ ပြည်သူများထံမှ ရရှိသည့်အခွန်ငွေနှင့် ကုန်သွယ်မှုများမှ ရရှိသည့်အခွန်ငွေများ ပင်ဖြစ်ကြောင်း၊ None Trade လုပ်ငန်းများမှလည်း နိုင်ငံခြားဝင်ငွေရရှိပြီး အဆိုပါ ရရှိသည့်အခွန်ငွေများမှ ဘတ်ဂျက်ရေးဆွဲ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုနှင့် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ လိုအပ်မှု**

ကုန်ထုတ်လုပ်မှု ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းတို့ လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်း လည်ပတ်ရန်အတွက် ကုန်ထုတ်လုပ်မှုများ မဖြစ်မနေလိုအပ်သကဲ့သို့ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကုန်ကြမ်းသည်လည်း မဖြစ်မနေ လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများမှ ကုန်ကြမ်းပစ္စည်းများ များစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ တိရစ္ဆာန်အစားအစာ၊ စက်သုံးဆီ၊ လျှပ်စစ်နှင့် အခြားသွင်းအားစုများလည်း လိုအပ်ကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများရရှိရေး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်သကဲ့သို့ ပိုက်ဆံလျှော်များ စိုက်ပျိုး၍လည်း သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ နို့စားနွားများကို စနစ်တကျမွေးမြူခြင်းဖြင့်လည်း နို့ထွက်ပစ္စည်းကိုအခြေခံသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ကြောင်း၊ ဒေသထွက်ပစ္စည်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုတွင် မွေးမြူရေးလုပ်ငန်းကို အခြေခံပြီး ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ဒေသတွင်းတွင်သာမက ပြင်ပသို့လည်း တင်ပို့ရောင်းချခြင်းဖြင့် စီးပွားရေး ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

စားသုံးဆီများ ထုတ်လုပ်ရာတွင်လည်း ဆီထုတ်လုပ်မှုများကို ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများကို အသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဆီများထုတ်လုပ်ပြီး စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရင်းအနှီးလိုအပ်သည့်အတွက် မိမိတို့တတ်နိုင်သည့် ပမာဏပေါ်တွင်သာ အခြေတည်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တတ်နိုင်သမျှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ပြန်လည်ဦးမော့လာပြီဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်ပေါ်ပါက ချေးငွေများ ထုတ်ချေးနိုင်ရေး နိုင်ငံတော်မှဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် အရည်အချင်းရှိသည့် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းအရ ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံပညာ အားနည်းသူများရှိကြောင်း၊ အဆိုပါ ပညာရေးအားနည်းသူများကို အခြေခံလုပ်ငန်းများသာ သင်ကြားပေးနိုင်ကြောင်း၊ မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ ပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက်ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းခွင်သင်တန်းများကို တတ်နိုင်သမျှ ဖွင့်လှစ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

**တစ်ဦးချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှ ဒေသနှင့် တိုင်းပြည်သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်**

ထုတ်ကုန်များ ထုတ်လုပ်ရာတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် ကုန်ပစ္စည်းပြပွဲများကျင်းပရန် လိုသကဲ့သို့ သုံးစွဲသူများသိရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံမှစ၍ ခိုင်မာအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် အရေအတွက်များများကို အမြတ်နည်းနည်းဖြင့် ရောင်းချနိုင်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါကလည်း အရည်အသွေး ပိုမိုကောင်းမွန်ရန်လိုကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် လုပ်ငန်းများ အဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံကောင်းများဖြစ်သည့် မြေနှင့် ရေကို အကျိုးရှိစွာအသုံးချ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဧရာဝတီမြစ်မှ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံးပြီး ဆောင်ရွက်၍ရကြောင်း၊ သီးထပ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ အမှန်တကယ် အလုပ်လုပ်ပါက လက်တွေ့အကျိုးဖြစ်ထွန်းလာပြီး တစ်ဦးချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှ ဒေသနှင့် တိုင်းပြည်သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ရရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့်စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ မြန်မာ့ရိုးရာ လက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

# ဦးသန့်၏ အက်စ်ကျူမှုသည် ငြိမ်းချမ်းမှုကိုဖော်ဆောင်သည့် ပညာရေးဆီသို့

## ဒေါက်တာမောင်သင်း

**"ဦးသန့်၏ ကျေးဇူးတရားများကို ကမ္ဘာသူကမ္ဘာသားများ ဆပ်၍ ကုန်နိုင်ဖွယ်မရှိပါ။"**

**ဂျွန်အက်ဖ်ကနေဒီ**
**အမေရိကန်သမ္မတ**

ယနေ့ကျွန်တော်တို့၏ ပြောင်းလဲလိုသည့်ပညာရေးမှ နိုင်ငံသားများကို အဓိကထား လေ့ကျင့်ပေးရမည့်အချက်များတွင် **"လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာမှုကို မြတ်နိုးတည်ဆောက်သူ နိုင်ငံသားများ"** ပေါ်ထွန်းလာရေးပင်ဖြစ်ပါသည်။ ထိုသို့ပေါ်ထွန်းလာစေရန်အတွက် အောက်ပါဉာဏ်ရည်များ လူတစ်ဦးချင်းဆီတွင် ထက်မြက် မြင့်မားလာအောင် ပညာရေးက လေ့ကျင့်ပေးရပါမည်။ ယင်းတို့မှာ-

(က) ဉာဏ်ပညာထက်မြက်သူ (IQ = Intelligence Quotient)
(ခ) စိတ်ခံစားမြင့်မားသူ (EQ = Emotional Quotient)
(ဂ) ကိုယ်ခန္ဓာကျန်းမာသန်စွမ်းသူ (PQ = Physical Quotient)
(ဃ) ယဉ်ကျေးမှုအဖုံဖုံကို နားလည်တန်ဖိုးထားသူ (CQ = Cultural Quotient)
(င) ဘာသာတရားကို မြတ်နိုးလေးစားတန်ဖိုးထားသူ (SQ = Spiritual Quotient) တို့ဖြစ်ပါသည်။ သို့မှသာ လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာဖွံ့ဖြိုးမှုကို မြတ်နိုးတည်ဆောက်ကြမည့် ပြည့်ဝနိုင်ငံသားများနှင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းများ ဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

**(က) ဉာဏ်ပညာထက်မြက်သူ (IQ)**

၂၀ ရာစုအစတွင် လူ့အဖွဲ့အစည်း၏တိုးတက်မှုကို ဉာဏ်ပညာထက်မြက်သူတို့ကသာ ဦးဆောင်ခဲ့သည်ဟု အမြင်ရှိခဲ့ကြပါသည်။ လူတစ်ဦး၏အောင်မြင်မှုသည် **"ဉာဏ်ပညာထက်မြက်မှု"** နှင့်သာဆိုင်သည်ဟု ခံယူကျင့်သုံးခဲ့ကြပါသည်။ သို့ပါ၍ ပညာရေးအနေဖြင့် ကလေးများ၏ ဉာဏ်ပညာထက်မြက်မှုကို အလေးပေးလေ့ကျင့်ပေးခဲ့ကြပါသည်။ သို့သော် ကျောင်းတွင်းစာတော်သူ၊ ကျောင်းစာအမှတ်များသူ၊ ဉာဏ်ကောင်းသူ၊ ထက်မြက်သူအားလုံး အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်ခြင်းမရှိခဲ့ကြကြောင်း သုတေသနများအရ တွေ့ရှိလာရပေသည်။

ဆိုလိုသည်မှာ ဘဝအောင်မြင်ရေးလမ်းကြောင်းမှ တဖြုတ်ဖြုတ်ဖယ်ခွာသွားရပါသည်။ **"တော်သလောက် မကောင်းလျှင် အကြောင်းမလှသူ"** တို့၏အကြောင်းများသည် သမိုင်းမှတ်တမ်းမှာရော ယနေ့ကျွန်တော်တို့၏ပတ်ဝန်းကျင်မှာပါ အများအပြားရှိနေပါသည်။ **"တော်"** ဆိုသူတို့၏ဘဝခရီးမှာ **"လျှော်"** သူများ ဖြစ်ကုန်ကြပါသည်။ မြန်မာ့သမိုင်းတွင် နတ်သျှင်နောင်သည် စစ်ရေးရော၊ စာပေရေးရာ (သူရေးခဲ့သည့် ရတုများသည် မြန်မာ့စာပေလောကတွင် ထင်ရှားခဲ့၏။) မှာ အလွန်တော်လွန်းသည့် ဘုရင်တစ်ပါးဖြစ်ခဲ့သော်လည်း စိတ်ခံစားရေးရာမကောင်း၍ ဇာတ်သိမ်းမလှခဲ့ပါ။ ပညာရေးသည် တော်သလောက် စိတ်ထားမြင့်မြတ်သူများ မွေးထုတ်ပေးရန် ဖြစ်ပါသည်။ ထို့ကြောင့် နောက်ထပ် **"ကျူ"** တစ်ခုထပ်တိုးလာပါသည်။ ထိုသည်မှာ-

**(ခ) စိတ်ခံစားမြင့်မားသူ (EQ)**

ဉာဏ်ပညာထက်မြက်သူများသည် မာန်မာနကင်းမှု၊ သည်းခံမှု၊ စိတ်ရှည်မှု၊ စာနာမှု၊ အခြားသူအပေါ် နားလည်မှု၊ စေတနာထားမှုဆိုသည့် စိတ်ခံစားရေးရာမြင့်မားမှုများကို ပိုင်ဆိုင်မှသာ **"အောင်မြင်မှုသရဖူကို ရရှိနိုင်ပြီး ဆက်လက်ထိန်းနိုင်သူဘဝ"** ဆီသို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ဉာဏ်ပညာထူးချွန်သူများမှာ အတ္တ၊ မာန၊ စိတ်တိုမှု၊ သည်းမခံနိုင်မှု၊ ကိုယ်ချင်းစာနာမှုများ ကင်းမဲ့ခဲ့ပြီး ငါနှင့်ငါသာ နှိုင်းစရာဆိုသည့် မာနများရှိခဲ့မည်ဆိုလျှင် မိမိ၏ဘဝနှင့် မိမိပါဝင်ရာ လုပ်ငန်းခွင်တွင် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်စွမ်းရှိသူအဖြစ် ရပ်တည်နိုင်လိမ့်မည်မဟုတ်ပါ။

သို့ပါ၍ **"စိတ်ကောင်းရှိဖို့ ပထမ"**၊ **"စာတတ်ဖို့က ဒသမ"** ဟု မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက သူ၏ကျောင်းမှာ **"မူ"** ချမှတ်ထားပါသည်။ ပညာတတ်၊ တော်ရုံမျှနှင့် မပြီးသေးကြောင်း၊ စိတ်ခံစားကို **"ပဲ့ထိန်း"** နိုင်ဖို့ လိုအပ်ကြောင်းကိုပါ ပြဆိုထားခြင်းဖြစ်ပါသည်။ ပဲ့ထိန်းကတော့ **"ကောင်းမွန်တဲ့စိတ်ခံစား"** ကို ပိုင်ဆိုင်နိုင်ရန်သာဖြစ်ပါသည်။ ပဲ့ထိန်းမပါခဲ့လျှင် လမ်းချော်ပြီး လိုရာခရီးဆီသို့ ရွက်မလွှင့်နိုင်တော့သည်မို့ ပညာရေးသည် EQ မြင့်အောင် လေ့ကျင့်ပေးရန်လည်း မဖြစ်မနေလိုအပ်ပါသည်။

**(ဂ) ကိုယ်ခန္ဓာကျန်းမာသန်စွမ်းသူ (PQ)**

ဉာဏ်ပညာထက်မြက်ပြီး စိတ်ထားတည်ငြိမ်ရင့်ကျက်မှုနှင့် ပြည့်စုံသော်လည်း စိတ်ရောကိုယ်ပါ ကျန်းမာမှုမရှိလျှင်လည်း မိမိအကျိုး၊ လူ့အဖွဲ့အစည်း၏ဖွံ့ဖြိုးမှုနှင့် ပညာရပ်၏အကျိုးကို ဆောင်ရွက်နိုင်သူများဖြစ်မလာနိုင်ပါ။ သို့ပါ၍ ကိုယ်စိတ်နှစ်ပါးကျန်းမာရေးအတွက် ပညာရေးသင်ရိုးညွှန်းတမ်းများရေးဆွဲပြီး ပါဝင်လေ့ကျင့်နိုင်ရပါလိမ့်မည်။

ပညာရေးစိတ်ပညာရှင်တို့၏ လေ့လာတွေ့ရှိချက်အရ အတန်းထဲတွင် စာမလိုက်နိုင်သူ၊ အမြဲပုံမှန်ငိုင်နေတတ်သူ၊ မကြာခဏ နေမကောင်းဖြစ်တတ်သူ၊ ကယောင်ကတမ်းဖြေတတ်သူ၊ မသင့်လျော်သည့်မေးခွန်းများ ပြန်ထုတ်တတ်သူ စသည့်ကလေးများကို စာသင်ခန်းမှထုတ်ပြီး ကစားကွင်းသို့ခေါ်၍ ကစားစေခြင်း၊ မိမိနှစ်သက်ရာ အားကစားတစ်ခုခုကို လုပ်ခိုင်းစေသောအခါ ငိုင်တိုင်တိုင်၊ အူတူတူ၊ မကြာခဏ ဖျားနာတတ်သူ၊ စာမလိုက်နိုင်သူများသည် စာတော်၍ ကျန်းမာရွှင်လန်းတက်ကြွပြီး အတန်းကို ဦးဆောင်လာနိုင်ကြသည် အထိ ပြောင်းလဲလာကြပေသည်။

သို့ပါ၍ ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းသူများဖြစ်အောင် လေ့ကျင့်ပေးရန်လိုသဖြင့် PQ သည် အရေးကြီးကြောင်းကို ယနေ့ပညာရေးက သင်ရိုးညွှန်းတမ်းတွင် အားကစားအချိန်ကို ထည့်သွင်းလေ့ကျင့်ပေးနေကြခြင်း ဖြစ်ပါသည်။

**(ဃ) ယဉ်ကျေးမှုအဖုံဖုံကို နားလည်တန်ဖိုးထားတတ်သူ (CQ)**

လူမျိုးပေါင်းများစွာနေထိုင်သည့် ကမ္ဘာကြီးတွင် ယဉ်ကျေးမှုလည်း စုံလင်လှပါသည်။ မြန်မာနိုင်ငံတွင်ပင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးကျော်ရှိသဖြင့် မိမိနေထိုင်ရာ ရေ၊ မြေ၊ တောတောင်တို့အပေါ် မှီတည်၍ နေထိုင်မှုဓလေ့များ ကွဲပြားပြီး လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုလည်း စုံလင်လှပါသည်။ ဤသို့မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုကို လူတစ်ဦးချင်းစီက နားလည်လက်ခံနိုင်သည့် ဉာဏ်ရည်သည် CQ ပင်ဖြစ်ပါသည်။

CQ မြင့်မားသူသည် မိမိလူမျိုးတို့၏ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသလို မတူညီသည့် ယဉ်ကျေးမှုအဖုံဖုံကိုလည်း လက်ခံနိုင်စွမ်းရှိကာ လေးစားတတ်သူများပင်ဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာတိုင်းရင်းသားများအနေဖြင့် ကရင်တိုင်းရင်းသားများ၏ တာလပေါဟင်း၏အရသာကို ခံစားနိုင်သလို ရှမ်းတိုင်းရင်းသားတို့၏ ပဲပုပ်၊ ခေါပုတ်တို့၏ သင်းပျံ့ပျံ့ရနံ့၊ အရသာကိုလည်း ကြည်နူးပျော်ရွှင်စွာ ခံစားနိုင်ရပါမည်။ ထို့အတူ အာရှနိုင်ငံသားများထဲမှ တရုတ်လူမျိုးများ တူနှင့်စားသုံးတတ်သည်ကို ဇွန်းခရင်းနှင့်စားသည့် ဥရောပသားများက နားလည်လက်ခံနိုင်စွမ်းရှိရသလို လက်ဖြင့်စားသည့် မြန်မာနှင့် အိန္ဒိယသားတို့ကိုလည်း တူနှင့်ဇွန်းခရင်းဖြင့် စားသူများကလည်း နားလည်သဘောပေါက်လက်ခံကြရပါလိမ့်မည်။

ဤသို့ ယဉ်ကျေးမှုအမျိုးမျိုးကွဲပြားခြားနားမှုများကို နားလည်ပြီး လက်ခံနိုင်စွမ်းရှိခြင်းသည်ပင် ယဉ်ကျေးမှုဆိုင်ရာဉာဏ်ရည် (CQ) မြင့်မားခြင်းဖြစ်ပါသည်။

**(င) ဘာသာတရားကို လေးစားတန်ဖိုးထားသူ (SQ)**

လူသားတစ်ဦးသည် မိမိကိုးကွယ်ရာဘာသာတရားကို ယုံကြည်ခြင်း၊ ဘာသာတရား၏ အဆုံးအမများကို လေးစားလိုက်နာကျင့်ကြံသကဲ့သို့ အခြားဘာသာတရားများကိုလည်း အထင်အမြင်သေးခြင်းကင်းဝေးကာ မိမိဘာသာတရားအတိုင်း လေးစားတန်ဖိုးထားခြင်း၊ အသိအမှတ်ပြုခြင်း ဉာဏ်ရည်ပင်ဖြစ်ပါသည်။ ဤတွင် မိမိယုံကြည်ရာဘာသာတရား၏ ကောင်းမွန်သည့်အဆုံးအမများနှင့် အကျင့်များကို မိမိ၏ နေ့စဉ်လူမှုဘဝတွင် လိုက်နာကျင့်သုံး၍ မိမိနှင့်လူမှုပတ်ဝန်းကျင်၏ သာယာအေးချမ်းမှု၊ ငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်သည့် ဉာဏ်ရည်ကို ပိုင်ဆိုင်သူဖြစ်ပါသည်။ တကယ်တော့ SQ သည် ငြိမ်းချမ်းမှုကို ဖျက်ဆီးမည့် အစွန်းရောက်တရားများကို ဖယ်ရှားနိုင်သည့် ရင့်ကျက်မှုပြည့်ဝသော ဉာဏ်ရည်မျိုးပင်ဖြစ်ပါသည်။

ဘာသာတရားကို လေးစားတန်ဖိုးထားသည့် (SQ) ဉာဏ်ရည်မြင့်မားမှုနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် (ငြိမ်း) ဦးသန့်တို့၏ ဆက်စပ်မှုကို မဆွေးနွေးမီ သူ့အကြောင်းကို အကြမ်းဖျင်းတင်ပြလိုပါသည်။

**မြန်မာ့သားကောင်းနှင့် ကမ္ဘာသားများ၏ ကျေးဇူးရှင်**

**"မြန်မာ့သားကောင်း"** ဟူသည့် ဂုဏ်ပြုစကားကို မြွက်ကြားခဲ့သူကတော့ နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်ပါ။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ကုလသမဂ္ဂအထွေထွေညီလာခံမိန့်ခွန်းတွင် ဂုဏ်ပြုပြောကြားခဲ့ခြင်းဖြစ်ပါသည်။ ၁၉၆၂ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့သည့် ကျူးဘားဒုံးပျံအရေးအခင်းကို ဦးသန့်၏ ကိုင်တွယ်ဖြေရှင်းမှု ပြောင်မြောက်ခဲ့သဖြင့် တတိယကမ္ဘာစစ်မဖြစ်ခဲ့ပါ။ ဖြစ်ခဲ့လျှင် နျူကလီးယားစစ်ပွဲဖြစ်နိုင်ပါသည်။

နျူကလီးယားစစ်ပွဲဖြစ်ပွားလျှင် ဆိုဗီယက်နှင့် အမေရိကန်နှစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးသေကျေပျက်စီးကြမည်။ မည်သည့်နိုင်ငံကမျှ စစ်ပွဲကိုနိုင်လိမ့်မည်မဟုတ်ဘဲ သေခြင်းတရားကသာ အနိုင်ယူသွားပေလိမ့်မည်။ ကမ္ဘာ့လူသားများ ဟီရိုရှီးမားနှင့် နာဂါဆာကီကဲ့သို့ နျူကလီးယားကြောင့် သေဆုံးမှုမျိုးနှင့် ဝေးကွာသွားအောင် တစ်နည်းအားဖြင့် စစ်ပွဲကင်းစင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်မြဲနေအောင် မြန်မာ့သားကောင်း ဦးသန့်က စွမ်းဆောင်နိုင်ခဲ့၍ အမေရိကန်သမ္မတ ကနေဒီနှင့် ဆိုဗီယက်ခေါင်းဆောင် ခရုရှက်တို့က ချီးမွမ်းခဲ့ကြပါသည်။ ထိုစဉ်က အမေရိကန်သမ္မတက ဆောင်းပါးအစတွင် ဖော်ညွှန်းထားသကဲ့သို့ **"ဦးသန့်၏ ကျေးဇူးတရားများကို ကမ္ဘာသူကမ္ဘာသားများ ဆပ်လို့ကုန်နိုင်ဖွယ်မရှိပါ။"** ဟုချီးမွမ်းခဲ့ခြင်းဖြစ်ပေသည်။ ကမ္ဘာ့လူသားများ၏ အသက်ပေါင်းများစွာကို ကယ်တင်ခဲ့သည့် ငြိမ်းချမ်းရေးစွမ်းဆောင်ရှင်ဖြစ်၍သာ **"ကမ္ဘာသူ ကမ္ဘာသားများ၏ အသက်သခင် ကျေးဇူးရှင်"** အဖြစ် ချီးမွမ်းခံခဲ့ရခြင်းဖြစ်ပေသည်။

ဦးသန့်သည် တကယ်တော့ ဘွဲ့မရရှိခဲ့ပါ။ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ ဇာတိဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်တက်နေရင်း ကျောင်းထွက်ကာ မွေးရပ်မြေတွင် အမျိုးသားကျောင်းအုပ်ဆရာကြီးအဖြစ် ပြန်လည်ထမ်းဆောင်ခဲ့ပါသည်။ ကျောင်းအုပ်ကြီးဘဝတွင် ပြောကြားခဲ့သည့် ထင်ရှားသောပြောကြားချက်မှာ **"ကျုပ် ကျောင်းက လူဆိုး၊ သူခိုး တစ်ယောက်မျှ မထွက်စေရဘူး။ အာမခံတယ်"** ဟူသည့် စကားပင်ဖြစ်ပါသည်။ ပြုစုခဲ့သည့်စာအုပ်များမှာ **"ကျောင်းတွင်း ဒီမိုကရေစီ"**၊ **"ဗမာသစ်နှင့် ပညာသစ်"** နှင့် **"ပြည်တော်သာခရီး"** တို့ပင်ဖြစ်ပါသည်။

အခြားစာအုပ်များ၊ ဆောင်းပါးများကို ပြည်တွင်းမှာ ရေးခဲ့သလို ကုလသမဂ္ဂအတွေ့အကြုံကိုလည်း စာအုပ်များရေးသားခဲ့သူဖြစ်ပါသည်။ အထင်ရှားဆုံးမှာ **"View from the UN"** ဖြစ်ပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သက်တမ်း ငါးနှစ်၊ နှစ်ဆက်ပေါင်း ၁၀ နှစ် တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ သူ့လက်ထက်တွင် အထင်ရှားဆုံးအရေးအခင်းမှာ **"ကျူးဘား ဒုံးပျံ အကျပ်အတည်း"** ကိစ္စပင်ဖြစ်ပါသည်။ ဦးသန့်၏ ငြိမ်းချမ်းရေးအမြင် ပြည့်စုံစွာဖြင့် ကြားခံညှိနှိုင်းမှုအောင်မြင်ခဲ့၍ **"တတိယကမ္ဘာစစ်"** မဖြစ်ခဲ့ခြင်း ဖြစ်သည်ဟု သမိုင်းသုတေသီများက ဆိုခဲ့ကြပါသည်။

**ဦးသန့်၏ ငြိမ်းချမ်းရေးစွမ်းဆောင်မှုနှင့် SQ ဉာဏ်ရည်မြင့်မားမှု**

ဦးသန့်သည် ကုလသမဂ္ဂ၌ တာဝန်ထမ်းဆောင်နေသည့် ကာလတွင် အင်အားကြီး အုပ်စုနှစ်စုရှိပါသည်။ ဆိုဗီယက်ဦးဆောင်သည့် ကွန်မြူနစ်အရှေ့အုပ်စုနှင့် အမေရိကန်ဦးဆောင်သည့် အရင်းရှင်အနောက်အုပ်စုတို့ဖြစ်ပါသည်။ သို့သော် ဒက်ဟမ္မားရှိုးလ် မသေဆုံးမီကပင် ဆိုဗီယက်ခေါင်းဆောင် ခရုရှက်က **"ကြားနေ နိုင်ငံသာရှိပြီး ကြားနေပုဂ္ဂိုလ်မရှိဘူး"** ဟုပြောကြားခဲ့ပြီး အတွင်းရေးမှူးချုပ် သုံးဦး (အရှေ့အုပ်စုမှတစ်ဦး၊ အနောက်အုပ်စုမှတစ်ဦးနှင့် တတိယနိုင်ငံများမှ တစ်ဦး) ထားရှိရန်ပင် အဆိုပြုခဲ့ပါသည်။

> ❖ **အမျိုးသားကျောင်းအုပ်ကြီး ဦးသန့်သည် သူ၏ SQ ဉာဏ်ရည်ကို တဖြည်းဖြည်းရင့်သန်အောင်လေ့ကျင့်လာခဲ့ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်နေချိန်တွင် SQ ဉာဏ်ရည်ပြည့်ဝနေမှုက ငြိမ်းချမ်းမှုအတွက် အဂတိတရားလေးပါးကင်းဝေးစေရန်နှင့် ငြိမ်းချမ်းမှုဓမ္မဆီသို့ ဦးတည်ရန်သာ အမြဲတမ်းထိန်းညှိပေးနေမှုအား ဦးသန့်၏အောင်မြင်ရေးသော့ချက်ကို လေ့လာနေသူများက ဆောင်းပါးတစ်နေရာတွင် ဖော်ညွှန်းထားသကဲ့သို့ "မြန်မာစစ်စစ်တစ်ယောက်လို နေ့စဉ်နေထိုင်နိုင်လို့" ပါဟု ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်**
>
> ❖ **အတန်းပညာအားဖြင့် ဘွဲ့မရခဲ့သော မြန်မာ့သားကောင်း ဦးသန့်ကို အောင်မြင်သည့်ငြိမ်းချမ်းရေးခေါင်းဆောင်ကမ္ဘာ့အကြီးအကဲစာရင်းဝင်တစ်ဦးအဖြစ်သို့ တွန်းပို့ပေးခဲ့ပြီး အောင်မြင်စွာရပ်တည်နိုင်ခဲ့သည်မှာ ထိုခေတ်မြန်မာ့ပညာရေးက လေ့ကျင့်ပေးလိုက်သည့် SQ ဉာဏ်ရည်မြင့်မားမှုကြောင့်ပါဟု ကောက်ချက်ချမိ**

စာမျက်နှာ ၇ သို့ ✣

✣ စာမျက်နှာ ၆ မှ

တကယ်တော့ ဦးသန့်သည် ကြားနေသူ မဟုတ်ပါ။ ဘက်မလိုက်သူ၊ တရားမျှတသူ၊ ကမ္ဘာ့ငြိမ်းချမ်းရေး သစ္စာတရားဘက်ကသာ အမြဲရပ်တည်သူပင်ဖြစ်ပါသည်။ အုပ်စုနှစ်စု၏ ဆန့်ကျင်ဘက်သဘောထားများကို သေချာစွာလေ့လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မှန်ရာကို သဘောထားပေး၏၊ ဆုံးဖြတ်ပေး၏၊ တစ်ဖက်က မုန်းမှာ (သို့မဟုတ်) တစ်ဖက်ကချစ်မှာထက် ငြိမ်းချမ်းမှုဘက်ကိုသာ သစ္စာခံတတ်သူ၊ တစ်နည်းအားဖြင့် လူအုပ်စုထက် အမှန်တရား (သို့မဟုတ်) ငြိမ်းချမ်းမှုဓမ္မကို ဦးထိပ်ထားသူဖြစ်ပေသည်။

**"ကျူးဘားဒုံးပျံအရေးအခင်း"၊ "အာရပ် အစ္စရေးစစ်ပွဲ"၊ "အိန္ဒိယ ပါကစ္စတန်စစ်ပွဲ"၊ "ဒိုမီနီကန်အရေးအခင်းများ"** စသည့်အရေးကြီးကိစ္စများကို ဖြေရှင်းနေချိန်တွင် အလွန်ပင် စိတ်အေးချမ်းတည်ငြိမ်မှုအပြည့်ဖြင့် လုပ်ကိုင်နေသဖြင့် သူ၏ အလွန်စိတ်တည်ငြိမ်မှုရှိခြင်း၏ လျှို့ဝှက်ချက်ကို ကမ္ဘာကြီးက စိတ်ဝင်စားလာခဲ့ပါသည်။ သူ့လျှို့ ဝှက်ချက်မှာ သူကိုးကွယ်ရာ ဗုဒ္ဓဘာသာက သင်ကြားပေးအပ်လိုက်သည့် အကျင့်အတိုင်း နေ့စဉ်နေထိုင်ကျင့်ကြံခြင်းပင်ဖြစ်ပါသည်။ ဤသည်မှာ တရားထိုင်ခြင်းပင်ဖြစ်ပေသည်။ နံနက်စောစောထ၍ တရားထိုင်ပါသည်။ အတွင်းရေးမှူးချုပ် တာဝန်ယူနေစဉ်တစ်လျှောက်လုံးတွင် တစ်ခါသာ တရားထိုင်မှုပျက်ကွက်ခဲ့ဖူးကြောင်း ဦးသန့်က ဖွင့်ဟပြောဆိုခဲ့ပါသည်။

ဦးသန့်ကို အမေရိကန်နှင့် ဆိုဗီယက် နှစ်ဖွဲ့စလုံးက သဘောကျကြပါသည်။ အဘယ်ကြောင့် သဘောကျကြသလဲဆိုလျှင် ဦးသန့်၏ ဆုံးဖြတ်ချက်ဆောင်ရွက်မှုမှန်သမျှသည် မည်သည့်အဖွဲ့ဘက်ကိုမျှ မလိုက်ဘဲ ကမ္ဘာ့ငြိမ်းချမ်းရေးစံနှုန်းဆီကိုသာ ဦးတည်နေ၍ဖြစ်ပါသည်။ မိမိအား ပေးအပ်ထားသည့် ကမ္ဘာ့ငြိမ်းချမ်းရေးအား အလေးထားရန် တာဝန်နှင့် လုပ်ပိုင်ခွင့်မူဘောင်အတွင်းကသာ မှန်မှန်ကန်ကန် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဦးသန့်၏လုပ်ဆောင်ချက်မှန်သမျှမှာ အမှားနည်းသည်ကို တွေ့လာရသည့်အခါတွင် ဘာကြောင့်ပါလဲ ဆိုတာကို စောင့်ကြည့်လေ့လာခဲ့ကြပါသည်။

သူ၏ အောင်မြင်ရေးနည်းလမ်းကို လေ့လာပြီး တစ်နှစ်ခွဲအကြာမှာ ဦးသန့်၏အောင်မြင်ရေးသော့ချက်ကတော့ **"မြန်မာစစ်စစ် တစ်ယောက်လို နေ့စဉ်ကျင့်ကြံနေထိုင်လို့"** ဆိုတာ ထွက်ပေါ်လာပါသည်။ စာဖတ်သူ အသင်တို့နှင့် ကျွန်တော်တို့လည်း မြန်မာလူမျိုးများဖြစ်၍ သင်တို့ကျွန်တော်တို့၏ **"နိစ္စဓူဝဘဝ"** ကို ဘယ်လိုဖြတ်သန်းခဲ့ပါသလဲလို့ ပြန်စဉ်းစားလျှင် ထင်ထင်ရှားရှား မြင်လာပါလိမ့်မည်။ ထိုအချိန်က မြန်မာနိုင်ငံသား ၈၅ ရာခိုင်နှုန်းကျော်သည် ဗုဒ္ဓဘာသာဝင်များဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်များသည် နံနက်အရုဏ်တက်အချိန်တွင် အိပ်ရာထလေ့ရှိပြီး အလုပ်မသွားခင် ဘုရားရှိခိုးလေ့ရှိပါသည်။

ကျွန်တော်တို့ ကလေးဘဝတုန်းကလည်း ကျောင်းမသွားမီ ဘုရားရှိခိုးပြီးမှသွားရသလို ကျောင်းရောက်လျှင်လည်း ဘုရားရှိခိုးရသည်ကို မှတ်မိနေပါသည်။ ထိုသို့ မြန်မာ့ပညာသင်ကျောင်းများက လေ့ကျင့်ခဲ့သည်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းခွင်ဆက်စပ်ပုံကို ဦးသန့်၏ ဆောင်ရွက်ချက်များက ပြသခဲ့ပါသည်။ သင်တို့ ကျွန်တော်တို့၏လုပ်ငန်းခွင်တွင်လည်း မိမိ၏လုပ်ကိုင်ဆုံးဖြတ်ချက်သည် အမှားနည်းပြီး အမှန်ဆီသို့ ဦးတည်အောင် ဆောင်ရွက်ရပါမည်။

အဲဒီအတွက် သင်တို့ ကျွန်တော်တို့သည် **"အဂတိတရားလေးပါး"** ဖြစ်သည့် **"ဆန္ဒာဂတိ၊ ဘယာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ"** ကင်းရှင်းစွာဖြင့် အလုပ်လုပ်ကြရပါမည်။ မိမိတို့၏လုပ်ငန်းခွင်တွင် ချစ်ခြင်း၊ မုန်းခြင်း၊ သူတစ်ပါးကို ကြောက်ရွံ့ခြင်း၊ ဩဇာမလွှန်ဆန်နိုင်ခြင်း၊ ဒေါသဖြစ်ခြင်း၊ မေတ္တာတရားကင်းမဲ့ခြင်းနှင့် အမိုက်မှောင်ဖုံးခြင်းတို့ကြောင့် ဆုံးဖြတ်လုပ်ကိုင်ခဲ့သည်မျိုး လုံးဝမဖြစ်စေရပါ။ ဆိုလိုသည်မှာ အဂတိတရားကင်းစင်သည့် လုပ်ငန်းခွင်ဖြစ်ရပေမည်။ ဤသည်မှာ SQ ဉာဏ်ရည်မြင့်မားသူများ၏ မိမိလုပ်ငန်းခွင်အား ငြိမ်းချမ်းသာယာမှုကို ဖော်ဆောင်နေခြင်းဖြစ်ပေသည်။ ဦးသန့် ဦးဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းခွင်သည်လည်း ဤသို့သော လုပ်ငန်းခွင်မျိုးဖြစ်ခဲ့ပေသည်။

မိမိအကြောင်းကို ပြောဆိုလေ့မရှိ၊ ရိုးရိုးအေးအေးနေတတ်သည့် ဦးသန့်သည် **"အားလုံးကိုလည်း သည်းခံနိုင်ဖို့ ကျွန်တော်အလေ့အကျင့်လုပ်ခဲ့တာပါ၊ သည်းခံခြင်းစိတ်ဓာတ်ကိုမွေးမြူဖို့၊ စိတ်ဓာတ်ရေးရာ၊ စာရိတ္တရေးရာအရည်အသွေးများကို တန်ဖိုးထားတတ်ဖို့ ကျွန်တော့် ဘဝတစ်လျှောက်လုံးမှာ သွန်သင်ခံခဲ့ရတယ်၊ အထူးသဖြင့် နှိမ့်ချမှု၊ ရိုးရိုးကုပ်ကုပ်နေတတ်မှု၊ ကြင်နာမှုနှင့် အရေးကြီးဆုံးကတော့ စိတ်ခံစားမှုကို ထိန်းသိမ်းတတ်အောင် သွန်သင်ခံခဲ့ရတယ်။ တရားထိုင်ခြင်းနှင့် သမာဓိတို့ရဲ့အကူအညီဖြင့် ခံစားချက်ကို ထိန်းသိမ်းတတ်ဖို့သွန်သင်ခံခဲ့ရတာမို့ ပုထုဇဉ်တစ်ယောက်အနေနဲ့ သူတော်စင်များကဲ့သို့ ခံစားချက်အလုံးစုံကို ထိန်းချုပ်နိုင်ခြင်းမရှိသော်လည်း ကျွန်တော်အလွယ်တကူမတုန်လှုပ်ဘူး၊ စိတ်မလှုပ်ရှားဘူး"** ဟု သူ၏စိတ်ခံစားမှုနှင့် စိတ်ကိုစီမံခန့်ခွဲခဲ့ပုံအကြောင်းကို ဖွင့်ဟဝန်ခံခဲ့ပါသည်။

ထို့အပြင် **"ဥပမာ မစ်ဒယ်ဝိတ်တန်း လက်ဝှေ့သမား မြန်မာတစ်ယောက်နဲ့ အမေရိကန် လက်ဝှေ့သမားတစ်ယောက်တို့ ထိုးတယ်ဆိုပါစို့။ ကျွန်တော် ဘယ်လိုမှခံစားရမှာ မဟုတ်ဘူး။ ငါစွဲဆိုတဲ့ ကျဉ်းမြောင်းတဲ့ အယူအဆတွေ ပျောက်ကုန်ပါပြီ။ ကျွန်တော် ဒီအဆင့်ရောက်အောင် အများကြီးလေ့ကျင့်၊ တရားတွေလည်း ထိုင်ခဲ့ရတယ်။ အစွဲကင်းနိုင်သမျှ ကင်းအောင် ကျွန်တော်လေ့ကျင့်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော့် ရည်မှန်းချက်ပဲဖြစ်သင့်တယ်။ ဒါကို ကျွန်တော် အခိုင်အမာယုံကြည်တယ်။ လူသားမျိုးနွယ်ဟာ မျိုးစိတ်တစ်ခုတည်း (One Human Species) ဆိုပြီး စဉ်းစားနိုင်ပါမှ ကျွန်တော်တို့ဟာ အမြော်အမြင်ကြီးတဲ့လူသားပါ"** ဟု သူ၏မိန့်ခွန်းတစ်ခုတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

အထက်ပါ သူ၏ဖွင့်ဟချက်နှင့် မိန့်ခွန်းတို့တွင် ဦးသန့်သည် သူကိုးကွယ်ရာ ဗုဒ္ဓဘာသာဆီမှ အဂတိတရားလေးပါး ကင်းရှင်းရေး၊ အသိဉာဏ်ပညာကိုလက်ခံရရှိခဲ့ပြီး အထုံပါရမီဖြစ်သည်အထိလေ့ကျင့်ခဲ့ကာ လိုက်နာကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။

ဤသို့ နေ့စဉ်ဘဝတွင် လိုက်နာကျင့်ကြံခြင်းသည်ပင် SQ ဉာဏ်ရည်မြင့်မားသူတစ်ဦးဘဝသို့ ရောက်ရှိစေခဲ့သည်ဟု မြင်မိပါသည်။ ထိုဉာဏ်ရည်မြင့်မားမှုက သူ၏ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းခွင်တွင် အမှားနည်းပြီး အမှန်ဆီသို့ ဦးတည်မှုကို ပို့ဆောင်ပေးခဲ့ပါသည်။ အရေးကြီးဆုံးမှာ သူကိုးကွယ်ရာ ဗုဒ္ဓဘာသာတရား၏ အနှစ်သာရဖြစ်သည့် **"မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား"** ဆိုသည့်အတိုင်း လိုက်နာကျင့်ကြံခဲ့ခြင်းဖြစ်နိုင်ပါသည်။ ဤသည်မှာလည်း အကျင့်တရားပင်ဖြစ်ပါသည်။

အဆိုပါ အကျင့်တရားပိုင်းတွင် နှစ်ပိုင်းပါဝင်နေပေသည်။ ပထမအချက်ဖြစ်သည့် **"မကောင်းမှုရှောင် ကောင်းမှုဆောင်"** ခြင်းကို တည်မြဲစေရန်အတွက် ဓမ္မနှင့် အဓမ္မကို ခွဲခြားနိုင်သည့် ဗုဒ္ဓ၏ အဆုံးအမများကို သူ့ဘဝတစ်လျှောက်လုံးတွင် လေ့လာသင်ကြားခဲ့ပြီး လိုက်နာကျင့်သုံးမှုတွင် မွေ့လျော်ခဲ့ရပါမည်။ ထို့နောက် **"အဂတိတရားလေးပါး"** ကင်းစင်ရေးကို သာမန်ကျင့်သုံးနေရုံမျှဖြင့် မခိုင်မြဲနိုင်ပါ။ ဒုတိယအချက်ဖြစ်သည့် **"ဖြူအောင်စိတ်ကို ထားတတ်သည့်အကျင့်"** ဆီသို့ ဆက်လက်တက်လှမ်းနိုင်ခဲ့ပါသည်။ သို့မှသာ အဆိုပါ အဂတိတရားလေးပါးကင်းစင်မှုဆီသို့ အချိန်တိုင်းဦးတည်ဆောင်ရွက်နိုင်ပေလိမ့်မည်။

သင်တို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များသည် ညအိပ်ရာဝင်ခါနီးအချိန်တွင် ဘုရားဝတ်ပြုတတ်သော အလေ့အကျင့်ရှိပါသည်။ ကျွန်တော်တို့ ဘုရားဝတ်ပြုနေချိန်တွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား အချိန်တိုင်း ဖျက်ဆီးနေသော အတွင်းရန်သူများဖြစ်ကြသည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာမစ္ဆရိယ စသည့် အဖျက်တရားများသည် ကင်းကွာသွားကြပါသည်။ ထိုအချိန်တွင် ကျွန်တော်တို့၏ စိတ်သည် ဖြူစင်နေလျက် ရှိပါသည်။

ငြိမ်းချမ်းဖြူစင်နေသည့်စိတ်တွင် **"အဂတိတရားလေးပါး"** လည်း မကိန်းအောင်းနိုင်တော့ပါ။ အဆိုပါ ငြိမ်းချမ်းမှုအပြည့်နှင့် တည်ငြိမ်မှုကို ဦးဆောင်သည့် ဖြူစင်စိတ်ထားကို အထုံပါရမီကဲ့သို့ တည်မြဲနေအောင် ဆက်လက်လိုက်နာကျင့်သုံးသင့်သည့်အရာမှာ **"တရားထိုင်ခြင်း"** ပင်ဖြစ်ပါသည်။ ဤအကျင့်ကို ဦးသန့်သည် နံနက်စောစောနှင့် အိပ်ရာမဝင်မီအချိန်တွင် ကျင့်သုံးခဲ့သည်ဟု လေ့လာဖတ်မိခဲ့ပါသည်။ ထိုတရားထိုင်မှုသည် ဦးသန့်အား ငြိမ်းချမ်းမှု၊ ဖြူစင်မှု ပြည့်ဝသည့် စိတ်ထားကို ပိုင်ဆိုင်စေပြီး မိမိ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုအလုပ်ကို အဂတိတရားလေးပါးကင်းရှင်းစွာဖြင့် အောင်မြင်အောင်စွမ်းဆောင်နိုင်သည့် စွမ်းအားအဖြစ် ပေါ်ထွန်းလာစေပါတော့သည်။

**ယနေ့မြန်မာ့ပညာရေးနှင့် ပြန်လည်၍ လရောင်ဆမ်းသင့်သည့် ဉာဏ်ရည်**

တကယ်တော့ ဦးသန့် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်မှာ ၁၉၆၁–၁၉၇၁ နှစ်များဆီက ဖြစ်ပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် သက်တမ်းနှစ်ခုနှင့် ခေတ္တအတွင်းရေးမှူးချုပ်ကာလတို့ဖြစ်ပါသည်။ ယနေ့ခေတ်မီပညာရေးတွင် SQ နေရာယူလာသည်မှာ ဆယ်စုနှစ်တစ်ခုကျော်ခန့်သာရှိပါသေးသည်။ ဦးသန့် တာဝန်ယူခဲ့သည့်ကာလသည်ပင် ရာစုနှစ်တစ်ဝက်ကျော်ခဲ့ပြီ ဖြစ်ပါသည်။ သူ့ထံမှာ ထင်ဟပ်ခဲ့သည့် အက်စ်ကျူသည်လည်း ထိုအချိန်ကာလနှင့် အတူတူဟု ထင်မှတ်စရာ ရှိပါသည်။ သို့သော် ထိုသို့မဟုတ်ပါ။ အစောဆုံးကာလက သူပညာသင်ခဲ့ရာ ကျောင်းကဟု မြင်မိပါသည်။ ထို့နောက်ညီအစ်ကိုမောင်နှမများ၏ ပညာရေးနှင့် မိခင်အိုကြီးအား လုပ်ကျွေးရန် တက္ကသိုလ်ကျောင်းမှထွက်၍ အလုပ်လုပ်ခြင်းသည် မိဘကိုလုပ်ကျွေးခြင်း၊ ဆွေမျိုးညာတိတို့အား ထောက်ပံ့ပေးခြင်းဟူသည့် ဗုဒ္ဓဘာသာ၏ **"မင်္ဂလာတရားတော်"** နှင့်ညီသည်ဟု စာရေးသူမြင်မိပါသည်။

ထို့အတူ မိမိမွေးရပ်မြေတွင် အမျိုးသားကျောင်းဆရာနှင့် ယင်းနောက်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင်ပင် ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် **"ကျွန်တော့်ကျောင်းက ဘယ်တစ်ယောက်မျှ လူဆိုး၊ သူခိုး မထွက်စေရဘူး။ အာမခံတယ်"** ဟု ကြွေးကြော်ခဲ့ပါသည်။

ထိုစဉ်က အမျိုးသားကျောင်းများသည် ကျောင်းစတက်လျှင် ဘုရားဝတ်ပြုကြရပါသည်။ SQ ပြည့်ဝသည့် ဘာသာခြားကိုးကွယ်သူ ဆရာကြီး ဦးရာဇာတ်သည်ပင် ဘုရားဝတ်မပြုသည့် ဗုဒ္ဓဘာသာဝင် ကျောင်းသားများကို ဝတ်မပြုရကောင်းလားဟု ဒဏ်ပေးပြီး ဘုရားဝတ်ပြုစေ၏။ ဆရာကြီး ဦးရာဇာတ်ကဲ့သို့ ယနေ့ အခြားဘာသာ အမျိုးမျိုးကိုးကွယ်ကြသည့် ဆရာ ဆရာမများ ရှိနေဆဲဖြစ်ပါသည်။ SQ ပြည့်ဝကြသည့် ထိုဆရာ ဆရာမများကိုလည်း လေးစားကြည်ညိုမိပါသည်။ သူတို့ခေတ်တွင် ကျောင်းသားကျောင်းသူများကို ငါးပါးသီလအား ခါးဝတ်ပုဆိုးကဲ့သို့ ခိုင်မြဲနေအောင် သင်ပေးရသလို မိဘဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ သားသမီးဝတ် စသည့် ဗုဒ္ဓ၏လူသားကောင်းကျိုးဖြစ်ထွန်းစေမည့် အဆုံးအမအလေ့အကျင့်ကောင်းများကိုလည်း သင်ကြားပေးခဲ့ကြသဖြင့် သူ့တပည့်များတွင် လူ့အဖွဲ့အစည်းကို ပျက်စီးစေမည့် ဗီဇဆိုးကင်းဝေးပြီး လူ့အဖွဲ့အစည်းငြိမ်းချမ်းမှုကို မြတ်နိုးသူများ ဖြစ်ထွန်းရေးကိုသာ လေ့ကျင့်ပေးခဲ့ခြင်း ဖြစ်ပေသည်။

ကျောင်းအုပ်ကြီးထံမှ ကောင်းမြတ်သည့် SQ ဉာဏ်ရည်ကို တပည့်များဆီသို့ တော်သလောက် ကောင်းမွန်သည့်ပြည့်ဝနိုင်ငံသားများ၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းမှုကို မြတ်နိုးသူများ ဖြစ်ထွန်းလာစေရန် လက်ဆင့်ကမ်းခဲ့ခြင်းဖြစ်ပါသည်။ ဤသည်မှာ လွန်ခဲ့သော နှစ် ၈၀ ခန့်က မြန်မာ့မြေပေါ်တွင် ပေါ်ထွန်းခဲ့သည့် ပညာရေး၏ SQ ဉာဏ်ရည် ထွန်းတောက်အောင် လေ့ကျင့်ပေးမှုပင်ဖြစ်ပါသည်။ ယနေ့ခေတ်တွင် အဆိုပါထွန်းတောက်မှုသည် ပျက်သုဉ်းသလောက်နီးပါး မှေးမှိန်နေပြီဖြစ်ပါသည်။

သို့ပါ၍ မြန်မာ့ပညာရေးက မဖြစ်မနေ SQ လရောင်ဆမ်းသောကာလကို အားလုံးလက်ခံနိုင်သည့်အသွင်မျိုးဖြင့် ပြန်လည်ရောက်ရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်သင့်နေပြီဖြစ်ပါသည်။ နိုင်ငံသားတိုင်းတွင် SQ ဉာဏ်ရည် ပြန်လည်ရှင်သန်နိုးထရန် အလိုအပ်ဆုံးအချိန်လည်း ဖြစ်ပါသည်။ နိုင်ငံတကာပညာရေးလောကတွင်လည်း လိုအပ်နေပြီဟု ပြောဆိုနေကြသည်မှာ အင်မတန်ကျယ်ကျယ်လောင်လောင် ဖြစ်နေကြပြီဖြစ်ပါသဖြင့် ပြန်မနိုးထနိုင်လျှင် **"နိုင်ငံတကာစံမီ ပညာရေးအဆင့်နှင့် အလှမ်းဝေး"** နေကြဦးမှာ ကျွန်တော်တို့ စိုးရိမ်မိပါသည်။

အမျိုးသားကျောင်းအုပ်ကြီး ဦးသန့်သည် သူ၏ SQ ဉာဏ်ရည်ကို တဖြည်းဖြည်းရင့်သန်အောင်လေ့ကျင့်လာခဲ့ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်နေချိန်တွင် SQ ဉာဏ်ရည်ပြည့်ဝနေမှုက ငြိမ်းချမ်းမှုအတွက် အဂတိတရားလေးပါး ကင်းဝေးစေရန်နှင့် ငြိမ်းချမ်းမှုဓမ္မဆီသို့ ဦးတည်ရန်သာ အမြဲတမ်းထိန်းညှိပေးနေမှုအား ဦးသန့်၏အောင်မြင်ရေးသော့ချက်ကို လေ့လာနေသူများက ဆောင်းပါးတစ်နေရာတွင် ဖော်ညွှန်းထားသကဲ့သို့ **"မြန်မာစစ်စစ်တစ်ယောက်လို နေ့စဉ်နေထိုင်နိုင်လို့"** ပါဟု ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ပါသည်။

သို့အတွက်ကြောင့် အထက်တွင်ဖော်ပြခဲ့သလို ထိုအချိန်တွင် ဩဇာကြီးမားခဲ့ကြသည့် ကမ္ဘာ့အင်အားကြီးအုပ်စုနှစ်စုစလုံးမှာ ကမ္ဘာ့ငြိမ်းချမ်းရေးဖော်ဆောင်မှုကို ဦးဆောင်သည့်ဦးသန့်ကို ချစ်ခင်လေးစားခဲ့ကြပါသည်။ အတန်းပညာအားဖြင့် ဘွဲ့မရခဲ့သော မြန်မာ့သားကောင်း ဦးသန့်ကို အောင်မြင်သည့် ငြိမ်းချမ်းရေးခေါင်းဆောင် ကမ္ဘာ့အကြီးအကဲစာရင်းဝင်တစ်ဦးအဖြစ်သို့ တွန်းပို့ပေးခဲ့ပြီး အောင်မြင်စွာရပ်တည်နိုင်ခဲ့သည်မှာ ထိုခေတ်မြန်မာ့ပညာရေးက လေ့ကျင့်ပေးလိုက်သည့် SQ ဉာဏ်ရည်မြင့်မားမှုကြောင့်ပါဟု ကောက်ချက်ချမိပါသည်။

သို့ပါ၍ တော်သလောက်ကောင်းသည့် မြန်မာ့မျိုးဆက်သစ်များ ဆက်လက်ပေါ်ထွန်းစေလိုလျှင် IQ၊ EQ မြင့်မားနေမှုနှင့်အတူ ကိုယ်ကာယကျန်းမာသန်စွမ်းသည့် PQ ပိုင်ဆိုင်ပြီး လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းသာယာမှုကို ဖြစ်ထွန်းရန် အမြဲထိန်းညှိပေးနိုင်စွမ်းရှိသည့် SQ ပြည့်ဝသည့် နိုင်ငံသားများ (မိမိကိုးကွယ်ရာ ဘာသာတရား အသီးသီးကို မြတ်နိုးလိုက်နာကျင့်သုံးပြီး အခြားသူများ၏ ဘာသာတရားကို လေးစားသူများ) ဖြစ်ထွန်းလာသည်အထိ ကျွန်တော်တို့၏ပြောင်းလဲလိုသည့် ပညာရေးက သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ပေလိမ့်မည်။

**SQ ဉာဏ်ရည်မြင့်မားသူသည် ငြိမ်းချမ်းမှုကိုသာ အလေးထား၏။ အမှန်တရား ဓမ္မကိုမြတ်နိုး၏။ လူပုဂ္ဂိုလ်၊ အုပ်စု၊ အဖွဲ့ကိုမခင်၊ တာဝန်နှင့် သစ္စာတရားကို ခုံမင်၏။ အဓမ္မကို ဖယ်ခွာ၏။ အတ္တစွဲကင်းဝေးနေအောင် လေ့ကျင့်ထား၏။ တည်ဆောက်၏။ မဖျက်ဆီးပေ။ အဂတိတရားလေးပါး ကင်းဝေးနေစေရန် စိတ်ကို ဖြူစင်အောင်ထားနိုင်၏။ မတရားမှု၊ ဆူပူမှု၊ အကြမ်းဖက်မှုမှသည် စစ်ပွဲများ ကင်းစင်သည်အထိ ဆောင်ကြဉ်းနိုင်စွမ်းရှိပေ၏။ လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းကို ယဉ်ကျေးအောင်၊ သိမ်မွေ့အောင်၊ အေးချမ်းသာယာအောင် ဆောင်ရွက်ပေးနိုင်စွမ်းရှိပေသည်။**

ဤသည်ကို SQ ဉာဏ်ရည်မြင့်မားသူ မြန်မာ့သားကောင်းနှင့် ကမ္ဘာ့သူကမ္ဘာ့သားများ၏ ကျေးဇူးရှင်ဦးသန့်က ကမ္ဘာသို့ သက်သေပြခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ သူတို့ခေတ်မြန်မာ့ပညာရေးက SQ ဉာဏ်ရည် မြင့်မားလာအောင် လေ့ကျင့်ပေးခဲ့ပုံကိုလည်း မီးမောင်းထိုးပြခဲ့ပြီးဖြစ်ပါသည်။ မြန်မာတွင်သာမက ကမ္ဘာတွင်လည်း မှတ်တမ်းတင်ခဲ့ပြီဖြစ်ပါသည်။ သို့ပါ၍ မြန်မာ့ပညာရေးသည် ယနေ့နိုင်ငံတကာစံမီ ပညာရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရန်အတွက် **"လူ့အဖွဲ့အစည်း၏ငြိမ်းချမ်းမှုကို မြတ်နိုးအကောင်အထည်ဖော်ဆောင်ရွက်ကြမည့် SQ ဉာဏ်ရည်မြင့်မားသူ နိုင်ငံသားများ ပေါ်ထွန်းရေး"** ကို မဖြစ်မနေလေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကျမ်းကိုး**

(၁) ဖေယျာသူ (၂၀၁၀) ဦးသန့်နှင့် EI, Voice ဂျာနယ်၊ စက်တင်ဘာလ
(၂) စိန်ဝင်းစိန် (၂၀၁၃) နယူးယောက်က ဦးသန့်
(၃) အထောက်တော်လှအောင် (၂၀၁၀) ဗမာ့ဦးသန့် (စတုတ္ထအကြိမ်)

# သုတေသနဆိုင်ရာအခြေခံ (Basic) နှင့် အထူးကြပ်မတ် (Intensive) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် အောက်တိုဘာ ၄**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) အထောက်အပံ့အစီအစဉ်အရ ခရီးသွားလုပ်ငန်း သုတေသနစင်တာတည်ထောင်ခြင်း စီမံကိန်း (Establishment of Tourism Research Center) အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သော သုတေသနဆိုင်ရာအခြေခံ(Basic)နှင့်အထူးကြပ်မတ်(Intensive) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

**ပြောကြား**

ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းဇယားများအားကောင်းခိုင်မာစေရေး၊ မူဝါဒများ၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားကောင်းသော ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ တိကျမှန်ကန်မှုရှိစေရေးမှာ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သောကြောင့် ယင်းသုတေသနသင်တန်းကို ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က သုတေသနဆောင်ရွက်ရာတွင် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူမှုပေါ်မူတည်ပြီး သုတေသန၏ ဆောင်ရွက်ချက်များကို ပေါ်လွင်အောင် ဖော်ထုတ်နိုင်မည်ဖြစ်သည့်အတွက် Data များကို သေချာစွာကောက်ယူရမည်ဖြစ်ကာ စနစ်တကျထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဈေးကွက်၏ သဘောသဘာဝကို နားလည်ပြီး လက်တွေ့ကျသော ရည်မှန်းချက်များချမှတ်၍ အကျိုးရှိသော ဈေးကွက်ဆိုင်ရာ နည်းဗျူဟာများ ဖော်ထုတ်နိုင်ရန်နှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပြီး လုပ်ငန်းအသစ်များ ချဲ့ထွင်ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲပြီးနောက် ဝင်ရောက်လာသော နိုင်ငံတကာခရီးသွားဧည့်သည်များ၏ အချက်အလက်များကို စာရင်းကောက်ယူ၍ သုတေသနပြုလုပ်ခြင်းဖြင့် ဈေးကွက်အနေအထားကို ခန့်မှန်းနိုင်မည်ဖြစ်ပါကြောင်း၊ သုတေသနသင်တန်းများတွင် သင်ယူကြမည့် သင်တန်းသားများအနေဖြင့်လည်း သင်တန်းတွင် သင်ကြားပို့ချခဲ့မှုများကို သေချာစွာလေ့လာမှတ်သားပြီး လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချနိုင်အောင် ဖြန့်ဝေပေးကာ ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစင်တာမှ စီမံကိန်းအဖွဲ့ခေါင်းဆောင် ကျွမ်းကျင်ပညာရှင် ဦးအောင်မင်းက သင်တန်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

အဆိုပါ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်းကို အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အထူးကြပ်မတ်သင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၂၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းတွင် စာရင်းဇယားကောက်ခံပြုစုမှုများကို Quantitative and Qualitative Research Method သရုပ်ခွဲခြင်း ပညာရပ်များကိုအခြေခံ၍ ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနဆောင်ရွက်မည့် ပုံစံဒီဇိုင်းတည်ဆောက်ခြင်း၊ Data များ ကောက်ယူပုံနှင့် စစ်တမ်းမေးခွန်းလွှာများ ပြင်ဆင်ခြင်း၊ သုတေသနဆိုင်ရာ ကျင့်ဝတ်များနှင့် အွန်လိုင်း/ ကွင်းဆင်းဆောင်ရွက်ခြင်းဆိုင်ရာ လိုက်နာသင့်သည်များကို Software များ အသုံးပြု၍ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်းကို ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မန္တလာတက္ကသိုလ် နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်) မှ နည်းပြများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ် စုစုပေါင်းသင်တန်းသား ၇၀ ကျော်ကို Hybrid စနစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရည်အသွေးပြည့်ဝသည့် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးတည်းဖြတ်နည်းသင်တန်းဆင်း



**ရန်ကုန် အောက်တိုဘာ ၄**

မှတ်တမ်းဓာတ်ပုံ ရိုက်ကူးတည်းဖြတ်နည်းသင်တန်း(၂/၂၀၂၂)ဆင်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပပြီး သင်တန်းသား ၂၁ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**သင်တန်းဆင်းလက်မှတ်များ ပေးအပ်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူအား ပြန်ကြားပေးခြင်းနှင့် ပြည်သူနှင့် ဆက်ဆံအသိပညာပေးရာ၌ သတင်းနှင့် ဓာတ်ပုံပညာမှာ အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိဌာနနှင့်နိုင်ငံအတွက် အကျိုးပြုသတင်းဓာတ်ပုံများ ရိုက်ကူးထုတ်လုပ်ရန် ယခုသင်တန်းမှ အထောက်အပံ့ကောင်းများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဓာတ်ပုံရိုက်ကူးနည်းသင်တန်းတွင် Camera Setting နှင့် Camera ပိုင်းဆိုင်ရာ အချက်အလက်များ၊ နေ့ပိုင်းနှင့် ညပိုင်း Indoor ရိုက်ကူးခြင်းနှင့် Outdoor ရိုက်ကူးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့်ကျင့်ဝတ်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုကြီးကြပ်ရေးလုပ်ငန်းများ၊ ဓာတ်ပုံပညာမျှော်မှန်းချက်၊ ဓာတ်ပုံပြိုင်ပွဲ ဝင်ရောက်ရာ၌ ပြင်ဆင်ဆောင်ရွက်ရမည့် အချက်များကို ဓာတ်ပုံပညာရှင်နှင့် သင်တန်းဆရာများက သင်ကြားခဲ့သည်။

ဆက်လက်၍ ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်း(၂/၂၀၂၂) သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် သင်တန်းကာလကိုးရက်တွင် လက်တွေ့ကွင်းဆင်းရိုက်ကူးခဲ့သော ဓာတ်ပုံများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ- ကနူး**

# ဇလွန်မြို့နယ်၌ နေကြာသီးနှံစိုက်ကေပြည့်မီရေး တာဝန်ပေးအပ်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကျင်းပ



**ဇလွန် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် နေကြာသီးနှံစိုက်ကေပြည့်မီရေး စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက နေကြာသီးနှံ စိုက်ကေပြည့်မီရေး စီမံကိန်းတာဝန်ပေးအပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီအတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက နေကြာစိုက်ပျိုးခြင်း နည်းစနစ်နှင့် နေကြာမျိုးစေ့ရရှိရေးတို့ကိုပြောကြားခဲ့ပြီး ရပ်ကွက်/ကျေးရွာအုပ်စု စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဥက္ကဋ္ဌများအား ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံနေကြာ စိုက်ပျိုးရန် တာဝန်ပေးအပ်လွှာနှင့် နေကြာမျိုးစေ့များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

ဇလွန်မြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာအုပ်စု ၆၉ အုပ်စုတွင် နေကြာသီးနှံ သီးသန့်စိုက်ကေ ၂၆၀၀၅ ကေ စိုက်ပျိုးရန်လျာထားဆောင်ရွက်ထားရှိပြီး ဖြစ်သဖြင့် လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေး အဖွဲ့ရှစ်ဖွဲ့ဖြင့် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီအတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုး၏ ပြောကြားချက်အရ သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး ဆေးတိုက်ခြင်းများ ဆောင်ရွက်

**မိုးနဲ အောက်တိုဘာ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်တွင် မွေးကင်းစမှ အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီခွဲကစတင်၍ ပြည်သူ့ဆေးရုံနေရာ၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆုတ်ရောဂါ ကာကွယ်ဆေး၊ ငါးမျိုးစပ် ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး၊ ပြင်းထန်ဝမ်းလျှော ဝမ်းပျက်ရောဂါ ကာကွယ်ဆေး၊ ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်းများကို ကလေးငယ် ၂၅၀ အား မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက စနစ်တကျ မှတ်တမ်းရေးသွင်း၍ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

■

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**




## မိုင်းဆတ်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်းတော်များ ထောက်ပံ့လှူဒါန်း



နေပြည်တော် အောက်တိုဘာ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ ဝါတွင်းကာလ၌ ဝါဆိုသံဃာတော်များအား ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ကုလားပဲ အစရှိသည်များကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်သာသနာရေးဦးစီးဌာနမှခရိုင်သာသနာရေးမှူး ဦးမျိုးမင်းလတ်တို့သည် မိုင်းဆတ်မြို့နယ် ကျဒယ်ရပ်ကွက်ရှိ သဗ္ဗညုဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဆန်၊ ဆီနှင့် ကုလားပဲစသည့် လှူဖွယ်ပစ္စည်းများ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ မဟာဗောဓိဗုဒ္ဓဂါယာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံး ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်းခမ်းကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ နိဂြောဓာရုံ (ညောင်ပင်သာ)ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာနန္ဒိသေနာရာမကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ တောင်ခွင်မင်းကြီးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဣန္ဒြိယာရာမရွှေဂူကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ စလင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ နောင်အင်ပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ သစ္စာတောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကျုံပျော်ခရိုင် ရုံးဆိုင်းဘုတ်တင်ပွဲနှင့် ရုံးဖွင့်ပွဲ ကျင်းပ

ကျုံပျော် အောက်တိုဘာ ၄

ခရိုင်အတွင်း အသားကဏ္ဍနှင့် မွေးမြူရေး၊ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စွာ ဆောင်ရွက်နိုင်ရေးအတွက်



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ရုံး ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးဖွင့်ပွဲအခမ်းအနားကို တေဇရပ်ကွက် အောင်ဇေယျလမ်းရှိ အဆိုပါရုံး၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာအောင်ကျော်ဇောက ခရိုင်ရုံးသစ် တိုးမြှင့်ဖွင့်လှစ်ရခြင်းနှင့် လုပ်ငန်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာအောင်ကျော်ဇော၊ ပုသိမ်ခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသိန်းဆွေဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်းတို့က ခရိုင်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ရုံးဆိုင်းဘုတ်သစ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ခရိုင် (ပြန်/ဆက်)

## တို့ဆရာ

❖ ဆရာ့စိတ်ရင်း
ပန်းခင်းအလား၊ ဖူးပွင့်အားနှင့်
ဝင့်ကြွားမွှေးကြိုင်၊ အခိုင်ခိုင်သည့်
မယိုင်မလဲ ဖြောင့်မတ်မြဲ။

❖ ဆရာ့စိတ်နေ
ထုခြေမွှေနှောက်၊ ကြောင်းကျိုးထောက်၍
တည်ဆောက်ချိန်ခါ၊ စေတနာနှင့်
မှန်စွာရိုက်ခတ်၊ လိုအပ်ပြုပြင်
အိုးသွင်အလှ ဖော်ဆောင်ပြ။

❖ ဆရာ့စိတ်နေ
နာစေအရှင်း၊ စိတ်ထားရင်း၍
ဖိုကျင်းမီးခတ်၊ ရဲရဲထပ်မှ
လိုအပ်ပုံဖော်၊ တူချက်ခေါ်လျက်
ပေပေါ်တင်ထု၊ အပြုမှုလျှင်
ဓားသွင်အလှ ဖော်ဆောင်ပြ။

❖ ထုံးလိုလည်းမွှေ၊
ရေလိုလည်းနှောက်၊ ကြားမြင်ပေါက်သို့
တတ်မြောက်ပညာ၊ နာသုံးနာနှင့်
ကောင်းစွာထုဆစ် တို့ဆရာ။

❖ ပဲ့ပြင်ဆုံးမ၊
သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊
သင့်ရာလည်းအပ်၊ အတတ်လည်းသင
ချစ်ခင်ဖွယ်ရာ၊ ဝတ်ငါးဖြာနှင့်
မှန်စွာပြုအပ် တို့ဆရာ။

❖ သြော် .... တို့ဆရာလည်း
နာသုံးနာခင်း၊ စိတ်ရင်းဖြူစင်
အစဉ်လာကောင်း၊ မမေ့ကြောင်းနှင့်
ဂုဏ်ပေါင်းရှန်းဝေ၊ ပြုံးပန်းတွေနှင့်
အနေအေးချမ်း၊ ဘဝလမ်းဝယ်
လျှောက်လှမ်းနေမြဲ၊ ရှင်သန်ဆဲ။

ဖိုလေးလုံးသောင်းကိုကို

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ တောင်သူလက်ဝယ်ရောက်ရှိပြီး လုပ်ငန်းစတင်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်

**ဘားအံ အောက်တိုဘာ ၄**

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေများ တောင်သူလက်ဝယ်အမြန်ရောက်ရှိပြီး လုပ်ငန်းများစတင်အကောင်အထည်ဖော်ရန် ယနေ့နံနက် ၁၀ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့်ကျေးရွာ စီမံကိန်းကြီးကြပ်မှုကော်မတီ၏ (၅/၂၀၂၂) လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည်။

**အမှန်တကယ်အကျိုးရှိ**

ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တစ်ဖက်တစ်လမ်းမှ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး သမဝါယမအသင်းအဖွဲ့များ အနေဖြင့် ချေးငွေများ ထုတ်ချေးပေးရန် ဆောင်ရွက်လျက်ရှိရာ အမှန်တကယ် အကျိုးရှိသည့်လုပ်ငန်းများကို မတည်ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ စီမံကိန်းကျေးရွာများ၊ အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားပြီး ကော်မတီများ အမြန်ဖွဲ့စည်း၍ လုပ်ငန်းအမြန် စတင်နိုင်ရန် ပူးပေါင်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ဆွေးနွေးတင်ပြခဲ့ကြကာ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အစည်းအဝေးသို့ တက်ရောက်လာသော ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများက ဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက် လာသူများက ဖြည့်စွက် အကြံပြုဆွေးနွေးတင်ပြခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■



# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အဖွဲ့ဝင်များ စခန်းသွင်းလေ့ကျင့်နေမှု သွားရောက်ကြည့်ရှု

**စစ်တွေ အောက်တိုဘာ ၄**

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲသို့ ရခိုင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် အဖွဲ့ဝင်များ စစ်တွေတက္ကသိုလ်၌ စခန်းသွင်းလေ့ကျင့်နေမှုကို ယမန်နေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား အကအဖွဲ့ဝင်များက အခြေခံကဗျာလွတ်အက၊ တစ်ဦးချင်းအကနှင့် မွန်ရိုးရာအကများဖြင့် လေ့ကျင့်ကပြဖျော်ဖြေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အကအဖွဲ့ဝင်များကို အားပေးစကားပြောကြားကြပြီး အချိုရည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲဝင်များအား ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြည်နယ်၏ဂုဏ်ဆောင်နိုင်ရန်အတွက် ဆရာဆရာမများ၏ သင်ကြားပေးမှုများကို စနစ်တကျ လေ့လာမှတ်သားကာ ကြိုးစားလေ့ကျင့်ကြရန် ပြောကြားပြီး ပြိုင်ပွဲဝင်များအား အချိုရည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စစ်တွေတက္ကသိုလ်၌ ပြိုင်ပွဲဝင် ၆၆ ဦးကို စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# တလုတ္တော်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ဟသ်ာတ အောက်တိုဘာ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟသ်ာတမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် (၂) ဖြင့် ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ဟသ်ာတမြို့နယ် တလုတ္တော်မြို့ အုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်စွာထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းစိုးနှင့် မြို့နယ်လဝက ဦးစီးမှူးတို့က ပန်းခင်းစီမံချက် အဆင့်(၂) ဖြင့် ရပ်ကွက်ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ဆက်လက် ဆောင်ရွက်ပေးနေကြောင်း၊ အခြေခံလူဦးရေစာရင်းများကိုလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မြို့နယ်ကော်မရှင်တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပြည့်စုံမှန်ကန်ရေးတို့ကို ဆောင်ရွက် လျက်ရှိကြောင်း ပြည်သူများအား ရှင်းလင်းပြောကြားခဲ့ပြီး တလုတ္တော်မြို့၏ အမှတ်(၁) ရပ်ကွက်အား ဗိုလ်မှူးကျော်စွာထွန်းက လည်းကောင်း၊ အမှတ်(၂) ရပ်ကွက်အား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းစိုးကလည်းကောင်း၊ အမှတ်(၃) ရပ်ကွက်အား မြို့နယ်လဝကမှူး ဦးစိုးမြင့်အောင်ကလည်းကောင်း၊ အမှတ်(၄)နှင့် အမှတ်(၅) ရပ်ကွက်နေ ပြည်သူများအား တလုတ္တော်မြို့ အုပ်ချုပ်ရေးမှူးကလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၄ ကတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**



# လှည်းကူးမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**လှည်းကူး အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်စခန်း၌ ယမန်နေ့ နံနက်ပိုင်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဗိုလ်မှူးဝင်းလွင်ဦးက သင်တန်းသားများအား ကျေးဇူးတင်စကားပြောကြားကာ တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးယုလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ဉာဏ်ဟိန်း**

# မအူပင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေး

**မအူပင် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် နယ်မြေစိုးမိုးရေးအတွက် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများတွေ့ဆုံပွဲကို ကျုံစုတ်ကျေးရွာအုပ်စု စကြာမုနိကြေးသွန်းဘုရားကြီးဓမ္မာရုံနှင့် ညောင်ဝိုင်းကျေးရွာအုပ်စု ဓမ္မဒီပဘုန်းတော်ကြီးကျောင်းဓမ္မာရုံတို့၌ အောက်တိုဘာ ၄ ရက်က ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ... မှုခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး စသည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေးသည်။



အဆိုပါတွေ့ဆုံပွဲသို့ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အေးလွင်၊ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြပြီး တက်ရောက်လာသည့် ပြည်သူများအား ဆန်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

✻ ကျောဖုံးမှ

မြန်မာနိုင်ငံကအသိအမှတ်ပြုခြင်းမရှိခဲ့ပါ။ လက်ရှိအချိန်အထိလည်း ယင်းရပ်တည်ချက်အတိုင်းပင် အသိအမှတ်မပြုကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

အထူးအစီရင်ခံစာတင်သွင်းသူသည် ၎င်းကိုယ်တိုင်ကိုယ်ကျ သိရှိခြင်းမရှိဘဲ ခိုင်လုံမှုမရှိသည့် ဆန့်ကျင်ဘက်အရင်းအမြစ်များကိုသာ အလွယ်တကူ ရည်ညွှန်းပြီး လုပ်ပိုင်ခွင့်ကို တလွဲသုံးလျက် မြန်မာအစိုးရသည် နိုင်ငံတကာပြစ်မှုများကျူးလွန်ကြောင်းကိုသာ အကြိမ်ကြိမ် စွပ်စွဲမှုများ ပြုလုပ်လျက်ရှိသည်။ ၎င်းသည် ကုလသမဂ္ဂ၏ အခွင့်အာဏာကို ကျော်လွန်လျက် NUG အကြမ်းဖက်အဖွဲ့ကို အသိအမှတ်ပြုရေး လူသိရှင်ကြားဆော်ဩနေသည့်အပြင် ကလေးသူငယ် ၈၈ ဦး အပါအဝင် လက်နက်မဲ့ပြည်သူ ၃၈၀၀ ကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် NUG နှင့် PDFs အကြမ်းဖက်များ၏ အကြမ်းဖက်မှုများကို ဖုံးကွယ်ခြင်းဖြင့် နိုင်ငံတကာကို လိမ်လည်လှည့်ဖျားလျက်ရှိသည်။ မျက်လုံးကို အဝတ်ဖြင့်စည်းခံရသည့် အမျိုးသမီးဆရာမ (၂) ဦးက အသက်ကို ချမ်းသာပေးရန် တောင်းပန်နေသည့်ကြားမှ PDFs အကြမ်းဖက်သမားများက ငဲ့ညှာမှုကင်းစွာဖြင့် သတ်ဖြတ်သည့် ဗီဒီယိုမှာ အွန်လိုင်းတွင် ကျယ်ပြန့်စွာ ပျံ့နှံ့နေသည့်တိုင် အထူးအစီရင်ခံစာတင်သွင်းသူက မျက်ကွယ်ပြုခဲ့သည်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မင်းရွာမှ ကျောင်းအုပ် ဆရာမတစ်ဦးနှင့် ဆရာမတစ်ဦးတို့ ၁၈-၈-၂၀၂၂ ရက်တွင် သတ်ဖြတ်ခံခဲ့ရသည့်ဖြစ်စဉ်မှာ တစ်ကြိမ်တစ်ခါတည်း ဖြစ်ပွားခဲ့သည့်ကိစ္စမဟုတ်ပါ။ ၂၃-၈-၂၀၂၂ ရက်တွင် မန္တလေးမြို့၌ (၈)နှစ် အရွယ်သမီးငယ်ကို ကျောင်းပို့ပြီး ပြန်လာသောမိဘနှစ်ဦးမှာလည်း PDFs အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသည်။ အထူးအစီရင်ခံစာ တင်သွင်းသူသည် မမှန်မကန်ဇာတ်လမ်းအားလုံးကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းလိုလားသော ဇာတ်ကြောင်းနှင့်ဆန့်ကျင်သည့် အချက်အလက်များကို ချန်လှပ်ထားသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ NUG အကြမ်းဖက်သမားများက လူပေါင်း (၂၀) ကျော်ကို ကြောက်မက်ဖွယ် သတ်ဖြတ်ခဲ့သည့်ကိစ္စမျိုးကိုမှ ထည့်သွင်းဖော်ပြခြင်းမပြုခဲ့ပါ။ ယင်းတို့မှာ ကုလသမဂ္ဂလူ့အခွင့်အရေး ဆောင်ရွက်သူများက အထူးဖုံးကွယ်ထားသည့် အခြားသောအမှုပေါင်း ၃၈၀၀ အနက်မှ အနည်းငယ်သောဖြစ်စဉ်များဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဘက်ပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ရန်အတွက် အချို့သော အနောက်နိုင်ငံများထံမှ ပံ့ပိုးမှု အမျိုးမျိုးရရှိထားသော အဖွဲ့အစည်းများနှင့် မီဒီယာများ၏ စာရွက်စာတမ်းများနည်းတူ လှုံ့ဆော်သည့်အစီရင်ခံစာဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် မဟာမင်းကြီးရုံးသည် မြန်မာနိုင်ငံသားတို့၏ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်ကို တားဆီးပိတ်ပင်ရန် ရည်ရွယ်၍ နိုင်ငံပိုင်လုပ်ငန်းများအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများဆောင်ရွက်ရန် တောင်းဆိုထားပြီး ယင်းမှာ စင်စစ်တွင် ပြည်သူလူထု၏ လူနေမှုဘဝအပေါ် သက်ရောက်စေမည်ဖြစ်သည်။ မဟာမင်းကြီးရုံးသည် ယင်းကို ဖုံးကွယ်ရန် မည်မျှပင်ကြိုးပမ်းစေကာမူ စီးပွားရေးအရ ပိတ်ဆို့မှုများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ထိခိုက်မှသာ ယင်းပိတ်ဆို့မှုများ ထိရောက်သည်ဆိုသည့်အချက်မှာ အများပြည်သူအသိပင်ဖြစ်သည်။

အလားတူ လူ့အခွင့်အရေးဆိုင်ရာ ခေတ္တမဟာမင်းကြီးသည်လည်း မြန်မာအစိုးရအပေါ် တစ်ဖက်သတ် စွပ်စွဲချက်များဖြင့် ချဲ့ကားပြောကြားခဲ့သော်လည်း အပြန်အလှန် ဆွေးနွေးပွဲများတွင် သက်ဆိုင်ရာ မြန်မာနိုင်ငံ၏ ပါဝင်တက်ရောက်ခွင့်၊ ခုခံချေပခွင့်ကို ရည်ရွယ်ချက်ရှိရှိဖြင့် ချန်လှပ်ခဲ့သည်။ ခေတ္တမဟာမင်းကြီးက နိုင်ငံအတွင်း အချို့သော ထိတွေ့မှုဖြစ်စဉ်များကို ပြောကြားခဲ့ရာတွင် တိုင်းရင်းသားဒေသအချို့ရှိ လက်နက်ကိုင်အဖွဲ့များ၏ အကူအညီဖြင့် NUG နှင့် PDFs အကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ပြည်သူများအပေါ် ဆိုးရွားစွာ ကျူးလွန်မှုများကို ထုတ်ဖော်ပြောကြားရန် ပျက်ကွက်ခဲ့သည်။ ယင်းသို့ လက်နက်ကိုင်အဖွဲ့များမရှိသည့်နေရာများတွင် တည်ငြိမ်အေးချမ်းလျက်ရှိသည်ကို ငြင်းပယ်၍မရကြောင်း အလေးထားဖော်ပြအပ်သည်။ ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂအဖွဲ့အစည်း ၁၅ ခုနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း ၂၆ ခု ရုံးလည်ပတ်လျက်ရှိရာ လူသားချင်းစာနာမှုအကူအညီများပေးအပ်ခွင့် ငြင်းပယ်ခံရကြောင်း စွပ်စွဲချက်မှာ ယုတ္တိမရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် အတည်ပြုပြီးသော နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန်အသင့်ရှိသော်လည်း “ရိုဟင်ဂျာ” အသုံးအနှုန်းကို မြန်မာနိုင်ငံက မည်သည့်အခါကမျှ အသိအမှတ်မပြုကြောင်း ဖော်ပြအပ်သည်။

လူ့အခွင့်အရေးကောင်စီ၏ မူများနှင့်အညီ ရပ်တည်သည့်နိုင်ငံများကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ လူ့အခွင့်အရေးကောင်စီ၏ (၅၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သော မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် ချို့ယွင်းချက်များဖြင့် အစီရင်ခံစာများ၊ တင်ပြချက်များနှင့် နိုင်ငံအချို့၏ စွက်ဖက်ပြောကြားချက်များကို မြန်မာနိုင်ငံက ရှုတ်ချပြီး ပြတ်သားစွာ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်**

✻ ကရင်ပြည်နယ်မှ

“ပြည်နယ်မှာ မြစ်ရေတင်စီမံကိန်း ခုနစ်ခုရှိပါတယ်။ စီမံကိန်းအကျိုးပြုဧက ၆၀၀၀ ဖြစ်ပါတယ်။ ကမ်းနီမြစ်ရေတင်လုပ်ငန်းဟာ ဒီဇယ်ကနေ လျှပ်စစ်မြစ်ရေတင်ကို အဆင့်မြှင့်တင်ပြုပြင်လျက်ရှိတာကြောင့် ရေပေးဝေခြင်းမရှိဘဲ ကျန်မြစ်ရေတင်လုပ်ငန်း ခြောက်ခုကနေ ရေပေးဝေလျက်ရှိပါတယ်။ ဆိုလာတပ်ဆင်ထားတဲ့ နောင်ခရိုင်ဆိုလာရေတင်ကတော့ နွေသီးနှံရာသီမှာ ဒေသခံတောင်သူတွေရဲ့ စိုက်ပျိုးဧက ၁၀၀ ကို ရေပေးဝေသွားမှာဖြစ်ပါတယ်။ နိုဝင်ဘာလ ဒုတိယပတ်လောက်ကစပြီး ရေပေးဝေဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ မိုးစပါးအောင်ရေ လိုအပ်တဲ့ လယ်ဧက ၄၀၀၀ ခန့်ကို ရေပေးဝေဖို့အတွက် ကြိုတင်စီမံ ဆောင်ရွက်လျက်ရှိပါတယ်”ဟု ကရင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားသည်။


သံလှယ်မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။

ကရင်ပြည်နယ်အတွင်း တရုတ်လှ၊ ဘားကပ်၊ ထုံးအိုင်၊ ဇာသပြင်၊ သံလှယ်နှင့် ကျိုင်း စသည့် မြစ်ရေတင်စီမံကိန်း ခြောက်ခုမှ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

စိုက်ပျိုးရေပေးဝေမှုအနေဖြင့် ၂၀၁၆-၂၀၁၇ တွင် မိုးစပါး ၂၀၅ ဧကနှင့် နွေသီးနှံ ၁၄၁၆ ဧက၊ ၂၀၁၇-၂၀၁၈ တွင် မိုးစပါး ၂၁၁ ဧကနှင့် နွေသီးနှံ ၁၁၀၆ ဧက၊ ၂၀၁၈-၂၀၁၉ တွင် မိုးစပါး ၄၇၈ ဧကနှင့် နွေသီးနှံ ၁၆၃၈ ဧက၊ ၂၀၁၉-၂၀၂၀ တွင် မိုးစပါး ၃၃၂ ဧကနှင့် နွေသီးနှံ ၁၇၉၇ ဧက၊ ၂၀၂၀-၂၀၂၁ တွင် မိုးစပါး ၂၂၅ ဧကနှင့် နွေသီးနှံ ၂၀၃၃ ဧက၊ ၂၀၂၁-၂၀၂၂ တွင် မိုးစပါး ၃၂၅ ဧကနှင့် နွေသီးနှံ ၂၄၈၆ ဧက စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ ဒေသရဲ့ လိုအပ်ချက်၊ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် ရေစီမံခန့်ခွဲမှုလုပ်ငန်းတွေကို စနစ်တကျ စီမံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြစ်ရေတင် ရေသောက်ဧရိယာအတွင်းမှာရှိတဲ့ တောင်သူတွေရဲ့ လယ်ယာတွေ အောင်ရေရရှိဖို့၊ နွေစပါး၊ နွေသီးနှံ၊ သီးထပ်စိုက်ပျိုးနိုင်ဖို့နဲ့ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေဖြည့်စွက်ပေးဝေနိုင်ဖို့အတွက် ကော့ကရိတ်မြို့နယ်မှာ ကမ်းနီလျှပ်စစ်မြစ်ရေတင် ဧက ၅၀၀ ကို ဒီဇယ်ရေတင်ကနေ လျှပ်စစ်မြစ်ရေတင်အဖြစ် ယခု ဘဏ္ဍာနှစ်မှာ စတင်ဆောင်ရွက်လျက်ရှိပါတယ်”ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) သည် လှိုင်းဘွဲ့မြို့နယ်တွင် စိုက်ဧက ၁၀၀၀ စိုက်ပျိုးရေပေးဝေနိုင်မည့် ကော့နွဲ့လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အကြိုဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာမှုများ ဆောင်ရွက်ထားရှိပြီး မြစ်ရေတင်စီမံကိန်းအသစ် တည်ဆောက်နိုင်ရန်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လျာထား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)သည် တောင်သူများ၏ စိုက်ပျိုးမြေများ စိုက်ပျိုးရေကို အလေအလွင့်မရှိ စနစ်တကျပေးဝေနိုင်စေရန်အတွက် ရေအသုံးချသူတောင်သူများကိုယ်တိုင်ပါဝင်သည့် ရေအသုံးချသူများအဖွဲ့ (WUG) များကို ဖွဲ့စည်းထားပြီး မြစ်ရေတင်စီမံကိန်းဧရိယာအတွင်း ရေအသုံးချသူများအဖွဲ့ ၃၉ ဖွဲ့ ဖွဲ့စည်းထားရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)အနေဖြင့် ကရင်ပြည်နယ်အတွင်း သောက်သုံးရေခက်ခဲသည့်ဒေသများတွင် တွင်းတူးစက်ကြီး နှစ်စီးဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရန် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်အတွင်း စက်ရေတွင်း ၁၃၄ တွင်းကို တူးဖော်ပေးခဲ့ကြောင်း သိရသည်။

**သန်းမင်းအောင် (သတင်းစဉ်)**

## ပင်လုံမြို့၌ ဆောင်းနေကြာသီးနှံ စံပြကွက်စိုက်ပျိုးခြင်း ဆောင်ရွက်

**ပင်လုံ အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသတွင်းစားသုံးဆီဖူလုံစေရေး၊ မိသားစုဝင်ငွေတိုးတက်ရရှိစေရေး၊ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိစေရေးတို့အတွက် ရည်ရွယ်၍ ဆီထွက်သီးနှံ နေကြာသီးနှံများကို ဒေသခံအကျိုးဆောင်တောင်သူများနှင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ရေဆင်း(၁) စပ်မျိုးနေကြာစံပြကွက် ၄၃၄ ဧက စိုက်ပျိုးခြင်းကို ကွင်းဆင်းသရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပင်လုံမြို့တွင် ဆောင်းသီးနှံနေကြာ ၄၃၄ ဧက စိုက်ပျိုးထားပြီးကြောင်း၊ တောင်သူများအား စိုက်နည်းစနစ်မှန်ကန်စေရေး၊ အထွက်ကောင်းမျိုးများသုံးစွဲရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်စေရေးတို့အတွက် ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက လက်တွေ့ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆောင်းနေကြာသီးနှံစံပြကွက်စိုက်ပျိုးမည့် တောင်သူများအား သွင်းအားစု၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာများကို မြို့စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ပုသိမ်မြို့၌ သဘာဝရေပြင် ငဝန်မြစ်အတွင်း ငါးမျိုးများ စိုက်ထည့်

**ပုသိမ် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ပုသိမ်မြို့နယ် ငဝန်မြစ် သဘာဝရေပြင်သို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့ ရေဆင်းတံတားတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ပုသိမ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းကိုကို၊ ဒုတိယတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးမြသိန်း၊ ခရိုင်၊ မြို့နယ် စခန်းငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်၍ သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၃၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၆၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၁၉၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၁၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၉၀) တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၂၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၁၆,၉၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၄,၆၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၈,၉၉၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၃) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါ အခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်- ၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှု

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၂၈၅၇၃၈ | ၉၅၆၇၇၇၂ | ၁၀၈၅၀၆၀ |
| ၂။ | အိန္ဒိယ | ၄၄၅၉၉၄၆၆ | ၄၄၀၃၆၁၅၂ | ၅၂၈၇၁၆ |
| ၃။ | ပြင်သစ် | ၃၅၄၈၃၉၅၀ | ၃၄၆၀၉၃၆၃ | ၁၅၅၁၉၈ |
| ၄။ | ဘရာဇီး | ၃၄၇၂၆၅၀၆ | ၃၃၈၇၅၈၇၇ | ၆၈၆၄၂၁ |
| ၅။ | ဂျာမနီ | ၃၃၃၈၆၂၂၉ | ၃၂၄၃၀၄၀၀ | ၁၅၀၀၆၄ |
| ၆။ | တောင်ကိုရီးယား | ၂၄၈၄၈၁၈၄ | ၂၄၂၈၇၇၉၃ | ၂၈၅၂၈ |
| ၇။ | ဗြိတိန် | ၂၃၆၇၂၈၅၅ | ၂၃၃၆၅၂၉၁ | ၁၉၀၃၁၇ |
| ၈။ | အီတလီ | ၂၂၅၄၂၅၆၈ | ၂၁၈၉၈၄၂၂ | ၁၇၇၁၉၇ |
| ၉။ | ဂျပန် | ၂၁၃၈၅၆၆၂ | ၂၀၄၀၅၃၇၃ | ၄၅၀၈၄ |
| ၁၀။ | ရုရှား | ၂၁၀၉၄၈၇၂ | ၂၀၂၂၁၃၃၉ | ၃၈၇၆၆၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၈၂၃၄ | ၁၀၅၉၃၉၈၆ | ၄၃၁၅၁ |
| ၂။ | အင်ဒိုနီးရှား | ၆၄၃၇၇၅၀ | ၆၂၆၂၈၂၀ | ၁၅၈၁၅၆ |
| ၃။ | မလေးရှား | ၄၈၄၅၁၀၉ | ၄၇၈၅၃၉၈ | ၃၆၃၈၀ |
| ၄။ | ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၂ | ၃၂၇၇၁ |
| ၅။ | ဖိလစ်ပိုင် | ၃၉၅၇၁၁၂ | ၃၈၆၇၂၄၂ | ၆၃၀၇၈ |
| ၆။ | စင်ကာပူ | ၁၉၁၆၉၉၃ | ၁၈၃၅၅၄၄ | ၁၆၂၂ |
| ၇။ | မြန်မာ | ၆၂၄၆၈၂ | ၅၉၈၉၉၄ | ၁၉၄၆၃ |
| ၈။ | ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၉၀၉ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၉၇ | ၁၃၄၇၆၇ | ၃၀၅၆ |

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း ၁၇ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ အင်အားပြင်းမုန်တိုင်း နိုရူကြောင့် သေဆုံးမှုများဖြစ်ပွား

**ဟနွိုင်း အောက်တိုဘာ ၄**

ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ အင်အားပြင်းမုန်တိုင်း နိုရူဝင်ရောက်တိုက်ခတ်ခဲ့ခြင်းကြောင့် သေဆုံးမှုများဖြစ်ပွားခဲ့ကြောင်းနှင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းပြည်နယ်များ၌ အဆိုပါမုန်တိုင်း ဝင်ရောက်ခဲ့ရာမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် အနည်းဆုံး ရှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ဒေသဆိုင်ရာ မိုးလေဝသ အာဏာပိုင်များ၏ ပြောကြားချက်အရ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဝင်ရောက်တိုက်ခတ်ခဲ့သည့် အင်အားပြင်းမုန်တိုင်းနိုရူသည် နှစ်ပေါင်း ၂၀ အတွင်း ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း နိုရူဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် အဆောက်အအုံ ၁၇၀၀၀ ကျော် ရေလွှမ်းမိုးမှု ဒဏ်ခံခဲ့ရကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း နိုရူဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ထိုင်းနိုင်ငံအတွင်းရှိ ဒေသအများအပြား၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံအတွင်းရှိ ပြည်နယ်များအနက် သုံးပုံတစ်ပုံနီးပါးသည် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရကာ အနည်းဆုံးသုံးဦးသေဆုံးခဲ့ကြောင်း ထိုင်းနိုင်ငံအစိုးရက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အလင်းသစ်**

■





# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၄၂၃ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၄**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၄၂၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၈၄၈၁၈၄ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေး အာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၀၆ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန်ရှိသူများ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉ ဦး ထပ်မံတွေ့ရှိခြင်း ကြောင့် အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၈၅၂၈ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

■

# မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုနှင့် စပ်လျဉ်း၍ တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ် ပြစ်တင်ဝေဖန်

**ဆိုးလ် အောက်တိုဘာ ၄**

တောင်ကိုရီးယားနိုင်ငံသမ္မတ ယွန်ဆက်ယိုးလ်သည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြင်းထန်စွာပြစ်တင်ဝေဖန်ခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယား စစ်ဘက်ကသာမက နိုင်ငံတကာအသိုက်အဝန်း၏ ပြင်းပြင်းထန်ထန်တုံ့ပြန်မှုကို ခံရလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါမြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်ခဲ့သည့် ဒုံးကျည်သည် ကီလိုမီတာ ၄၀၀၀ ခန့်အထိ ရောက်ရှိသွားခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်က သတင်းထောက်များအား ပြောကြားခဲ့သည်။

ထို့ကြောင့် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည် ပစ်လွှတ်ခဲ့မှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီအား အစည်းအဝေးတစ်ရပ်ကျင်းပရန် တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်က တောင်းဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်ခဲ့သည့် အလယ်အလတ်အဆင့်ရှိ ပဲ့ထိန်းဒုံးကျည်သည် အောက်တိုဘာ ၄ ရက် နံနက် ၇ နာရီ ၂၃ မိနစ်တွင် ဂျာဂန်ပြည်နယ်မြောက်ပိုင်းမှ ပစ်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ စစ်တပ်၏ ပူးတွဲစစ်ဦးစီးချုပ်က ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အလင်းသစ်**

# အီကွေဒေါနိုင်ငံ အကျဉ်းထောင်အတွင်း အဓိကရုဏ်းဖြစ်ပွားမှုကြောင့် အနည်းဆုံး ၁၅ ဦးသေဆုံး

**ကွီတို အောက်တိုဘာ ၄**

အီကွေဒေါနိုင်ငံအလယ်ပိုင်း လာတာကွန်ဂါမြို့ရှိ အကျဉ်းထောင်တစ်ခု၌ အဓိကရုဏ်းဖြစ်ပွားခဲ့မှု ကြောင့် အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့ကြောင်းနှင့် ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း အီကွေဒေါနိုင်ငံ ရှေ့နေချုပ် ရုံးက ပြောကြားသည်။

အဆိုပါ အကျဉ်းထောင်အတွင်း အဓိကရုဏ်း ဖြစ်ပွားခဲ့ခြင်းကြောင့် ထောင်အာဏာပိုင်များက လုံခြုံရေးအစီအမံများကို စတင်ဆောင်ရွက်ခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့များကိုလည်း အကူအညီ တောင်းခံခဲ့ရကြောင်း သိရသည်။

ယင်းသို့ အကျဉ်းထောင်အတွင်း အဓိကရုဏ်း ဖြစ်ပွားခဲ့ရသည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းအီကွေဒေါနိုင်ငံ အစိုးရကပြောကြားသည်။

အီကွေဒေါ နိုင်ငံသမ္မတ ဂွီလာမိုလက်ဆိုကလည်း သေဆုံးခဲ့သူများ၏ မိသားစုများအား ဝမ်းနည်း ကြောင်း သတင်းစကားပေးပို့ခဲ့ကြောင်း သိရသည်။

အီကွေဒေါနိုင်ငံ၌ အကျဉ်းထောင်အကြမ်းဖက်မှုကြောင့် ၂၀၂၁ ခုနှစ်အတွင်းက အကျဉ်းသား ၃၀၀ ကျော် သေဆုံးခဲ့ကြောင်းနှင့် ယခု ၂၀၂၂ ခုနှစ်တွင်လည်း အကျဉ်းထောင်အကြမ်းဖက်မှု ဆက်လက် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၆၈၇ ဦး ထပ်မံတွေ့ရှိ

**မော်စကို အောက်တိုဘာ ၄**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၆၈၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၀၉၄၈၇၂ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာမှ တာဝန်ရှိသူများက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ပြောကြားချက်အရ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၇ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၈၇၆၆၆ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၅၄၃၇ ဦး ထပ်မံတွေ့ရှိခဲ့ခြင်း ကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၂၂၃၃၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၄၂ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၂၀၂၉၄၄ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ငွေကြေးအကျိုးအမြတ်ရယူ၍ ဇနီးမယားအဖြစ် ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၄

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ငွေကြေးအကျိုးအမြတ်ရယူ၍ ဇနီးမယားအဖြစ် ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၃ နှစ် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နေ မမေသက်ညို တိမ်းရှောင်တရားခံများဖြစ်သည့် ပြည်ကြီးတံခွန်မြို့နယ်နေ ကိုထွန်း(ခ) အောင်မြင့်ထွန်း(ခ)မြွေပွေးထွန်းထွန်းနှင့် ပင်လည်ဘူးမြို့နယ်နေ မအိအိခိုင်တို့ သုံးဦးက တစ်မြို့တည်းနေ မ------၊ ၂၂နှစ်ကို တရုတ်ယောကျ်ားယူလျှင် ငွေကျပ် သိန်း ၂၀ ရရှိမည်ဟု ပြောဆိုကာ တရုတ်အမျိုးသားထံ ငွေကြေးအကျိုးအမြတ်ရယူ၍ ဇနီးမယားအဖြစ် ရောင်းစားခဲ့သဖြင့် ပြည်ကြီးတံခွန် မြို့မရဲစခန်း (ပ)၅၂/၂၀၂၀ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်၍ မန္တလေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၃၀ ရက်တွင် တရားခံ မေသက်ညိုအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ပြီး တိမ်းရှောင်တရားခံ ကိုထွန်း(ခ) အောင်မြင့်ထွန်း (ခ)မြွေပွေးထွန်းထွန်းနှင့် မအိအိခိုင်တို့အား ရာဇဝတ်ကျင့်ထုံးဥပဒေ ၈၇/၈၈ အရ တရားခံပြေးသတ်မှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၅၆ မိုင် ၃ ဖာလုံတွင် ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် နိုင်ငံခြားဖြစ် အရက်မျိုးစုံ၊ စီးကရက်နှင့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၅၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်း၊ ကွဲဆည်ကန် (၁)လမ်း၌ ကုန်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘေထုပ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၀၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း၌ သိမ်းဆည်းရမိသည့် ဘေထုပ်အထည်များနှင့် တင်ဆောင်လာသည့်ယာဉ် မှတ်တမ်းဓာတ်ပုံ။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁ ရက်တွင် မြိတ်-ထားဝယ်ကားလမ်း၊ ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ၊ အင်ဂျင်ဝိုင်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၅၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ အောက်တိုဘာ ၃ ရက်တွင် ကော့သောင်းမြို့နယ် အဏ္ဏဝါရပ်ကွက်အတွင်းတွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Singha Beer ဖာ ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၄၃၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အောက်တိုဘာ ၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၁ ဒသမ ၉၆၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၆၉၂) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၃၉၉၂၄) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် အောက်တိုဘာ ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် စားသုံးဆီ ၁၇၀၀ လီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀) နှင့် အဆိုပါ စားသုံးဆီများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ သာယာဝတီခရိုင်နှင့် နတ္တလင်းခရိုင်များအတွင်း တရားမဝင်ကျွန်းသစ်နှင့် သစ်မာ ၇၃ ဒသမ ၉၂၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၉၄၉၈၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁ ရက်၊ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၆၆၇၅၉၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၀-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊ စက်တင်ဘာလ)(စတုတ္ထပိုင်း)
၀၉:၁၀ ရိုက်ပျိုးမွေးမြူသူတဘဝ "ငါးသယံဇာတထိန်းသိမ်းရေး"
၀၉:၄၅ မြတ်ဆရာ
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၅ ရွှေယံစုံလင် အာဆီယံအစီအစဉ်
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း'** (အပိုင်း-၁၄)
၁၃:၀၀ သီချင်းကြိုးဝင်ဒေသာ
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၆+၇)
၁၅:၃၀ မျိုးဝင်တင့်စေဆိုကရေးတီးအငွေ
၁၆:၃၅ အသိပညာနှင့်အမှန်တရား
၁၆:၅၀ လမြတ်ရာသီ သီတင်းကျွတ်ချိန်ခါဝိ
၁၇:၁၅ အနန္တဝဏ်အင် ဆရာရှင်
၁၇:၃၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်ဒေါက်တာရင်ရင်နွယ်နှင့် တွေ့ဆုံမေးမြန်းခြင်း
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ (၃၀)ဗြာမဂ်လာ(ဦးနန္ဒဝင်း ရေးသားပူဇော်တင်ဆက်သည်) "သုဘာသိတာ စယာဝါစာ"(အကြောင်းသုံးပါးညီညွတ်အောင်ပြောဆိုတတ်ခြင်း)
၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း'** (အပိုင်း-၂၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြ မြန်မာတေးအလှ
၂၁:၃၀ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝဏ်ပြအငြိမ့် (ရွှေမြန်မာအငြိမ့်)

### mitv

07:02 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
07:09 Listening Pleasure, Instrumental Music (Banjo) Baranee
07:18 Excavation at Kawhmu
07:28 Let's taste Sabuti
07:35 Myanma Gone Yi U Sein Tun Kyi
08:01 News
08:27 Nga Laik Dam & Nga Laik Kan Tha Eco Resort
08:38 From Bamboo Strip to Sublime Buddha
09:01 Mural Painting Bagan
09:13 Finding Ways for Coexistence between People and Elephants
09:27 Myanmar's Entrepreneurs: Soe Moe Aung
09:39 Geographic Center of Myanmar
10:01 New
10:27 Topical Topics

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
သံပုရာခွံ့အရန်ဟင်းချက်ပြုတ်နည်း

**ချင်း (ဆွမ်း) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ကြာပန်းတို့ရှိရာသို့တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ရွာလွတ်ဆေးတံ

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ(အပိုင်း-၂)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
မောတို့ရွာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
မြင်းခွာရွက်နှင့်ကျန်းမာရေး

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကချင်ငါးပေါင်းချက်ကြမယ်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**ပကြော်ကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တံငါသည်တို့ရဲ့ရှိန်းကန်လှုပ်ရှားနေရတဲ့ဘဝ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စကားပုံများအကြောင်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်ဒေါက်တာရင်ရင်နွယ်နှင့် တွေ့ဆုံမေးမြန်းခြင်း
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကိုယ်နှင့်မဆိုင်သော်လည်း'**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
၁၁:၀၀ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်
၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၅၀ တောင်သူဘဝတိုးတက်ရေး FAO တကူညီပေး
၀၇:၅၀ ရောဂါဒဏ်ခံနိုင်ရည်ရှိပို့စပ်မျိုးဘရမ်းချဉ်မျိုးများစိုက်ကြစို့
၀၈:၅၀ ကြံလမိုင်းစနစ်တကျစိုက်ပျိုးပါကတောင်သူ့အတွက်အကျိုးများ
၀၉:၄၀ ချောင်းမကြီးဝါသီးနှံမျိုးသန့်ခြံသည်ဝါစိုက်တောင်သူများ၏အကျိုးကိုဦးတည်

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ကြီးတံခွန်မြို့နယ်၌ ယာဉ်မောင်းအားသတ်ဖြတ်ကာ မော်တော်ယာဉ်လုယက်ယူဆောင်ခဲ့သည့်တရားခံကို ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၄

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ယာဉ်မောင်းအား သတ်ဖြတ်ကာ မော်တော်ယာဉ်လုယက်ယူဆောင်ခဲ့သည့် တရားခံကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ချိတ်ဆက်ပူးပေါင်းဖော်ထုတ်မှုဖြင့် နှစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် ည ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၆၇ လမ်းနှင့် စက်မှုပန်းခြံလမ်းကြား၌ အမျိုးသားတစ်ဦး လဲကျသေဆုံးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသားတစ်ဦး ဝဲရင်အုံထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာခြေသလုံးထိုးသွင်းဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် စက်မှုနယ်မြေရဲစခန်း၌ (ပ)၂၅၅/၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့်ကာ တရားခံဖမ်းဆီးရမိနိုင်ရေးနှင့် သေဆုံးသူအား အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့သည်။

သေဆုံးသူနှင့်ပတ်သက်၍ စုံစမ်းအတည်ပြုခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးပြည့်စုံထွန်း ၃၀ နှစ် အငှားယာဉ်မောင်းနှင်သူဖြစ်ပြီး ယင်းနေ့နံနက် ၈ နာရီခန့်တွင် ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၅၄ လမ်းကြားရှိ "ရွှေသိင်္ဂီ"တည်းခိုခန်းတွင် တည်းခိုနေသူတစ်ဦးက မြို့တွင်းဘုရားဖူးရန် ကားငှားသဖြင့် ၎င်းမောင်းနှင်သည့် MDY CC–4268 Toyota Mark II မော်တော်ယာဉ်ဖြင့် လိုက်ပါပို့ဆောင်ပေးရာမှ အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်းနှင့် ၎င်းမောင်းနှင်ခဲ့သည့် မော်တော်ယာဉ်မှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း ကနဦးဖော်ထုတ်သိရသည်။

ထို့နောက် တရားခံဖမ်းဆီးရမိနိုင်ရေးနှင့် မော်တော်ယာဉ်အား ပြန်လည်သိမ်းဆည်းရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက "ရွှေသိင်္ဂီ"တည်းခိုခန်းသို့ သွားရောက်စုံစမ်းခဲ့ရာ ၎င်းတည်းခိုခန်း၌ တည်းခိုနေထိုင်သည့် ကျော်သီဟဆိုသူမှ ၎င်း၏မိသားစုနှင့်အတူ ယင်းနေ့ည ၆ နာရီတွင် MDY CC–4268 Toyota Mark II မော်တော်ယာဉ်အား မောင်းနှင်၍ တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာကာ အခန်းခများရှင်းပြီး ထွက်ခွာသွားခဲ့ကြောင်း သိရှိရသဖြင့် မြို့ဝင်/ထွက် ဂိတ်များရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကွင်းဆက်မပြတ် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခဲ့ရာ အဆိုပါမော်တော်ယာဉ်မှာ ကျောက်ဆည်၊ သာစည်နှင့် အေးသာယာမြို့နယ်တို့မှတစ်ဆင့် တောင်ကြီးမြို့ဘက်သို့ ထွက်ခွာသွားကြောင်း သိရှိခဲ့ရသည်။




မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ယာဉ်မောင်းအား သတ်ဖြတ်ကာ မော်တော်ယာဉ်လုယက်ယူဆောင်ခဲ့သည့် တရားခံအား ပြန်လည်သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့် အတူ တွေ့ရစဉ်။

အောက်တိုဘာ ၃ ရက် ညနေ ၅ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် အနောက်မြို့ပတ်လမ်းပေါ်ရှိ ကားရေဆေးဆိုင်အတွင်း၌ အဆိုပါ MDY CC–4268 Toyota Mark II ယာဉ်အား တွေ့ရှိရပြီး စီးနင်းလာသူများမှာ အနောက်မြို့ပတ်လမ်းပေါ်ရှိ "လစ်ဗင်းကာလာ"တည်းခိုခန်း အခန်းအမှတ်(၂၀၂)၌ တည်းခိုနေကြောင်း စုံစမ်းသိရှိရသဖြင့် တည်းခိုခန်းအား ဝင်ရောက်ရှာဖွေခဲ့ရာ အခန်းအမှတ် (၂၀၂)၌ ကျော်သီဟ(ခ) တရုတ်ကြီး၏ဇနီးဖြစ်သူ မဝေဝေနွယ်နှင့် သားဖြစ်သူတို့ကို တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ကျော်သီဟ(ခ) တရုတ်ကြီးအား ည ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါတည်းခိုခန်းအပေါ်ထပ် ရေတိုင်ကီအတွင်းမှ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ကျော်သီဟ(ခ)တရုတ်ကြီး၏ ထွက်ဆိုချက်အရ ၎င်းသည် အလုပ်အကိုင်မရှိဘဲ မိသားစုနှင့်အတူ "ရွှေသိင်္ဂီ" တည်းခိုခန်း၌ စက်တင်ဘာ ၂၄ ရက်မှစ၍ တည်းခိုနေထိုင်ကာ သုံးစွဲရန်ငွေမရှိသဖြင့် ငွေရရှိရန် မော်တော်ယာဉ်တစ်စီးအား ငှားရမ်းအသုံးပြု၍ မော်တော်ယာဉ်အား ယာဉ်မောင်းအလစ် မောင်းနှင်ထွက်ပြေးယူဆောင် ရောင်းချရန် စီစဉ်ကာ ယခင်ကသိကျွမ်းခဲ့သည့် အိုးဝေမောင်းနှင်သူမှတစ်ဆင့် MDY CC–4268 Toyota Mark II မော်တော်ယာဉ်အား မြို့တွင်းဘုရားဖူးသွားရန် ငှားရမ်းခဲ့ကြောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် မော်တော်ယာဉ်အား ရန်ကင်းတောင် အရှေ့ဘက်ခြမ်းလမ်းကြားသို့ မောင်းနှင်စေခဲ့ပြီး အဆိုပါလမ်းကြားအရောက်၌ ၎င်း၏မိဘများလာမည်ဖြစ်၍ စောင့်ဆိုင်းပေးရန် ယာဉ်မောင်းအား လိမ်လည်ပြောဆိုပြီး ဇနီးနှင့်သားဖြစ်သူတို့အား ယာဉ်အောက်၌ စောင့်နေစေကာ ၎င်းမှ ယာဉ်၏အနောက်ခန်းတွင်ထိုင်၍ ယာဉ်မောင်းအလစ်အငိုက်အား စောင့်ဆိုင်းနေခဲ့ကြောင်း၊ ယာဉ်မောင်းဖြစ်သူမှာ ယာဉ်ပေါ်မှမဆင်းသဖြင့် ညနေ ၅ နာရီခန့်တွင် ၎င်းမှယာဉ်မောင်းအား အသင့်ယူဆောင်လာသည့် ဓားဖြင့်ထိုးကာ အလောင်းအား ၆၇ လမ်းနှင့် စက်မှုပန်းခြံလမ်းကြား၌ စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း။

အခင်းဖြစ်စဉ်က အသုံးပြုသည့် သက်သေခံဓားအား ကျောက်ဆည်မြို့အထွက်လမ်းဘေး ခြံတစ်ခုအတွင်းသို့ လွှင့်ပစ်ဖျောက်ဖျက်ခဲ့ကြောင်း၊ ထို့နောက် တောင်ကြီးမြို့သို့ လုယက်ယူဆောင်ခဲ့သည့် Toyota Mark II ယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး "လစ်ဗင်းကာလာ"တည်းခိုခန်း၌ တည်းခိုနေထိုင်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အငှားယာဉ်မောင်းကို သတ်ဖြတ်၍ ယာဉ်အားလုယက်ခဲ့သည့် တရားခံ ကျော်သီဟ(ခ)တရုတ်ကြီး ၂၅ နှစ် (ဘ) ဦးသန်းဝင်းဦးအား ၎င်းလုယက်ယူဆောင်ခဲ့သည့် MDY CC–4268 Toyota Mark II မော်တော်ယာဉ်တစ်စီး၊ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ ဦးပြည့်စုံထွန်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ယာဉ်မောင်းလိုင်စင်နှင့် အဝတ်အထည်များနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေလိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ချောမိမိငယ်သည် ၎င်းအသုံးပြုသည့် "Chaw Mi Mi Nge" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်ရှိ ညီမျိုးထက်(ခ) နေမျိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ ဇော်လင်းအောင်(ခ) ခြေချင်း (ခ) မူးကြောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ ညနေ ၅ နာရီ မိနစ် ၅၀ တွင် မရမ်းကုန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း မြက်ကျွန်းသာကားပါကင်တွင် သိန်းဇော်အား အိုက်စ် သုည ဒသမ ၀၂ ကီလို၊ ယာဉ်တစ်စီးကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် စိုင်းဆိုင်နွံ မောင်းနှင်ပြီး ခွန်အောင်ဆန်းဦး လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ကီလို ၂၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်း ရပ်ကွက်ရှိ စိုင်းဆိုင်နွံ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မဗျာမလေး(ခ) သံစဉ်ချို၊ မျိုးအောင်၊ ဇော်မိုင်နှင့် စိုင်းသက်ကိုကိုဦးတို့ လေးဦးကို တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ည ၉ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ အားရှီ(ခ)အားစစ်(ခ)အဘော၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၀၀ ကိုလည်းကောင်း။

အလားတူ အောက်တိုဘာ ၂ ရက် ညနေ ၄ နာရီခွဲတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့ အမှတ်(၁)ရပ်ကွက်တွင် သန်းထွန်းဝင်း(ခ) အိတာ မောင်းနှင်ပြီး မျိုးအောင် လိုက်ပါလာသည့် ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေ ရာ ဆာလဖျူရစ်အက်စစ် လီတာ ၁၃၆၅၀၊ ဆိုဒီယမ်အီသောက်ဆိုက် ကီလို ၅၄၀၀၊ မက်သနောနိုက်ထရစ်အက်စစ် လီတာ ၂၁၆၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# PDF အမည်ခံ အကြမ်းဖက်သမားများက ကောလင်းမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအား လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်

နေပြည်တော် အောက်တိုဘာ ၄

NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက် ဖျက်ဆီးလျက်ရှိရာ အောက်တိုဘာ ၃ ရက် ညနေ ၄ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြို့ကုန်းမြို့မရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့သည်။

ထိုသို့ ပစ်ခတ်ခဲ့ခြင်းကြောင့် ကျောင်းအတွင်းရှိ နှစ်ထပ်ကွန်ကရစ်ဆောင်အပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ခေါင်မိုးနှင့် အသုံးအဆောင်ပစ္စည်းများ ထိမှန်ပျက်စီး ဆုံးရှုံးခဲ့သည်။ ယင်းသို့စာသင်ကျောင်းအား နှောင့်ယှက်ပစ်ခတ်ခဲ့သော အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရိုးရာစည်းမျဉ်းနှင့် အကသဘင်

**မြန်မာ့ရိုးရာအနုပညာသည် တိမ်ကောပပျောက်သွားရန် မလွယ်ပေ။ အထူးသဖြင့် အကပညာသည် လူတိုင်းစိတ်ဝင်စားသော စိတ်၏ဖျော်ဖြေရာ ရိုးရာကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်သည်။ မြန်မာတို့တွင် အကအနုပညာရှိသကဲ့သို့ လူမျိုးတိုင်းတွင်ရှိပေသည်။ မြန်မာတို့မွေးစကတည်းက မိခင်၏ သင်ကြားမှုဖြင့် လက်ကလေးများ ကွေးချည်ဆန့်ချည် ချိုမိုင်မိုင်နှင့် ဘဝကို အကဖြင့် ဝင်လာခဲ့ကြသည်။**

ရွှေဘိုသီရိမာလာ

### "မှင်" ရှိသည်ဟု ဆိုကြ

မြန်မာတို့သည် ဘာသာယဉ်ကျေးမှုကို လေးစားသလို ကပြဖျော်ဖြေမှုကို မြတ်နိုးခုံမင်ကြသည်။ အကတွင် အငြိမ့်အက၊ ဇာတ်အက၊ အပျိုတော်အက၊ ဇော်အက ဘာသာရပ်အလိုက် အမျိုးမျိုးရှိကြရာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မတိမ်ကော မပပျောက်အောင် နိုင်ငံတော်က ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်၍ လေ့ကျင့်ပြိုင်ပွဲဝင်လျက်ရှိသဖြင့် မြန်မာ့အကသည် တစ်စခန်းထ ပေါ်လွင်ထင်ရှားလျက်ရှိသည်။ အကဟူသည်မှာ အနေ့အကကို အမြန်အကဖြင့် မဲတင်းသလို အမြန်အကကို အနှေးအကဖြင့် မဲတင်းသည်။ အထိုင်ကကို အထကဖြင့်၊ အထကကို အထိုင်ကဖြင့် မဲတင်းသည်။ အနုကနှင့် အကြမ်းက၊ အရှေ့ကိုကိုင်း၍ ကခြင်းကို အနောက်ဘက်ကို နွဲ့၍ကခြင်းဖြင့် မဲတင်းသည်။ ဘယ်ခြေညာလက် ဘယ်ညာစသည့် အမူအရာများအပြင် ကချေသည်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ဖြင့်လည်း တစ်ခုကတစ်ခုကို မဲတင်းညှိပေးသည်။ မေးထိုးခြင်း မျက်နှာသွင်ပြင်အမူအရာကလည်း ညှိပေးရသည်။ ခေါင်း၊ ခါး၊ ရင်၊ တင်၊ ဒူး စသည်ကလည်း လိုသလိုလှုပ်ရှားညှိပေးရသည်။ "ခြေလက်ကိုသာ ဘယ်ညာပြောင်း ခေါင်းလည်းကိုယ်လည်းပါ"ဟု အကအနုပညာတွင် ဆိုသောစာ၏အဓိပ္ပာယ်မှာ မဲတင်းညှိပေးခြင်းသဘော၏ အဓိပ္ပာယ်ပင်ဖြစ်သည်။ ဤသို့သော အဆို၊ အကတို့တွင် ကိုယ်အမူအရာ၊ အသံ၏ဌာန် နိုင်နိုင်နင်းနင်းတို့ဖြင့် ချက်ပိုင်ပိုင် ညှိပေးခြင်းကို သုခုမအနုပညာသဘင်တွင် "မှင်" ရှိသည်ဟု ဆိုကြလေသည်။

အဆိုပါမှင်တို့တွင် အကြောင်းအရာအတ္ထုပ္ပတ္တိတို့ကိုလိုက်၍ အလိုရှိသော "ရသ" ပေါ်လွင်အောင် သဘာဝယုတ္တိကျကျနှင့် သဘင်သည်အနုပညာရှင်တို့သည် သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကပြခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးရပေသည်။ နှစ်ပါးသွားသစ္စာထား အဆို၊ အကများတွင် မျောက်မင်းအူသံ၊ ငိုခြင်းသံအဆို အတီးအကမျိုးနှင့် မဆီလျော်သကဲ့သို့ ပူခန်း၏အဆိုအတီးအကတို့တွင် နှစ်ပါးသွားအဆို၊ အတီး၊ အကမျိုးဖြင့်ပြုလုပ်က သဘာဝယုတ္တိရှိသည်ဟု မဆိုနိုင်ပါချေ။ ဘီလူးခန်းတွင် ဘီလူး၏အဆိုသည် ကြမ်းတမ်းသောအသံ၊ ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများကို ဆောင်ရသကဲ့သို့ ၎င်းအကသည်လည်း မင်းသား၏ အနုအကမျိုးနှင့် မဆီလျော်ပါချေ။ ကြမ်းတမ်းသောအကမျိုးနှင့်သာလျှင် သဘာဝကျပေမည်။ တီးကွက်မှာလည်း ခပ်ကြမ်းကြမ်း စည်တိုသံများများနှင့် အဆင်ပြေမည်။ ဥပမာအားဖြင့် ရေးရ လျှင် နတ်ချင်း၏ နတ်သံအဆိုနှင့် နတ်ဒိုးနတ်ကကြိုးတို့သည် နတ်တို့၏သဘာဝယုတ္တိ ဆောင်နိုင်စေရသည်။

မြန်မာရှေးအကများတွင် ထင်ရှား



အငြိမ့်မင်းသမီး ဒေါ်သြဘာသောင်း

ကျော်ကြားခဲ့သော အနုပညာရှင်များကို ဖော်ပြရလျှင် ဒေါ်သြဘာသောင်းကို ညွှန်ပြရပေလိမ့်မည်။ ဒေါ်သြဘာသောင်း အငြိမ့်ကစဉ်ကတည်းက တီးလုံးတိုက်ကတည်းကပင် "ဒီတီးကွက်မှာ ဒီလိုလိုက်မည်၊ ဟိုတီးကွက်ကျလျှင် ဟိုလိုလိုက်မည်"ဟူ၍ ကကွက်ကို အတိအကျထားခြင်းမျိုးမရှိဟူ၍ ယူဆရပေမည်။

**ဆေးစက်ကျရာ အရုပ်ဖြစ်သည့်သဘော**

ဒေါ်သြဘာသောင်းအဖို့ ကကြိုးကကွက်ကို ကြိုတင်စဉ်းစားလျာထားခြင်းလုံးဝမရှိဘဲ တီးသံကြားမှ သင့်သလိုလှုပ်ရှားကပြလိုက်ခြင်း ဖြစ်တန်ရာသည်။ တစ်နည်းဆိုသော် ကျက်စာသဘောမျိုး လုံးဝမရှိဘဲ ဆေးစက်ကျရာ အရုပ်ဖြစ်သည့်သဘောမျိုး ကနိုင်စွမ်းပင်ဖြစ်ပါသည်။

ထို့ကြောင့် သီချင်းတေးသွားထပ်၍ တီးကွက်တီးချက်ထပ်၍ နေစေကာမူ ကကြိုးကကွက်များ ထပ်သည်ဟူ၍မရှိဘဲ တစ်ချိန်တွင် အကတစ်မျိုး၊ အခြားတစ်ချိန်တွင်လည်း အကတစ်မျိုးစီ၊ တစ်ပုံစီပြောင်းလဲ၍ ကလေသမျှမှာလည်း ကြည့်၍အချိုးအစားကျန လှပနေသည်ချည်းသာ ဖြစ်နေလေတော့သည်။

အချို့ အငြိမ့်မင်းသမီးများသည် တစ်ညတွင်သာကြည့်ရပြီး နောက်နေ့တွင်လည်း ဤကကြိုးကကွက်သာဖြစ်၍ ရိုးပြီး ပျင်းစရာကောင်းနေသည်။ ထို့ကြောင့်ပင် ထိုခေတ်ထိုကာလက ဒေါ်သြဘာသောင်းအား အကဘုရင်မကြီးတစ်ဆူအဖြစ် အသိအမှတ်ပြုကြရခြင်းဖြစ်လေသည်။ ဒေါ်သြဘာသောင်း (ခေါ်) မသောင်းတင်သည် သွက်လက်ဖျတ်လတ်မှုတွင် ရှာမှရှားဆိုလောက်ပါပေသည်။ ဒေါ်သြဘာသောင်းသည် ရုပ်ရည်မချော၊ အသားက ညို၊ အသံကပြာလျက် နှာသံပါသေးသည်။ ကိုယ်လုံးကိုယ်ပေါက်က ကြည့်ကောင်းသည်ဟု မဆိုသာပေ။

သို့ရာတွင် အကတွင် သွက်လက်ဖျတ်လတ်လျက် ဆေးစက်ကျရာ အရုပ်ဖြစ်ဆိုသကဲ့သို့ တခ်ဏုပ္ပတ္တိဉာဏ်စွမ်းဖြင့် ကပြနိုင်ခြင်း၊ အကမထပ်စေခြင်း၊ ကလိုက်သည့်အခါ ခြေလက်ဦးခေါင်း ကိုယ်နေကိုယ်ဟန်အားလုံး စုစုပေါင်းပြေပြစ်၏။ အချိုးအစားပြေပြစ်လှပခြင်းတို့ကြောင့် ပွဲကြည့်ပရိသတ်အပေါင်းသည် ညပေါင်းများစွာ ဆက်ကာဆက်ကာ ရှုစားကြစေသော်လည်း မငြီးငွေ့ မရောင့်ရဲ၊ ကြည့်၍ အားမရလျက်ပင်ဖြစ်အောင် ကပြနိုင်သည်ဖြစ်ရကာ ဒေါ်သြဘာသောင်း၏ အကအနုပညာမှာ ထူးထူးခြားခြား လေ့လာစံပြုချီးကျူးထိုက်ပေသည်။ ဒေါ်သြဘာသောင်းသည် နာမည်ကြီး မထွေးလေး၏ အကအနုပညာကို ရလိုက်သောသူဖြစ်သည်။ ဒေါ်အမာ၏ စာအုပ်တွင် မထွေးလေးသည် "မင်းသမီးဆိုတာ မထွေးလေးတို့မှ တကယ့်မင်းသမီးပီပေတာကလား" ဟူ၍ မထွေးလေးကို သိမီလိုက်သည့် သဘင်ပညာသည်တိုင်းက ချီးကျူးရသော မထွေးလေးဟုအဆိုပြုပါသည်။ မထွေးလေးသည် မင်းသမီးတစ်ယောက်အနေဖြင့် စွယ်စုံတော်သူဖြစ်ပေသည်။



အငြိမ့်မင်းသမီး လေဘာတီ မမြရင်

သဘင်ပညာသည်တစ်ဦး ကျော်ကြားသည်ဆိုလျှင် တစ်ခုကောင်းရှိကြပါသည်။ မထွေးလေးတို့ ကျော်ကြားခြင်းမှာ တစ်ခုမက စွမ်းသည့်အရည်အသွေးရှိသောကြောင့်ဖြစ်သည်။ မထွေးလေး အက၊ မထွေးလေးဟန်အမူအရာ၊ မထွေးလေး ဇာတ်စီးပုံမျိုးကား ယနေ့တိုင် သူ့ကိုမီသူမပေါ်သေး။ နောင်လည်း ပေါ်ဖို့မလွယ်ဟူ၍ သဘင်ရည်ဝသူတိုင်းက ဝန်ခံခဲ့ကြသည်။

**စွယ်စုံရမင်းသမီးကြီး**

မြန်မာအမျိုးသမီး စာစောင်တွင် မထွေးလေးမျိုးရိုးဇာတိမှာ ဘိုးတော်ဘုရားလက်ထက် မင်းသားကြီးသီဟနှင့် နှမတော်စပ်သည့် ကြင်ရာတော်မမကြီးတို့မှ ၁၂၂၆ ခုနှစ်တွင် ကျောက်ဆည်ခရိုင် အိုးထုတ်ကုန်းရွာ၌ ဖွားမြင်ခဲ့၍ မထွေးလေးလှူခဲ့သော လောကတန်ဆောင်ဘုရား၏ ကျောက်စာသံပိုင်းလက်ာ၌ ရေးထိုးထားသည်မှာ "အောင်မြင်အမရ၊ တည်ဖန်သာတည့်၊ ပင်းများဥက္ကဋ္ဌ၊ ဘိုးတော်နတ်၏ မြေးမြတ်သက၊ မင်းသီဟနှင့် နှစ်မအိမ်ရှင်၊ ဝတ်ငါးအင်ဖြင့်၊ ကြင်စလျာနီး၊ မမကြီးတို့၊ မညီးရင်သွေး၊ ဂုဏ်ပြန့်မွေးယား၊ ခင်ထွေးမည်ရ၊ ကျောင်းအမလျှင်"ဟူ၍ ရှိခဲ့သည်။ ကျောက်စာအရ သူ၏မျိုးရိုးဇာတိကို သိရသည်။ (၁၂)နှစ် သမီးအရွယ်ကပင် သီပေါနန်း၌ စုဘုရားကြီး၊ စုဘုရားလတ်တို့ထံ၌ အပျိုတော်အဖြစ် ခစားခဲ့သည်ဟူ၍ သိရသည်။ မြန်မာအကပညာကို ဉာဏ်နှင့်တီထွင်ဖန်တီးနိုင်သော ရှေးမင်းသမီးကြီးများအနက် ရုပ်လည်းချော ကိုယ်နေဟန် နွဲ့နှောင်းပြေပြစ်သော လှပလွန်း၍ မင်းသမီးအကဲပါလွန်းခြင်း၊ "မှင်" ဗျာပါကြွာ အလွန်ကောင်းသည်စသော ဂုဏ်ပုဒ်များနှင့် စွယ်စုံရမင်းသမီးကြီးသည် တစ်ခေတ်တွင် တစ်ယောက်သာထွန်းသည်ဟု ဆိုစမှတ်ပြုကြသည်။

မထွေးလေး၏ ကိန္နရာအက၊ ထဘီအနားခတ်အက ကြည့်မငြီးပေဟု ဆိုပါသည်။ သုခန္နေ၊ ဒွေးမယ်နော်ကို များများကတတ်သည်။ မနောဟရီဇာတ်၊ ပဋ္ဌာစာရီဇာတ်များ၌ အစွမ်းကုန်အလွမ်းသယ်ကြ



အငြိမ့်မင်းသမီး မထွေးလေး

သည်။ မထွေးလေး၏ဆရာများမှာ ဆရာပုကြီး၊ ဆရာညိုနှင့် ဆရာစိမ့်တို့ဖြစ်ကြ၍ မထွေးလေးဆိုခဲ့သော မင်္ဂလာရှင်ပြုဖြော သီချင်းကို စိန်ဗေဒါက နောက်မှ မင်္ဂလာဖြောညွှန့်ဟု ဆိုခဲ့ကြောင်း ဦးသော်ဇင် စာအုပ်၌ ညွှန်ပြထားသည်။ မန္တလေး ပန်တျာကျောင်း၌ အကနည်းပြနေသည့် ဆရာမကြီး ဒေါ်သြဘာသောင်းမှာ အမေထွေးကို မှီယူ၊ အမေထွေးထံ တပည့်ခံနည်းယူ၊ အမေထွေး၏ ဟန်ကလေးများနှင့် အကကို ကြိုးစားအတုယူသူဖြစ်သည်။ သဘင်ပညာနှင့်ပတ်သက်လျှင် မန္တလေး အနှစ်တစ်ရာသဘင်ခေတ်ကို အကြမ်းအားဖြင့် လေးပိုင်းမျှပိုင်း၍ကြည့်လျှင် မန္တလေး မြို့တည်နန်းတည် မင်းတုန်းမင်းကြီးနှင့် သားတော် သီပေါမင်းတို့ခေတ်တွင် နန်းတွင်းအီနောင်ဇာတ်၊ ရာမဇာတ် စသည်တို့ကို ကပြသည့် မယဉ်းတော်တို့၊ ကွမ်းငုံတို့၊ မတင်မိုးတို့၏ခေတ်ကို မန္တလေးပထမသဘင်ခေတ် (သို့မဟုတ်) ရတနာပုံခေတ်ဟု ခေါ်နိုင်ပါသည်။

မထွေးလေးတို့၊ ဆရာပုတို့ခေတ်ကို မန္တလေးဒုတိယသဘင်ခေတ်ဟု ခေါ်ဆိုကြသည်။ မြခြေကျင်း မငွေမြိုင်တို့၊ လေဘာတီမမြရင်တို့၊ သြဘာသောင်းတို့ခေတ်ကို မန္တလေးတတိယခေတ်ဟု မှတ်သားကြရပေမည်။ စစ်ပြီးပန်တျာခေတ်ကို မန္တလေးစတုတ္ထသဘင်ခေတ်ဟု ခေါ်ဆိုမှတ်ကြရပေသည်။ တစ်ခေတ်တွင် တစ်ခါထွန်းဆိုသကဲ့သို့ အကပညာနှင့်ပတ်သက်လျှင် နာမည်ကြီး အကပညာရှင်များ ရှေးကတည်းက ပေါ်ထွန်းခဲ့ပေသည်။ ဥပမာ အကျဉ်းအားဖြင့် ဖော်ပြရလျှင် ဒေါ်ယင်းတော်၊ ဒေါ်ဆင်ခိုး၊ မထွေးလေး၊ ဒေါ်စိန်ဆင်၊ ဒေါ်စိန်ဆုံ၊ ဒေါ်ဒေလီညွှန့်၊ အိန္ဒိယစိန်မှုံ၊ ဒေါ်သြဘာသောင်း၊ မြခြေကျင်း မငွေမြိုင်၊ ဒေါ်ဗလပြန်၊ လေဘာတီမမြရင်၊ ဒဂုန်ခင်လှကြည်၊ ယုဝတီဒေါ်ခင်ညွှန့်၊ ရွှေလိပ်ပြာမအေးကြည်၊ ကောလိပ်မြိုင်ရွှေနှင်းဆီ၊ ဖက်ရှင်မအောင်ငွေ၊ ဂီတမယ်လှလေးစိန်၊ ကောလိပ်စိန် ခေါ် မမြလွင်နှင့် အခြားနာမည်သိပ်မကြီးသော အကပညာရှင်



အငြိမ့်မင်းသမီး မြခြေကျင်း မငွေမြိုင်

များ ဖြစ်ကြလေသည်။

**အပျိုတော်ခန်း**

အကအနုပညာနှင့် ပတ်သက်လျှင် အပျိုတော်ခန်းကို မေ့ထား၍မရပေ။ ပညာပါသော မြန်မာ့ကိုယ်ပိုင်သဘင်သည် လေးစားစရာအလွန်ကောင်းပါသည်။ လောကနတ်တီးချက်များတွင် အပျိုတော်က "ပလို့" ကများကို ကကြသည်။ ထိုကချက်ကို အပျိုတော် ၁၂ ခန်းဟု အချို့က ခေါ်ကြသည်။ ပလို့ ၁၂ ခန်းဟု လည်း ခေါ်သည်။ ပလို့ကဟုခေါ်ရခြင်းမှာ ဆိုင်းက "ပလိုဂျိ၊ ပလိုဂျိ"ဟု တီးပေးသဖြင့် ပလို့ကဟု ခေါ်သည်ထင်ပါသည်။ အပျိုတော် ၁၂ ခန်းခေါ်သော အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဝိဏပတိ = ကျော၊ လက်ပြင်၊ လက်မောင်းတို့ကို လှုပ်၍ကပြခြင်း။

၂။ ပိလာဝတီ= ငြိမ့်ငြိမ့်ညောင်းညောင်း ရွှေ့ပြောင်း၍ ခြေကိုမကြွဘဲ ကပြခြင်း။

၃။ ဝိလစ္စတို့ = ဆုတ်ခနဲ နောက်သို့ ဆုတ်၍ကပြခြင်း။

၄။ ဝိရန်ဝိရတိ = ပေါင်သားကိုလှုပ်၍ ကပြခြင်း။

၅။ ကရိစာသေထိ = ခါးကို ဘယ်ညာ လှုပ်၍ကပြခြင်း။

စာမျက်နှာ ၁၇ သို့

## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊စာစောင်များငှားရမ်းပေး

**ပျဉ်းမနား အောက်တိုဘာ ၄**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် လိုက်လံငှားရမ်းပေးမှုကို ရပ်ကွက်/ကျေးရွာများနှင့် စာသင်ကျောင်းများ အရောက်လိုက်လံ ငှားရမ်းပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်နှင့် ဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်း(သစ်လေးလုံး)၊ ပုရွက်ဆိတ်ကုန်းကျေးရွာနှင့် ကျီးအင်းကျေးရွာတို့သို့သွားရောက်ငှားရမ်းပေးကြသည်။

အဆိုပါ စာငှားလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အတူ ကျောင်းသား ကျောင်းသူ ကလေးငယ်များ ဉာဏ်ရည် ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ဉာဏ်စမ်းဂိမ်းများ ကစားခြင်း၊ ဆေးရောင်ခြယ်ခြင်းနှင့် ပုံပြင်ပြောပြခြင်းများကို ဆောင်ရွက်ကြသည်။

**ထပ်မံငှားရမ်းပေး**

စာအုပ် ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေး အတွက် ရွှေ့လျား စာကြည့်တိုက်ယာဉ်၌ သုတ/ရသ စာအုပ်မျိုးစုံ ၂၂၀၀ ကျော်စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တ တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဇော်






## ဟိုင်းကြီးကျွန်းမြို့၌ ပြည်သူများအား ငါးမျိုးစုံပေးဝေ

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် ဒေသခံ ကမ်းဝေး၊ ကမ်းနီး၊ ဝယ်/စုဒိုင် လုပ်ငန်းရှင်များက ပြည်သူများထံသို့ ငါးမျိုးစုံကုန်ချိန် ပိဿာ ၈၀ အား ယနေ့နံနက် ၇နာရီတွင် အမှတ်(၃)ရပ်ကွက် မြတ်သီရိ ကိုယ်ထူကိုယ်ထ ပျံကျဈေး၌ အခမဲ့ပေးဝေရာ ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိကြီးများ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်ရေလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(**ပြန်/ဆက်**)

✻ စာမျက်နှာ ၁၆ မှ

၆။ ဂုယှဘန်ဒါန် = ခြေသလုံးကြွက်သားပေါ်အောင် ထဘီအနားများကို ခတ်၍ကပြခြင်း။

၇။ ဒနံ = သားမြတ်၊ ရင်လွှာတန်ဆာ၊ ဘယက်လည်ဆွဲများကို လှုပ်၍ကပြခြင်း။

၈။ ကစ္ဆုံ= လက်ပတီး – ချိုင်းပေါ်မြောက်၍ ချ၍ ကပြခြင်း။

၉။ နတိမ် = ခက်ဗွိုက်ထင်တို့ကို လှုပ်၍ကပြခြင်း၊

၁၀။ ပါဒေနံ= ခြေတစ်ဖက်၊ လက်နှစ်ဖက်ရှေ့ကိုထုတ်၍ အနိမ့်အမြင့်လှုပ်၍ ကပြခြင်း။

၁၁။ မမုတံ = မျက်ခုံးနှစ်ဖက်ကို အမျိုးမျိုးလှုပ်၍ ကပြခြင်း။

၁၂။ အကေ္ခ = မျက်စိနှစ်လုံးတို့ကို ဝိုင်းအောင်သော် လည်းကောင်း၊ ထောင့်သို့ကပ်၍သော်လည်းကောင်း၊ စွေ၍သော်လည်းကောင်း ကပြခြင်းများဖြစ်ပေသည်။

၎င်းအကများကို “ပလို့က”အကများဟု ခေါ်ဆိုပါသည်။ ပါဠိလိုရေးသားထားသဖြင့် အိန္ဒိယပြည်စာပေကျမ်းဂန်များ၌ ဖော်ပြထားသည့် အကဖြစ်တန်ရာသည်။ အကများကို ဝေဖန်စိစစ်ကြည့်သောအခါ ယောကျ်ားများအား စိတ်ညွတ်နှူးယိုင်လာစေရန် မြှူဆွယ်သည့်အကအများအပြားပါဝင်နေသည်ကို တွေ့ရပေသည်။ ထိုအကများသည် အိန္ဒိယ၌ စတင်ပေါက်ဖွားလာသော အကများချည်းဖြစ်သည်ဟူ၍ မဆိုသာပေ။ နတိမ်-ချက်၊ ဗိုက်၊ တင်တို့သည် အီဂျစ်အမျိုးသမီးများနှင့် ဟာဝေယံအမျိုးသမီးတို့၏ တင်လှုပ်အကသည်များ၏ အနုပညာပါသည်ဟုဆိုနိုင်ပေသည်။ အပြစ်ကင်းသော ပလို့အကများ မြန်မာ့အနုပညာတွင် ရှိပြီးဖြစ်သည်။ ထို့အပြင် ၁၂ ခန်းပါ ရင်လှုပ်တင်လှုပ်အကများကို မကဘဲ မြန်မာ့ယဉ်ကျေးမှုနှင့် ဆီလျော်ကိုက်ညီပြီး အနုပညာမြောက်သောအကများကို လောကနတ်သီချင်းအပိုင်းတွင် ကပြရပါသည်။

အပျိုတော်များအတွက် အပြစ်ကင်းစင်သော အကများရှိကြောင်း သာဓကတစ်ခုမှာ ယဉ်ကျေးမှုနှင့် လိုက်လျောကိုက်ညီသည့် အကများကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကဇာတ်ဌာနခွဲမှ တစ်ကြိမ်က ပဒေသာယိမ်းအကတစ်ခုအဖြစ် စီစဉ်တင်ဆက်ခဲ့သော အပျိုတော်ယိမ်းမျိုးဖြစ်ပါသည်။ နတ်ကတော်ယိမ်းနှင့် အပျိုတော်ယိမ်းတို့မှာ သီးခြားသက်သက် တစ်မျိုးတစ်ဘာသာစီဖြစ်သည်။ အလွန်ယဉ်ကျေးဖွယ်ရာရှိပြီး အကပညာတွင် အဆင့်အတန်းမြင့်သောယိမ်းတစ်ခုဖြစ်သည်။

> **❛ အကအနုပညာနှင့်ပတ်သက်၍ ကျမ်းအသီးသီးမှဖော်ထုတ်ပြီး အကျဉ်းချုံးတင်ပြရပါလျှင် အကပညာသည် နည်းနာများ စနစ်တကျရှိခဲ့သလို ကိုယ်ကာယလေ့ကျင့်ခန်းလည်းဖြစ်သည်။ အများပြည်သူအား ဖျော်ဖြေရသလို မိမိလည်း ပျော်ရွှင်စေပါသည်။ ရှေးက ဇာတ်မင်းသမီးတို့သည် မင်းသမီးအင်္ဂါ ခုနစ်ပါးနှင့် ပြည့်စုံကြရသည်။ အင်္ဂါခုနစ်ပါးဆိုသည်မှာ “ပိုး၊ လွမ်း၊ မျှော်၊ ခေါ်၊ တား၊ ပိုက်၊ ဇော်” ဟူသော စာခုနစ်လုံးပင်ဖြစ် ❜**

**အပျိုတော်၏ တတ်သင့်တတ်အပ်သော အရည်အချင်း**

ထို့အပြင် အပျိုတော်၏ တတ်သင့်တတ်အပ်သော အရည်အချင်းတို့မှာ အောက်ပါအတိုင်း ၁၂ ခန်းဖြစ်သည်။ (၁)အပျိုတော်၊ (၂)နတ်ကတော်၊ (၃)မိဖုရား၊ (၄)ဘီလူးမ၊ (၅) ကဝေမ၊ (၆) ပုဏ္ဏေးမ၊ (၇)ဂုံးမ၊ (၈) မှော်ကတော်၊ (၉)သူကြီးကတော်၊ (၁၀)သူဌေးကတော်၊ (၁၁)ဘိက္ခုနီမ၊ (၁၂) အောင်သွယ်မ အပျိုတော် ၁၂ ခန်းဟူသော ဝေါဟာရနှင့် စပ်လျဉ်း၍ အထက်ဖော်ပြပါ လင်္ကာအရ အပျိုတော်တို့တတ်အပ်သည့် သဘင်အတတ်ပညာ ၁၂ ခန်းသာလျှင် အပျိုတော် ၁၂ ခန်းဟူ၍ ခေါ်ဆိုသင့်ကြောင်း ရေးသားအပ်ပါသည်။

နိုင်ငံတော်သည် မြန်မာတို့၏ ကိုယ်ပိုင်ဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်၍ မျိုးဆက်သစ်လူငယ်များ ဇာတိသွေး ဇာတိမာန် တက်ကြွမြင့်မားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို ကျင်းပပေးရာ ကောင်းသော ရည်ရွယ်ချက်ပင်ဖြစ်သည်။ သို့မှသာ တိုင်းတစ်ပါး ယဉ်ကျေးမှုကို ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ခုခံကာကွယ်နိုင်ပေမည်။ ထို့ကြောင့် အကအနုပညာနှင့်ပတ်သက်၍ ကျမ်းအသီးသီးမှဖော်ထုတ်ပြီး အကျဉ်းချုံးတင်ပြရပါလျှင် အကပညာသည် နည်းနာများ စနစ်တကျရှိခဲ့သလို ကိုယ်ကာယလေ့ကျင့်ခန်းလည်းဖြစ်သည်။ အများပြည်သူအား ဖျော်ဖြေရသလို မိမိလည်း ပျော်ရွှင်စေပါသည်။

အကအနုပညာနှင့် ပတ်သက်၍ ရေးရလျှင် သည်တစ်ခေတ်အငြိမ့်မင်းသမီးလေးများသည် တစ်နှစ်၊ နှစ်နှစ်ကပြီး ဇာတ်စင်ပေါ်သို့ တက်ကြသည်။ မြန်မာ့ဇာတ်အဆင့်အတန်းမှာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲသာမရှိလျှင် လွန်စွာလျှော့ကျနေရကား ဇာတ်မင်းသမီးလုပ်ရန် လွယ်ကူလှသည်။ ထို့ကြောင့် အငြိမ့်မင်းသမီးတို့သည် ဇာတ်စင်ပေါ်သို့ ရဲရဲတက်လာကြသည်။

**မင်းသမီးအင်္ဂါ ခုနစ်ပါး**

ရှေးက ဇာတ်မင်းသမီးတို့သည် မင်းသမီးအင်္ဂါ ခုနစ်ပါးနှင့် ပြည့်စုံကြရသည်။ အင်္ဂါခုနစ်ပါးဆိုသည်မှာ “ပိုး၊ လွမ်း၊ မျှော်၊ ခေါ်၊ တား၊ ပိုက်၊ ဇော်” ဟူသော စာခုနစ်လုံးပင်ဖြစ်သည်။

ပိုး-မင်းသမီးတစ်ဦးသည် ပိုးလောက၌ ယောကျ်ားက မိန်းမကိုပိုးသည်မှာ ဓမ္မတာပင်ဖြစ်သည်။ မိန်းမက ယောကျ်ားကို ပိုးသည်မှာ သဘာဝမကျ။ သို့ရာတွင် မယ်ပဒါနှင့် မောင်ဒါသ ဇာတ်ကိုကလျှင် မိန်းမက နောက်ပိုးပိုးရတော့မည်။ သို့ကြောင့် သဘာဝမဟုတ်သည်ကို အဆင်ပြေအောင် ပွဲကြိုက်အောင် မိန်းမနောက်ပိုး လုပ်တတ်ရသည်။ မိန်းမပိုင်းဆိုင်ရာ အပြောအဆို၊ အမူအရာ၊ အချော့အမော့၊ သီချင်း၊ လင်္ကာ-ဥပမာ ဥပမေယျ ရှေးထုံး နိပါတ်ရာဇဝင်များကို တတ်ရသည်။

လွမ်း – ငိုချင်း၊ ပြောငိုစကား စသည်တို့ မင်းသမီးလွမ်းရာ လင်ကိုလွမ်းခြင်း၊ ရည်းစားလွမ်းခြင်း၊ ခမည်းတော်မယ်တော်လွမ်းခြင်း၊ သားကိုလွမ်းခြင်း၊ မောင်ကိုလွမ်းခြင်းစသည်ဖြင့် ခွဲခြား၍လွမ်းတတ်ရမည်။

မျှော်– ရည်းစားမျှော်၊ လင်မျှော်၊ သားမျှော်၊ ကျေးကျွန်မျှော်၊ မိဘမျှော် စသည်ဖြင့်လည်း အမျှော်စိုက်သီချင်းလင်္ကာနာရီချစကားခွဲခြား၍ တတ်ရမည်။

ခေါ်.– အာလုပ်ဖြစ်သော အခေါ်အဝေါ်တို့ကိုလည်း ဘုန်းကြီးဆိုလျှင် ဆရာသခင်နိဗ္ဗာန်နှင့် နီးပေမယ့် ကျောင်းကြီး၊ ရှင်ဘုရားစသည်ဖြင့် ဆိုင်ရာဆိုင်ရာ ရှင်ဘုရားခေါ်၊ မင်းသားခေါ်၊ လင်ခေါ်၊ သားခေါ်၊ မိဘခေါ်၊ မောင်ခေါ် အမျိုးမျိုးတတ်ရမည်။

တား –တားဆိုသည်မှာ စစ်ပို့စစ်တားတတ်ရမည် ဟုဆိုလိုခြင်းဖြစ်သည်။ မင်းသားစစ်ချီတော့မည်ဆိုလျှင် စစ်ချီထွက်မသွားအောင် တားသည့်စကား၊ လင်္ကာ၊ ငိုချင်းတို့ရှိသည်။ တားမရသောအခါ ဆုမွန်ကောင်းတောင်းသောစကား၊ ပဒေသာလင်္ကာ၊ ငိုချင်း စသည်တို့ဖြင့် စစ်ကိုလိုက်၍ပို့သည်။ မင်းယဉ်နရသခ်နှင့် နရပတိစည်သူရာဇဝင်ကို ကပြသောအခါ ရှင်ဘုရင်က ခယ်မတော်ကို တောင်ညာတင်လိုသဖြင့် ပဆောင်ချမ်းတွင် စစ်ထွက်သည်ဟု ညီတော် နရပတိစည်သူကိုလွှတ်သည်။ ညီတော် တပ်မတော်ချီမည်အပြုတွင် အိမ်ရှေ့မိဖုရား ဝေဠုဝတီမယ်ဝါး၏ လွမ်းခန်းကို ဖွင့်ဆိုထား၏။ ဤအခန်းကား စစ်တားစစ်ပို့အခန်းပင်ဖြစ်သည်။ သည်တစ်ခေတ်မင်းသမီးလေးများ စစ်တားစစ်ပို့ကို ကြားဖူးသူရှားကြ၏။ တားလည်း မတားတတ်ကြ။ ပို့လည်းမပို့တတ်ကြ။ ငိုချင်းတစ်ပုဒ်လောက်နှင့် ငြိကြသည်။

ပိုက် – ပိုက်ဟူသော စကားမှာ အလောင်းပိုက်ကို ဆိုလိုသည်။ မင်းသမီးလုပ်သူသည် လင်သေရာတွင် လင်အလောင်း ပိုက်စကားပြောငို၊ ငိုချင်း၊ ငိုချင်းရှည်စသည်တို့ကိုလည်းကောင်း၊ သားသေရာ၌ သားအလောင်းကိုပိုက်၊ ဆိုင်ရာစသည်တို့ ၎င်းတတ်ကျွမ်းရသည်။ အလောင်းပိုက်လွမ်းခန်း အစုံအလင်တတ်ရမည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

ဇော် – ဇော်ဟူသောစကားဇော်ဂျီကို ဆိုလိုသည်။ မင်းသားဇော်က ကတတ်သလို မင်းသမီးလည်း တပသီက ကတတ်ရသည်။ ယောကျ်ားအတွက် ဇော်၊ မိန်းမအတွက်ကား ဇော်အစား “တပသီ” ကို သုံးသည်။ သို့ကြောင့် တစ်နည်းအားဖြင့်ဆိုသော် မင်းသမီးဇော်က ကတတ်ရမည်။ ဇော်သီချင်း၊ ဇော်စကား ရရမည်ဟု ဆိုလိုသည်။ လင်ပျောက်ရှာခန်းတွင် ကိုကြီးနတ်က မင်းသမီးအား ရန်ကင်းစေရန် တပသီယောင်ဆောင်၍ ပေးလိုက်သောအခါ မင်းသမီးတပသီအဖြစ်နှင့် မတပသီ၊ စုံမြိုင်အောက်ကယ်ကလမ်းလေ လေးလမ်းလျှောက်လို့လာ အစရှိသော သီချင်းမျိုးနှင့် ဇော်ကက၍ စခန်းသွားရသည်။ ထို့ကြောင့် မင်းသမီးဇော်ဖြစ်ကို မကတတ်လျှင် မင်းသမီးအင်္ဂါ မပြည့်စုံပေ။

ထို့ကြောင့် မြန်မာ့ဇာတ်သဘင်သည် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုသည် ရှိသည်။ ဇာတ်သဘင်ပြုပြင်နည်းမှန်ကန်စွာဖြင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြရမည်မှာ အနုပညာသမားတိုင်း တာဝန်ဖြစ်ချေသည်။ အကတွင် ရှေးရိုးရာ မင်းသမီးအင်္ဂါ ခုနစ်ပါးနှင့် စစ်တမ်းတင်ကြည့်လျှင် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသော မြန်မာ့ရိုးရာအကသဘင် ဆို၊ က၊ ရေး၊ တီးသည် မှတ်ကျောက်တင်လာခြင်းဖြစ်၍ နိုင်ငံတော်၏ မြန်မာ့ရိုးရာကိုယ်ပိုင်ယဉ်ကျေးမှုသည် ပြောင်မြောက်ထွန်းကားလာပေတော့မည်။ ။

■

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၃၀ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၅ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၃၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၇၃၅ |
| 95 Ron | ၁၉၅၀ | ၁၉၉၅ | ၁၉၉၅ | ၁၉၅၅ | ၁၉၉၅ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၂၀၀၀ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၅၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၂၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၇၉၀ | ၃၄၁၀ |
| HSD (50 ppm) | ၂၅၆၅ | ၂၆၀၅ | ၂၆၀၅ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၀ | ၂၆၄၅ | ၂၆၄၅ | ၂၈၆၅ | ၃၄၄၀ |
| HSD (10 ppm) | ၂၅၆၅ | ၂၆၀၅ | ၂၆၀၅ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၀ | ၂၆၄၅ | ၂၆၄၅ | ၂၈၆၅ | ၃၄၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၇ | ၁၈၅၆ |
| 95 Ron | ၁၈၅၂ | ၁၉၂၂ |
| HSD (500 ppm) | ၂၃၇၅ | ၂၄၅၂ |
| HSD (50 ppm) | ၂၄၄၆ | ၂၅၂၄ |
| HSD (10 ppm) | ၂၄၄၆ | ၂၅၂၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူးနှင့် တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ညှိနှိုင်းစည်းဝေး

ပဲခူး အောက်တိုဘာ ၄

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဥက္ကဋ္ဌကိုယ်စား တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လူငယ်ရေးရာကော်မတီ၏ ရည်မှန်း (၇)ရပ်၊ မူဝါဒ (၇)ရပ်၊ လုပ်ငန်းစဉ် (၁၆)ရပ်အကြောင်း၊ တိုင်းပြည်၏ အနာဂတ်အားထားရမည့် လူငယ်လူရွယ်များ မှန်ကန်သည့် လမ်းကြောင်းပေါ်တွင် ရောက်ရှိပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတတ်စေရန် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ ရှေ့ဆက်ဆောင်ရွက်မည့် လူငယ်ရေးရာလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် စေတနာထားပြီး အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီများ၏ ဆောင်ရွက်ချက်များ၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က လူငယ်ရေးရာကော်မတီ၏ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာသူများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအား အကြံပြုတင်ပြကြရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ကျိုက်လတ်မြို့နယ်အတွင်း အိမ်ထောင်စု လူဦးရေစာရင်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

ကျိုက်လတ် အောက်တိုဘာ ၄

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကျိုက်လတ်မြို့နယ် ဦးစီးမှူးရုံးမှ အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ (၆၆/၆)များ မြေပြင်စာရင်းနှင့် ကိုက်ညီမှုရှိရေး ပြီးခဲ့သည့် ဇူလိုင် ၁ ရက်မှစတင်၍ သတ်မှတ်ရက်အလိုက် လှည့်လည်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ပုံစံ(၆၆/၆)များ မြေပြင်စာရင်း စစ်ဆေးခြင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လှည့်လည်ကြီးကြပ်၍ စာရင်းဇယား၊ ကိန်းဂဏန်း အချက်အလက်မှန်ကန်ရေးနှင့် စနစ်တကျ ဆောင်ရွက်ရေး မှာကြားသည်။ ကျိုက်လတ်မြို့နယ် အတွင်း ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာအုပ်စု ၈၇ အုပ်စုရှိသည့်အနက် ယနေ့ကွင်းဆင်းဆောင်ရွက်သည့် လှည်းဆိပ်ကျေးရွာအုပ်စု အပါအဝင် ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၅၇ အုပ်စုအထိ စိစစ်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်ရပ်ကွက်နှင့် ကျေးရွာ အုပ်စုများသို့လည်း သတ်မှတ်ရက်အလိုက် ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



၂၀၇

## ရေတာရှည်မြို့နယ်တွင် မိုးစပါးများ စတင်ရိတ်သိမ်း စပါးအစို စက်ကျ တင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်းဝန်းကျင်ဖြင့် ဝယ်ယူနေ

ရေတာရှည် အောက်တိုဘာ ၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါး ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး သက်ရင်ရက် ၉၀ စပါးမျိုးများ ယခုအခါ စတင်ရိတ်သိမ်းနေကြပြီဖြစ်သည်။

မိုးစပါးစတင်စိုက်ပျိုးစဉ်က တောင်သူများအနေဖြင့် သက်ရင် ရက် ၉၀ စပါးမျိုးနှင့် သက်လတ်ရက် ၁၂၀ စပါးမျိုးများကို ဒေသရေခံမြေခံအပေါ်မူတည်၍စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး အများအားဖြင့် ကုန်ကျစရိတ် သက်သာစေသော မျိုးစေ့ကြဲပက်ခြင်းနည်းလမ်းကိုသာ အသုံးပြုကြသည်ကို တွေ့ရှိရသည်။ စတင်ထယ်ရေးပြင်ဆင်သည့်ကာလ၌ ထွန်စက်များကိုငှားရမ်း၍ ထယ်တစ်စပ်၊ ခါးစက်ထွန်တစ်စပ်သာ မောင်းနှင်နိုင်ပြီး အခြောက်ထယ်ရေးဖြင့် လည်းကောင်း၊ မိုးရေလုံလောက်စွာရရှိသော ဒေသများတွင် အစိုကြဲခင်းဖြင့် ကြဲပက်စိုက်ပျိုးကြခြင်းဖြစ်သည်။

ယခုနှစ်မိုးစပါးစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် ပေါင်းသတ်ဆေးများဖျန်းရခြင်း၊ စိုက်ပျိုးရေမျှားတင်ရသည့် အားလျော်စွာ စက်သုံးဆီဝယ်ယူရခြင်းနှင့် ရေတင်ခ အလုပ်သမားစားရိတ်များ အပိုကုန်ကျမှုများစွာရှိခဲ့ကြောင်း၊ မိုးခေါင်မှုကြောင့် မြေသားအပေါ်ယံကြောများတင်းပြီး အပင်ကြီးထွားမှု၊ အပင်ပွားနှုန်းလျော့ကျသည့်အပြင် မြေဩဇာဈေးနှုန်းများ ကြီးမြင့်သည့်အခါ လုံလောက်သောမြေဆီဩဇာကို ထည့်သွင်းအသုံးမပြုနိုင်ကြသဖြင့် ယခုရိတ်သိမ်းချိန်တွင် ထွက်နှုန်းများ သိသာစွာလျော့ကျသွားသည်ကို တွေ့ရှိရသည်။

စပါးရိတ်သိမ်းပြီး ပြန်လည်ရောင်းချရာတွင် စပါးပွဲစားများ၏ ဈေးဖြတ်မှုသာအဓိကကျနေသည်ဖြစ်ရာ ပေါ်ဦးစအချိန် စက်ကျအစို တင်း ၁၀၀ လျှင် ၁၁ သိန်းခွဲဖြင့် ရောင်းချခဲ့ရသော်လည်း လက်ရှိကုန်းကြီးအုပ်စု၌ စက်ကျ အစို စပါး တင်း ၁၀၀ လျှင် ငွေကျပ် ကိုးသိန်း၊ ဆွာမင်းလမ်းအုပ်စု၌ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်းခွဲဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၃-၁၀-၂၀၂၂ ရက်နေ့မှအဆက်

ကိုဘခက်သည် ပြောနေရင်းက မကျေမနပ်ဖြစ်နေရာမှ ထသွားလေသည်။

စားပွဲပေါ်မှ ဆေးပေါ့လိပ်ကိုယူ၍ မီးညှိလိုက်သည်။

'မ' သည် ကိုဘခက်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်၍ထိုင်လိုက်သည်။

'မ' စိတ်ထဲ၌ကား ကိုဘခက်လို ပညာသည်တစ်ယောက်အား ကျော်ကြားထွန်းပြောင်သူတစ်ယောက်အဖြစ် မြင်တွေ့လိုလှသည်။

ကိုဘခက်သည် ဆေးပေါ့လိပ်ကိုဖွာရင်း မျက်မှောင်ကုတ်၍ စဉ်းစားနေလိုက်သည်။

"ဆရာ့အရည်အချင်းနဲ့ဆိုရင် တစ်နေ့ ဆရာ့ရည်မှန်းချက်အတိုင်း အောင်မြင်ရမှာပါဆရာ"

"ကျွန်တော်တော့ မမျှော်လင့်ပါဘူး။ ကျွန်တော့်ဘဝမှာ အားနည်းချက်တွေ တစ်ဖက်ကရှိတယ်။ ဒီအားနည်းချက်တွေက ကျွန်တော့်ဘဝရဲ့ အောင်မြင်မှုကို ဖျက်ဆီးပစ်မှာပဲ။ ဒါထက် 'မ' ကို ကျွန်တော် တစ်ခုမေးချင်တယ်။ 'မ' ဘဝမှာ လူတစ်ယောက်ကို ရွေးချယ်ရမယ့်အချိန်ရောက်ရင် ဘယ်လိုဟာမျိုးကို ရွေးချယ်မယ် စိတ်ကူးသလဲ"

ကိုဘခက်၏ မမျှော်လင့်သောမေးခွန်းကြောင့် 'မ' ရင်ထဲတွင် မုန်တိုင်းဆင်လိုက်သလို သိမ့်သိမ့်ခါ၍သွားလေသည်။

"'မ'ဒါတွေ စိတ်မကူးသေးဘူး ဆရာ၊ 'မ' ငယ်ပါသေးတယ်"

"မဟုတ်သေးဘူးလေ၊ ငယ်တာ ကြီးတာနဲ့ မဆိုင်ဘူး။ ဒါမျိုးဟာ ကြိုတင်ပြီးတော့ စဉ်းစားထားကြတယ်မဟုတ်လား။ ကျွန်တော် ရှင်းရှင်းပဲမေးမယ်ဗျာ။ 'မ' ရဲ့ ချစ်သူတစ်ယောက်ဟာ ဘယ်လို အရည်အချင်းမျိုး ရှိရမယ်ဆိုတာ 'မ' စိတ်ထဲမှာ ပုံစံချပြီးသား ရှိတယ်မဟုတ်လား"

"'မ' ဒါတွေ ဘာတစ်ခုမှ မစဉ်းစားသေးပါဘူး ဆရာ"

"မစဉ်းစားဘူးဆိုပေမယ့် ပါရိုးပါစဉ်အရည်အချင်းနှစ်ခုကတော့ ပါရမှာပေါ့နော်။ လူကုံထံ ကြေးရတတ်ပိုင်းက ဖြစ်ရမယ်။ ဒီဂရီတစ်ခု အနည်းဆုံး ပါရမယ်။ ဒါနှစ်ခုကတော့ 'မ' တို့လို အမျိုးသမီးတွေရဲ့ ချစ်သူတစ်ယောက်အတွက် မပါမဖြစ်တဲ့ အရည်အချင်းနှစ်ရပ်နေမှာပေါ့"

"'မ' ဂုဏ်တွေဘာတွေ မမက်တတ်ဘူးဆရာ။ ဒီကိစ္စမျိုး 'မ' ကိုယ် 'မ' သာ ပိုင်ရင် ကင်းကင်းလွတ်လွတ်ကြီး စဉ်းစားမှာပဲ"

"ဒါဖြင့် ဘာဒီဂရီမှမရှိတဲ့ အညတရတစ်ယောက်က 'မ' ကို ချစ်တယ်ဆိုရင် 'မ' ဘယ်လိုဆုံးဖြတ်မလဲ"

'မ' သည် ဘာကိုပြန်ပြောရမှန်းမသိအောင်ရှိတော့သည်။ ကိုဘခက် ဆိုလိုသောအဓိပ္ပာယ်ကိုလည်း နားလည်သည်။

သို့ပေမယ့် ကိုဘခက်လိုချင်သောအဖြေကို 'မ' အနေနှင့် ပေးနိုင်စွမ်းမရှိချေ။

"ဆရာ့ကို တောင်းပန်တဲ့အနေနဲ့ ဆရာသိထားအောင် 'မ' တစ်ခုပြောပါရစေ။ 'မ' ဟာ 'မ' ကိုယ် 'မ' မပိုင်ပါဘူးဆရာ။ ဒီကိစ္စနဲ့ပတ်သက်ပြီး 'မ' မှာ ဆုံးဖြတ်နိုင်ခွင့်မရှိပါဘူးဆရာ။ 'မ' မလိမ်တတ်ပါဘူးဆိုတာတော့ ဆရာသိပါလိမ့်မယ်"

'မ' က သနားစဖွယ်တောင်းပန်၍ပြောလိုက်သည့်တိုင်အောင် ကိုဘခက်က ကျေနပ်ဟန် မရှိသေးချေ။

"ကျွန်တော်လည်း ကျွန်တော့်စိတ်ကို ကျွန်တော် ထိန်းနိုင်တယ်လို့ ထင်တာပဲ။ 'မ' နဲ့တွေ့မှ ကျွန်တော် ထင်တာတွေ အားလုံးမှားတာပဲ"

"ခုတော့ မထူးတော့ပါဘူး။ စကားတစ်ခွန်းကို ပြောမိပြီဆိုရင် ချန်လည်းမထားချင်ဘူး။ အမှန်တော့ ဒီစကားဟာ ဘာမှမဆန်းဘူး။ လူယဉ်ခေတ်ရောက်ကတည်းက ယောကျ်ားတိုင်း မိန်းမတိုင်း ပြောခဲ့တဲ့စကားပဲ။ ကျွန်တော် 'မ' ကိုချစ်တယ်။ ချစ်တယ်ဆိုတဲ့နေရာမှာ ခပ်ပေါ့ပေါ့တော့ မတွေးစေချင်ဘူး။ 'မ' ရဲ့အလှဟာ ကျွန်တော့်ကိုယ်တွေ့ စာဖွဲ့လို့မစွမ်းအောင် နက်နဲယဉ်ကျေးတဲ့အလှပဲ..."

"ဒါပေမဲ့ ကျွန်တော်ချစ်တာက ဒီအလှကို ယစ်မူးပြီးချစ်တာ မဟုတ်ပါဘူး။ ကျွန်တော် 'မ' ကိုချစ်တာက 'မ' ရဲ့ အတွင်းစိတ်နဲ့ ဝါသနာကိုချစ်တာပဲ။ ဒီအရည်အချင်းနှစ်ခုဟာဖြင့် ကျွန်တော့်တစ်သက်မှာ ဘယ်မိန်းမမျိုးတွေဆီကမှ ရနိုင်လိမ့်မယ်လို့ မမျှော်လင့်နိုင်တဲ့ အရည်အချင်းနှစ်ခုပဲ။ ဒါကြောင့်လည်း ကျွန်တော် 'မ' ကိုချစ်တဲ့အချစ်ဟာ ကျွန်တော့်တစ်သက်မှာ နောက်ထပ် မပေါ်ပေါက်နိုင်တဲ့အချစ်မျိုးဆိုတာကိုတော့ 'မ'ယုံစေချင်တယ်"

ကိုဘခက်သည် သူ့ရင်တွင်း၌ ရှိသမျှကို လှိုက်လှိုက်လှဲလှဲ ပြောချလိုက်သည်။ ကိုဘခက်ပြောလိုက်သောစကားလုံးတိုင်းသည် 'မ' ၏ နှလုံးသားဝယ် အေးမြသော မိုးရေပေါက်ကလေးများပမာ တစ်ပေါက်ချင်း ကျဆင်းလာသလို ရှိတော့သည်။

'မ'သည် အေးမြသော သူ့လက်ဖျားကလေးများကိုသာ တစ်ဖက်နှင့်တစ်ဖက် ဆုပ်နယ်၍ နေမိသည်။

ခေါင်းကား မဖော်ရဲတော့ချေ။ ဘာကိုပြန်ပြောရမှန်း မသိတော့ချေ။

"'မ'...မပြောတတ်ဘူး ဆရာ။ 'မ' တကယ့်ကို မပြောတတ်လို့ ဆရာ့ကို တောင်းပန်တာပါဆရာ။ 'မ' လောကမှာ အကြောက်ဆုံးအရာတစ်ခုရှိတယ်။ 'မ' လေ ဘာပဲလုပ်ရလုပ်ရ၊ ဘာပဲဝတ်ရဝတ်ရ၊ ဘာပဲစားရစားရ၊ 'မ' ရောင့်ရဲနိုင်ပါတယ်။ ဒါပေမဲ့ စိတ်ဆင်းရဲရမှာကိုတော့ 'မ' အကြောက်ဆုံးပဲ။ 'မ' စိတ်ညစ်မယ့်စကားတွေကို ဆက်မပြောပါနဲ့ဆရာ။ 'မ' ဝမ်းနည်းတယ်"

'မ' သည် ပြောရင်းပင် အသံများ အက်ကွဲလာသည်။ 'မ' မျက်လုံးကလေးများသည် ငိုတော့မလို မျက်ရည်ဥကလေးများပင် တဝင်းဝင်းစို၍လာလေသည်။

ကိုဘခက်သည် 'မ' ကိုကြည့်လိုက်ရင်းသနားမိပြန်သည်။ တဆတ်ဆတ်တုန်၍နေသော 'မ' ၏ လက်ကလေးများကို ကြည့်ရင်း ဆုပ်နယ်ပေးချင်တော့သည်။

"'မ'စိတ်ဆိုးမယ်ဆိုရင်တော့ ကျွန်တော့်တစ်သက်မှာ ဝမ်းနည်းလို့မဆုံးတော့ပါဘူး။ အမှန်တော့ ကျွန်တော်ဟာ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့လူပဲ။ လမ်းဘေးလျှောက်နေရတဲ့ အညတရလူတစ်ယောက်ကို 'မ' တို့ဖေဖေက အိမ်ပေါ်ခေါ်ပြီး ကျွေးမွေးပြုစုထားတယ်။ ဒါတင်သာမက ကျွန်တော့်တက်လမ်းအတွက်လည်း အားပေးကူညီခဲ့တယ်။ ဒီလိုကျေးဇူးရှင်တစ်ယောက်အိမ်မှာနေပြီးတော့ ခုလိုဖောက်ပြားမိတာဟာ အမှန်တော့ ကျွန်တော့်အပြစ်ပဲ။ မတတ်နိုင်ဘူး။ ကျွန်တော်နဲ့ 'မ' ဟာ ခုခေတ်စကားနဲ့ပြောမယ်ဆိုရင် အဆင့်အတန်းချင်းလည်း ကွာခြားတယ်။ ကျွန်တော်က လမ်းပေါ်က မအောင်မြင်သေးတဲ့ စောင်းဆရာ။ 'မ' က ခေတ်ပညာတတ် ရုပ်ချောသဘောကောင်းတဲ့ အဖိုးတန်အမျိုးသမီးတစ်ဦး။ ကွာခြားချက်က မိုးနဲ့မြေကမှ မှန်းဆလို့ရဦးမယ်။ ကျွန်တော်တို့ဘဝနှစ်ခုရဲ့ ကွာခြားမှုက မှန်းဆလို့မရအောင် ကွာခြားလှပါတယ်။

"ဒါပေမဲ့ ကျွန်တော် မတတ်နိုင်ဘူး 'မ'။ 'မ' ကိုချစ်တဲ့စိတ်က ကျွန်တော့်ကို အရာအားလုံး မေ့ပျောက်စေတယ်။ မဖြစ်နိုင်ဘူးဆိုတာတော့ ကျွန်တော် နားလည်ပြီးသားပါ။ ဒါပေမဲ့ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ ဂုဏ်အဆင့်အတန်းနိမ့်သည်ဖြစ်စေ၊ ခေတ်ပညာအရည်အချင်း နည်းပါးသည်ဖြစ်စေ သူချစ်တဲ့သူတစ်ယောက်အပေါ်မှာတော့ အများနည်းတူ သူများချစ်တဲ့အချစ်ထက် မလျော့ဘဲ ချစ်တယ်ဆိုတာကိုတော့ 'မ' ယုံစေချင်တယ်။ လူတစ်ယောက်ဟာ သူ့ဘဝအနေနဲ့ အောက်တန်းကျပေမယ့် သူ့ရဲ့အချစ်ကတော့ မြင့်မားတယ်ဆိုတာကို 'မ' ယုံစေချင်တယ်"

'မ' သည် ခေါင်းငုံ့ထားရာမှ ကိုဘခက်မျက်နှာကို မရဲတရဲ မျက်လုံးလှန်၍ ကြည့်လိုက်သည်။ ဆို့နှင့်ကြေကွဲဖွယ်ရာကောင်းသော ကိုဘခက်၏မျက်နှာကို မြင်ရပြန်တော့လည်း 'မ' ရင်ထဲတွင် အလိုလို သနားလာမိသည်။

ကိုဘခက်သည် တကယ်ပင် မချုပ်တည်းနိုင်သောအဖြစ်သို့ ရောက်နေ၍သာ ခုလိုဖွင့်အန်လိုက်ခြင်းဖြစ်သည်ကိုလည်း 'မ' ကိုယ်တိုင် နားလည်မိပေသည်။

"ဆရာ့ကို 'မ' ယုံကြည်ပါတယ် ဆရာ။ လူတစ်ယောက်က လူတစ်ယောက်ကို ချစ်တယ်ဆိုတဲ့ အကြောင်း ပြောတဲ့နေရာမှာ အခွင့်အရေးညီတူရှိပါတယ် ဆရာ။ ဒါဟာ စိတ်ဆိုးစရာလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ 'မ' ဘက်က စဉ်းစားတဲ့နေရာမှာ ဒီပြဿနာဟာ ဘယ်နည်းနဲ့မှ မလွယ်ပါဘူးဆရာ။ မလွယ်တဲ့အကြောင်းထဲမှာ အကြီးမားဆုံးအကြောင်းကတော့ 'မ' ဟာ မွန့်လို မကင်းလွတ်ပါဘူး။ 'မ' ကိုယ် 'မ' လည်း မပိုင်ပါဘူး။ ဖေဖေတို့ဆန္ဒနဲ့လည်း ဆန့်ကျင်ပြီးတော့ 'မ' မဆုံးဖြတ်ရဲဘူး။ 'မ' ဆရာ့ကို ဆရာအရင်းလိုပဲ ကြည်ညိုချစ်ခင်ပါရစေဆရာ။ ဒါ့ထက်သာ ပိုချင်တယ်ဆိုရင်တော့ ဆရာရော 'မ' ပါ စိတ်ဆင်းရဲပါလိမ့်မယ် ဆရာ။ 'မ' ဟာ ဆရာ့အလိုကို မလိုက်နိုင်ပေမယ့် အမြဲတမ်း ကြည်ညိုလေးစားမယ့် တပည့်မတစ်ယောက်ဆိုတာတော့ ဆရာယုံပါ ဆရာ။ 'မ' ဒါပဲပြောနိုင်တယ်။ 'မ' သွားပါရစေတော့ဆရာ"

'မ' သည် ပြောပြောဆိုဆို နေရာမှထ၍ အပေါ်ထပ်သို့ တစ်လှမ်းချင်း တက်သွားလေသည်။ ကိုဘခက်သည် 'မ' ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

'မ' ပြောသွားသော စကားများသည် ရှင်းလင်းရိုးသားလှသည်။ သူ၏ ပင်ကိုစိတ်ရင်းအတိုင်း ဖွင့်ဟလိုက်ခြင်းဖြစ်သည်ကိုလည်း မငြင်းနိုင်အောင် ရှိတော့သည်။

'မ' ၏အဖြစ်ကို သိရပြန်တော့လည်း သနားစရာကောင်းလှပေသည်။ အမှန်ဆိုတော့လည်း 'မ' ပြောသည့်အတိုင်းပင် 'မ' သည် ဘဝရည်မှန်းချက်နှင့် ပတ်သက်၍ မွန်ကဲ့သို့ မျှော်မှန်းချက်ကြီးသူလည်း မဟုတ်၊ လောဘဇောအားကြီးသူလည်း မဟုတ်။ သူ့အတွက်ကြောင့် လူတကာကို စိတ်အနှောင့်အယှက်ပေးလိုသူမဟုတ်။ ဖြစ်သမျှနှင့် ရောင့်ရဲမည်၊ မိဘ၏ဩဇာအောက်တွင် မိဘစိတ်တိုင်းကျနေမည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သည်။

အမှန်ဆိုတော့ 'မ' သည် ကျောက်ဖိခံနေရသော မိုင်းကောင်းကလေးပင် ဖြစ်သည်မဟုတ်လော။

[ ၉ ]

မော်သည် တစ်စုံတစ်ခုကို အားပါးတရအော်လိုက်ရင်း အပေါ်ထပ်သို့ ပြေးတက်လာလေသည်။ ဘာကြောင့်မှန်းမသိ။ မတွေ့လိုသူကို တွေ့ရမည်ကဲ့သို့ ရင်တထိတ်ထိတ်ခုန်မိသည်။ မော်၏အသံသည် တစ်အိမ်လုံးကို လွှမ်းမိုး၍ နေတော့သည်။

"'မ' ရေ ...'မ'၊ ကိုကိုကြည် ပြန်လာပြီဟေ့။ တို့ဖို့လက်ဆောင်တွေလည်းပါတယ်"

ငယ်ပေါင်းကြီးဖော် မိတ်ဆွေတစ်ယောက် ပြန်ရောက်လာသဖြင့် ဝမ်းသာမိသော်လည်း 'မ' စိတ်ထဲ၌ကား တစ်ခုခုကို အစိုးရိမ်လွန်မိလေသည်။

ကိုခင်မောင်ကြည်သည် 'မ' တို့မောင်နှမတစ်တွေနှင့် ငယ်စဉ်ကပင် ကစားဖက်ဖြစ်သည့်အပြင် ဗစ်တာ၏ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်လည်း ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

**"ကျွန်တော် 'မ' ကိုချစ်တယ်။ ချစ်တယ်ဆိုတဲ့နေရာမှာ ခပ်ပေါ့ပေါ့တော့ မတွေးစေချင်ဘူး။ 'မ' ရဲ့အလှဟာ ကျွန်တော့်ကိုယ်တွေ့ စာဖွဲ့လို့မစွမ်းအောင် နက်နဲယဉ်ကျေးတဲ့အလှပဲ"**

**"ဒါပေမဲ့ ကျွန်တော်ချစ်တာက ဒီအလှကို ယစ်မူးပြီးချစ်တာမဟုတ်ပါဘူး။ ကျွန်တော် 'မ' ကိုချစ်တာက 'မ' ရဲ့ အတွင်းစိတ်နဲ့ ဝါသနာကိုချစ်တာပဲ။ ဒီအရည်အချင်းနှစ်ခုဟာဖြင့် ကျွန်တော့်တစ်သက်မှာ ဘယ်မိန်းမမျိုးတွေဆီကမှ ရနိုင်လိမ့်မယ်လို့ မမျှော်လင့်နိုင်တဲ့ အရည်အချင်းနှစ်ခုပဲ။ ဒါကြောင့်လည်း ကျွန်တော် 'မ' ကိုချစ်တဲ့အချစ်ဟာ ကျွန်တော့်တစ်သက်မှာ နောက်ထပ် မပေါ်ပေါက်နိုင်တဲ့အချစ်မျိုးဆိုတာကိုတော့ 'မ' ယုံစေချင်တယ်"**

# မြင်ပုံချင်း မတူသလို

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ



(၂၁-၉-၂၀၂၂ ရက်နေ့မှအဆက်)

“ဖြေလို့ မရသေးဘူး ဒကာကြီး၊ ဒကာကြီးရဲ့ စကားက မဆုံးသေးဘူးလေ၊ နောက်ပြီး ဘယ်လို တရားကို သိထားတာလဲ၊ အားထုတ်ထားတာလဲ၊ ဘယ်လိုခိုင်းလို့ ဘယ်လိုသိထားသလဲ၊ လက်တွေ့ မှာရော ဘယ်လိုတွေဖြစ်လို့ ဘယ်လိုအသုံးချသလဲ၊ အသုံးချလို့ရတယ်ဆိုတာနဲ့ အသုံးချလို့မရဘူး ဆိုတာက ဘယ်လို သဘောတွေလဲ၊ ဘယ်လိုကွာခြား နေသလဲ၊ ကဲ . . အဲဒါတွေကို ပြောနေတဲ့ ဒကာကြီးရဲ့ စကားက အဆုံးမှမသတ်သေးတာ၊ အဲဒါ ဘယ်လို လုပ်ပြီး ကြားဝင်ပြောလို့ရပ့ါမလဲ”

“သြော် . . ဟုတ်သားပဲဘုရား၊ တပည့်တော်က အရှင်ဘုရားကို တအင်းအင်းပဲ ပြန်ပြောနေတော့ အားမရသလိုဖြစ်ပြီး ပြောမိတာပါဘုရား။ ဒီလိုဆိုရင် အရှင်ဘုရားပြောသလိုအထိ တပည့်တော်ပြောပါ မယ် ဘုရား”

“အင်း . . ပြောပါ”

“ပြောတာကတော့ ဟုတ်ပါတယ်ဘုရား၊ မပြောခင် စကားပလ္လင်ခံပြီးတော့ ပြောပါရစေ”

“အင်း . . ပြောပေ့ါ”

“တပည့်တော် အားထုတ်ခဲ့တဲ့တရားက တကယ့်တရားပါ၊ တပည့်တော်ရဲ့ ဆရာသမားတွေ က တကယ်အားကိုးထိုက်တဲ့ ဆရာသမားတွေပါပဲ၊ အပြောလွဲခဲ့ရင် တပည့်တော်က ညံ့လို့၊ နားမလည်လို့ ပဲဆိုတာ နားလည်ပေးပါဘုရား”

“သြော်. . ဒကာကြီးက ဦးပဥ္စင်းကို စကားပလ္လင် ခံတာကိုး၊ မှတ်ထားပါဒကာကြီး၊ ဆရာသမားတွေ ဆိုတာ တပည့်တွေအပေါ် ကောင်းစေချင်ကြတာပါပဲ။ ကိုယ်သိသလို၊ ကိုယ်သဘောပေါက်သလို သိစေချင်၊ သဘောပေါက်စေချင်၊ တတ်စေချင်ကြတာချည်း ပါပဲ”

“မှန်ပါဘုရား”

“ဒကာကြီးစကားပလ္လင်ခံသလို ဦးပဥ္စင်းလည်း စကားပလ္လင်ခံရဦးမယ်”

“မိန့်ပါဘုရား”

“အခု တရားအားထုတ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဒကာကြီးမေးလို့ အဖြေပေးရတာနော်၊ တကယ်လို့ မေးတာကို ဖြေတဲ့အခါမှာ ပြောသင့်တာတွေကို ပြောသင့်သလို မချန်ဘဲပြောခဲ့ရင် ဒကာကြီး စကား ကိုသာ ပြောတာ၊ ဖြေတာပါ၊ ဒကာကြီးရဲ့ ဆရာ သမားတွေ ဒီဆရာသမားတွေရဲ့ သန္တာန်မှာရှိတဲ့ သီလ၊ သမာဓိ၊ ပညာတွေကို ပြောတာမျိုးတော့ ဘယ်တော့မှမဟုတ်ဘူးဆိုတာကြိုပြီးသဘောပေါက် ထားစေချင်ပါတယ်”

“မှန်ပါဘုရား၊ တပည့်တော် အဲဒီလိုပဲ ခံယူ သဘောပေါက်ပါတယ်ဘုရား”

“အင်း.. အဲဒီလိုမဟုတ်ခဲ့ရင် တစ်မျိုးအဓိပ္ပာယ် ကောက်ပြီး ငါ့ကိုစော်ကားတယ်၊ သူ့ကိုစော်ကား တယ်၊ ငါ့ဆရာကို၊ ငါတို့နည်းကို အထင်သေးတယ်၊ အပုပ်ချတယ်ဆိုပြီး ဖြစ်တတ်တယ်”

“မဖြစ်ပါဘူးဘုရား”

“ဖြစ်တတ်တာကိုပြောတာပါ၊ ပရိယတ္တိပေတံနဲ့ တိုင်းတာပြီးပြောရင် တချို့ မကြိုက်ဖြစ်တတ်လွန်း လို့ပါ”

“တပည့်တော်က မဖြစ်ပါဘူးဘုရား”

“ကဲ . . ဒီလိုဆိုရင် ဒကာကြီးပြောပါ”

“မှန်ပါဘုရား၊ တပည့်တော်တရားအားထုတ် တဲ့အခါမှာ မြင်ရင်လည်း မြင်တယ်၊ ကြားရင်လည်း ကြားတယ် ဆိုတာမျိုးကိုလည်း မှတ်ဖူး၊ အားထုတ်ဖူး ပါတယ်ဘုရား၊ နောက်ပြီး “ဖြစ်ပျက်” “ဖြစ်ပျက်’’ ဆိုတာမျိုးလည်း အားထုတ်ဖူးပါတယ်ဘုရား၊ နောက်ပြီး အသက်ပြင်းပြင်းရှူပြီး အားထုတ်တာမျိုး လည်း အားထုတ်ဖူးပါတယ်ဘုရား”

“သြော်. . ဒကာကြီးက တော်တော်စုံအောင် အားထုတ်ဖူးတာကိုး”

“မှန်ပါဘုရား၊ ကျန်တာတွေတော့ မပြောတတ် ပါဘူး’’

“ကဲ . . မကျန်တာတွေသာ ပြောပေ့ါ”

“အရှင်ဘုရား၊ တပည့်တော်က စိတ်ဆိုးတတ် ပါတယ်ဘုရား၊ “ထစ်ခနဲဆိုရင် စိတ်ဆိုးတတ်တယ်” ဆိုတဲ့ အဆင့်ထဲမှာ မပါသော်လည်းပဲ စိတ်ဆိုးတာ ကတော့ ဝါသနာတစ်ခုလို ဖြစ်နေပါတယ်”

“စိတ်ဆိုးလိုက်ရမှ ဘာမဆို ကျေနပ်တတ်တယ် ဆိုတာမျိုးကို ပြောတာလား”

“ဟုတ်ပါတယ်ဘုရား၊ အဲဒီစိတ်ဆိုးတဲ့ကိစ္စနဲ့ ပတ်သက်တဲ့ တရားပါပဲဘုရား၊ တပည့်တော်က စိတ်ဆိုးပြီဆိုရင် စိတ်ဆိုးမှန်း သိပါတယ်။ “စိတ်ဆိုး တယ်” ဒါမှ မဟုတ် “သိတယ် သိတယ်’’၊ တစ်ခါ တလေ “ဖြစ်ပျက် ဖြစ်ပျက်’’ဆိုပြီး ကြားဖူး၊ သိဖူး၊ အားထုတ်ဖူးသမျှတွေနဲ့ ချက်ချင်းဆိုသလို မှတ်လိုက် ပါတယ်။ အားထုတ်လိုက်ပါတယ်” ။

“စိတ်ဆိုးတုန်း တရားအားထုတ်ရင် ကောင်းတာ ပေ့ါ”

“အဲဒါပြောတာပေ့ါဘုရား၊ စိတ်ဆိုးတုန်း တရား အားထုတ်နိုင်တာ ကောင်းတယ်လို့ သိလို့ တပည့် တော် ကြိုးစားပြီးအားထုတ်ပါတယ်၊ ဒါပေမဲ့ အားထုတ်နေရင်းကိုပဲ ဒီဒေါသက တစ်ခါတလေ ပိုပြီးဆိုးလာတယ်၊ တစ်ခါတလေတော့လည်း လျော့လာတယ်၊ တစ်ခါတလေတော့လည်း ဖြစ်ကြောက ရှည်နေတော့တာပါပဲ”

“သြော် . . အဲဒီလိုဖြစ်နေတာလား”

“ဟုတ်တယ်ဘုရား၊ တပည့်တော်က အဲဒါကို ဘဝင်မကျသလို ဖြစ်နေတာပေ့ါ၊ ဒီဒေါသပျောက် အောင်၊ ဒီစိတ်ဆိုးတဲ့ အကျင့်ပျောက်အောင် တရား အားထုတ်ပါတယ်ဆိုမှ တစ်ခါတလေ မပျောက်တဲ့ အပြင် ပိုတောင်ဆိုးလာတာတွေ တွေ့ရပါတယ်။ အဲဒါ တပည့်တော် အားထုတ်နည်းက လွဲနေလို့လား၊ ဒါမှမဟုတ် တပည့်တော်ကပဲ ညံ့လို့လား”

“ဟော.. ဟော..ကြည့်၊ ဒကာကြီးစပြောတုန်းက တပည့်တော်အပြောလွဲခဲ့ရင် တပည့်တော်က ညံ့လို့၊ နားမလည်လို့ပဲဆိုပြီး နားလည်ပေးပါဘုရား လို့ ပြောခဲ့တယ်မဟုတ်လား”

“သြော် . . ဟုတ်သားပဲဘုရား၊ အဲဒါလေးကို ရှင်းပြပါဦးဘုရား၊ နားမလည်သေးတဲ့ တပည့်တော် ကို နားလည်လာအောင်၊ ညံ့နေတဲ့ တပည့်တော်ကို တော်လာအောင်ပေ့ါ”

“ဦးပဥ္စင်းတို့ကတော့ ဟိုနည်းဒီနည်းဆိုတာ တွေကို မပြောလိုပါဘူး၊ ဘုရားရှင်အလိုကျ ဘုရား ရှင် ဖြစ်စေချင်တာ၊ တရားအားထုတ်သူတွေဖြစ် လာရမယ့် သဘောတွေကိုတော့ ပြောပေးပါမယ်”

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပ့ါမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁၀)

ဦးမင်းဟန်(ဘီအေ)

“မောင်ထူးရေ လာလာ”

“ခင်ဗျာ- ဟုတ်ကဲ့ဘိုးလေး။ ပြောပါခင်ဗျာ”

ဘိုးလေးကြွက်ရှိရာ ကုက္ကိုပင်ကြီးအောက်သို့ ရောက်လာကြသော မောင်ထူး၊ ကိုဦးနှင့်ပူစူးမတို့ကို ဘိုးလေးကြွက်က လှမ်းခေါ်၍နှုတ်ဆက် လိုက်သည်။

“ကဲ- ကဲ- လာကြလာကြ၊ ပူစူးမရေ”

“ဟုတ်ကဲ့၊ ပြောပါဘိုးလေး”

“မြေးတို့ကို စာသင်ခန်းဆိုင်ရာယဉ်ကျေးမှုနဲ့ဆက်နွှယ်တာလေး တွေပြောလာတာမနည်းတော့ဘူးနော်။ မြေးတို့တွေလည်း အတော်လေး တော့သိရှိသွားကြပြီလို့ထင်တယ်။ ကျောင်းစာသင်ခန်းအတွင်းမှာ ဆရာ ဆရာမတွေက ခေါ်ရင်ပြောရင် ယောက်ျားလေးက “ခင်ဗျာ” လို့ပြန်ထူးရပြီး မိန်းကလေးက “ရှင်” လို့ ပြန်ထူးရမယ်ဆိုတာလည်း ဟိုးကတည်းက မှာကြားခဲ့ပြီးပြီနော်”

“ဟုတ်ကဲ့ပါ ဘိုးလေး”

“မြေးတို့က ယဉ်ကျေးကြပါတယ်။ ထပ်ပြီးမှတ်မိနေအောင်သာ ပြောရတာပါ။ ဆရာ ဆရာမတွေနဲ့ စကားပြောတဲ့အခါ ဟုတ်မှန်ကြောင်း ဝန်ခံလိုတဲ့ စကားကိုပြောလိုရင် ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါရှင့်ဆိုတာ မျိုးနဲ့ မှန်ပါတယ်ခင်ဗျာ၊ ဟုတ်ပါတယ်ရှင့်ဆိုပြီး ပြောဆိုရမယ်။ စောစော ပိုင်းက ဘိုးလေးပြောပြခဲ့တာ၊ သွန်သင်ခဲ့တာတွေပါ။ ခုအချိန်မှာတော့ မြေးတို့လည်း လိုက်နာကျင့်ဆောင်နေကြလို့ ပိုမိုယဉ်ကျေးတဲ့ ကလေး တွေဖြစ်နေကြပါပြီ”

“ဟုတ်ကဲ့ပါ ဘိုးလေး”

“နောက်တစ်ခုကတော့ မဟုတ်မှန်ကြောင်းပြောလိုတဲ့အခါမှာ လည်း မဟုတ်ပါခင်ဗျာ၊ မဟုတ်ပါရှင့်။ မမှန်ပါခင်ဗျာ၊ မမှန်ပါရှင့်လို့ပဲ ယဉ်ယဉ်ကျေးကျေး ပြန်ပြောရမယ်။ ကျောင်းသား ကျောင်းသူ အချင်းချင်းငြင်းခုံတာတို့၊ စကားကိုလုပြီးပြောတာတို့ မလုပ်ရဘူးဆိုတာ တွေ မှတ်မိကြသေးတယ်နော်”

“မှတ်မိပါတယ်ဘိုးလေး။ စကားကိုလုပြီးငြင်းတာကတော့ မောင်းထူးပဲပြောလေ့ရှိတော့တယ်”

“ပူစူးမကတော့ လုပ်ပြီ”

ဘိုးလေးကြွက်၏စကားအဆုံးမှာ ပူစူးမပြောလိုက်သောစကား ကြောင့် မောင်ထူးတစ်ယောက် မကျေမနပ်ဖြင့် ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

“ဟုတ်လား မောင်ထူးရဲ့။ ဘယ်လိုအကြောင်းများလဲ၊ အခုအချိန် အထိ ပြောတုန်းပဲလား”

“ခုနောက်ပိုင်းတော့ သိပ်မပြောဖြစ်တော့ပါဘူး ဘိုးလေးရယ်။ ဒီလိုပါဘိုးလေး ဟိုတစ်နေ့က ဆရာမက ဆုံးမစကားပြောနေတာကို ကိုဦးက စကားကိုဆုံးအောင်နားမထောင်ဘဲ အလျင်စလိုပြောတာကို မြေးက ဝင်ပြောတာပါ၊ ဆရာမရှေ့မှာ ကိုဦးနဲ့ ငြင်းခုံမိကြသေးတာပေ့ါ”

“သြော် ဒီလိုလား၊ ဒါကြောင့်ကိုး”

“ဟုတ်ပါတယ် ဘိုးလေး”

“တဖြည်းဖြည်းချင်းတော့ လျှော့လာနိုင်အောင်ကြိုးစားကြပေ့ါ။ ရွယ်တူတွေဆိုတော့ ပြောဖြစ်ငြင်းခုံဖြစ်တာလည်း ရှိနေဦးမှာပါပဲ။ အဓိကကတော့ ဆရာ ဆရာမတွေက ပြောဆို၊ ဆုံးမစကားပြောနေရင်ပဲ ဖြစ်ဖြစ်၊ တစ်ခုခုပြောနေရင်ပဲဖြစ်ဖြစ် တပည့်တွေက ငြိမ်ပြီးနားထောင် နေရမယ်။ ဆရာ ဆရာမတွေရဲ့စကားဆုံးပြီဆိုတာတောင် ဆရာ ဆရာမ တွေက တစ်ခုခုထပ်ပြောဦးမလားဆိုတာ နားစွင့်နေရမယ်။ နောက်ပြီးမှ ဥပမာပေ့ါ။ မောင်ဖြူ၊ မောင်နီ တစ်ဦးဦးပြောပါဆိုတော့မှ ပြောရမယ်။ ဒါတောင် ပြောခိုင်းတဲ့သူပဲပြောရမယ်။ စကားကို လုပြီးမပြောရဘူး။ ဆရာ ဆရာမတွေရဲ့ရှေ့မှာလည်း အချင်းချင်းငြင်းခုံတာမျိုး မလုပ်ရဘူး ကွယ့်။ ဆရာ ဆရာမတွေဆိုတာ မိဘနဲ့တစ်ဂိုဏ်းတည်းရှိတာဆိုတော့ ရိုသေလေးစားသမှုက ရှိကိုရှိနေရမယ်”

“ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပ့ါမယ်”

“နောက်ပြီး စကားပြောတဲ့အခါ ထစ်ခနဲဆို စိတ်တိုတတ်တယ်။ သဘာဝပါ၊ ဖြစ်လေ့ဖြစ်ထရှိတယ်ဆိုပေမယ့် အဲဒါကို သတိထားပြုပြင် ရမှာ။ ဆရာ ဆရာမတွေ၊ လူကြီးသူမတွေနဲ့ စကားပြောတဲ့အခါ အထူး ဆင်ခြင်ကြရမယ်။ အဲဒီလိုမှမဟုတ်ရင် မြေးတို့က မယဉ်ကျေးတဲ့ကလေး၊ ရိုင်းတဲ့ကလေးရယ်လို့ ဖြစ်သွားတော့မှာပေ့ါကွယ်။ ဒါကြောင့် ရည်မွန် တဲ့ကလေးတွေဖြစ်အောင် ယဉ်ကျေးရမယ်၊ လိမ္မာရမယ်နော်”

“ဟုတ်ကဲ့ပါ ဘိုးလေး”

“ငြင်းခုံကြတာ၊ စကားအနိုင်လုပြောတာတွေဟာ တကယ်တော့ အကျိုးမရှိဘူး။ အနှစ်လည်း မပါဘူးပေ့ါ။ ဒါကြောင့်မို့ အဲဒီလိုစကားတွေ ဟာ အကျိုးမရှိတဲ့စကား၊ အနှစ်မဲ့တဲ့စကားတွေဖြစ်လို့ ရှောင်ကြဉ်ကြ ရမယ်”

“ဟုတ်ကဲ့ဘိုးလေး။ ဒါဆို အကျိုးမရှိတဲ့ အနှစ်မဲ့စကားတွေကို ကျောင်းစာသင်ခန်းအတွင်းမှာ မပြောမိအောင် မြေးတို့တွေ သတိနဲ့ နေထိုင် ပြောဆိုပါတော့မယ်”

“မှန်လိုက်လေ ကိုဦးရာ။ အဲဒီလို သတိနဲ့ကိုဆင်ခြင်နိုင်ရမှာ။ ဘိုးလေးက အဲဒါပြောချင်တာ။ ဆရာ ဆရာမတွေကို ရိုသေလေးစားမှု ရှိရမယ်၊ ကျောင်းစာသင်ခန်းအတွင်းမှာ စည်းကမ်းရှိရမယ်၊ ဆရာ ဆရာမတွေရဲ့စကားကို နားထောင်ရမယ်၊ ဆရာ ဆရာမတွေရဲ့ အရိပ်အကဲကိုနားလည်နေရမယ်၊ ဆရာ ဆရာမတွေ သွန်သင်ဆုံးမတာကို နာခံတတ်တဲ့သူတွေဖြစ်နေရမယ်။ ဒါမှ လိမ္မာယဉ်ကျေးတဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်လာမှာပေ့ါကွယ်။ မြေးတို့တွေက ပိုပြီးယဉ်ကျေး လိမ္မာလာကြရင်၊ ကျောင်းမှာ စံနမူနာပြကျောင်းသား ကျောင်းသူတွေ ဖြစ်လာကြမယ်ဆိုရင် မိဘဆရာတွေအားလုံးက ဝမ်းသာကြရမှာပေ့ါ။ ဘိုးလေးလည်း ကြည်နူးပီတိဖြစ်ရတာပေ့ါကွယ်။ ဘိုးလေးဆိုလိုတာ နားလည်ကြပါတယ်နော်”

“ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့ နားလည်ကြပါတယ်။ မြေးတို့အားလုံး လိုက်နာကြပါမယ်ဆိုတာ ကတိပေးပါတယ်”

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး၏ ညီညာသည့် သံပြိုင် ကတိစကားအသံတို့က ဘိုလေးကြွက်၏ရင်ကို တိုးဝှေ့ရစ်ပတ်သွားလေ တော့သည်။

“သာဓုကွယ် သာဓု၊ သာဓု” ။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**နေက္ခမ္မပါရမီ**

နေက္ခမ္မဟူသည်မှာ လွတ်မြောက်ခြင်း၊ ထွက်မြောက်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထွက်မြောက်ခြင်းသည် သံသရာမှ ထွက်မြောက်ခြင်း ဖြစ်သည်။

သံသရာမှ ထွက်မြောက်ခြင်းသည် အကျိုးဖြစ်၍ ကာမမှထွက်မြောက်ခြင်းမှာ အကြောင်းဖြစ်သည်။ ကာမမှ ထွက်မြောက်သည်အထိဖြည့်ကျင့်မှသာ သံသရာမှ ထွက်မြောက်နိုင်မည် ဖြစ်သည်။ ကာမနှစ်မျိုးနှင့် ဘဝသုံးမျိုးမှ ထွက်မြောက်ခြင်းထက် အစွမ်းအားဖြင့် ဖြစ်သော ကုသိုလ်စိတ်၊ စေတသိက်တရား အစုကိုပင် နေက္ခမ္မဟုခေါ်သည်။

သာယာတပ်မက်မှုမှန်သမျှ စွန့်လွှတ်ရာတွင် ကိလေသာကာမမှ လွတ်မြောက်စေရန် ပထမဦးစွာ နှလုံးသွင်းရာ၏ဟု ဆရာကြီးဦးရွှေအောင်က ပြဆိုထားသည်။

"လူမှန်သမျှ အလုပ်ကို တစ်ခုမဟုတ်တစ်ခု လုပ်နေကြရ၏။ ထိုသို့လုပ်ရာ၌ ရည်ရွယ်ချက်ရှိ၏။ ထိုရည်ရွယ်ချက်ကို လိုက်၍ ပါရမီသဘောနှင့် ပါရမီမဟုတ်သောသဘောသည် ကွဲပြားသွားသည်။ ငါ့အတွက် သက်သက်ဟု ရည်ရွယ်လျှင် ပါရမီမဟုတ်တော့။ လောကအတွက်၊ သူတစ်ပါးအတွက်ဟူ၍ ဆိုသည်နှင့် တစ်ပြိုင်နက် မိမိအတွက်တပ်မက်ခြင်း လောဘကို အလိုလိုပယ်စွန့်ပြီးသား ဖြစ်၏။ ယင်းကိုပင် နေက္ခမ္မပါရမီဟုဆိုရာ၏။ နေက္ခမ္မပါရမီသဘောဝင်လာလျှင် သာယာဖွယ်ဟူသမျှ စွန့်နိုင်၏။ ရဲရင့်လာ၏။"

ဆရာကြီးဦးရွှေအောင်၏ ဝဋ္ဋံသကာ သိရောမဏိ မဟာဝိဇ္ဇာ–သက္ကတ ဖွင့်ဆိုချက်မှ ထုတ်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကိလေသာကာမမှ ထွက်မြောက်စေရန် နှလုံးသွင်းရာ၏။ ကာမမှ ထွက်မြောက်စေရန် အားထုတ်နိုင်လျှင် ဘဝမှလွတ်မြောက်ခြင်းအကျိုး ရသကဲ့သို့ ကိလေသာမှ ထွက်မြောက်အောင် ဘဝမှထွက်မြောက်ခြင်းအကျိုး ရရှိသကဲ့သို့ ကိလေသာကာမမှ ထွက်မြောက်အောင် လုံ့လစိုက်ထုတ်ပြီး ကြိုးကုတ်စွာဖြင့် နှလုံးသွင်းဆင်ခြင် အားထုတ်လျှင် ကာမမှလွတ်မြောက်ခြင်း အကျိုးကို ရရှိနိုင်ပေသည်။

ကိလေသာကာမ၏ အကြောင်းရင်းကို ရှာဖွေသော် မိစ္ဆာဝိတက်သုံးပါးအပါအဝင်ဖြစ်သော ကာမဝိတက်ကို တွေ့ရသည်။ ကာမဝိတက်ကိုတိုး၍သာ ဖြစ်ပွားသဖြင့် ထိုကိလေသာကာမမှ ရုန်းမထွက်နိုင်ပေ။ ကာမဝိတက်ကို မကြံစည်မှသာ ကိလေသာကာမ မဖြစ်တော့သဖြင့် ထိုထိုသော ကိလေသာကာမမှ ထွက်မြောက်နိုင်မည်ဖြစ်သည်။

ဝိတက်ဟူသော အကြောင်းကြောင့် ကိလေသာမဖြစ်ရကြောင်း ပေါ်လွင်ထင်ရှားသည်ဖြစ်ရာ ဝိတက်တွင် မိစ္ဆာဝိတက်သုံးပါးနှင့် သမ္မာဝိတက်သုံးပါးရှိပြန်သည်။

**မိစ္ဆာဝိတက်သုံးပါး**

၁။ ကာမဝိတက်။ ဝတ္ထုကာမကို တွယ်တာသည့်အနေဖြင့် ကြံစည်စိတ်ကူးခြင်း။

၂။ ဗျာပါဒဝိတက်။ သူတစ်ပါးကို နှိပ်စက်သတ်ဖြတ်ရန် စိတ်ကူးခြင်း။

၃။ ဝိဟိံသာဝိတက်။ သူတစ်ပါးကို ညှဉ်းဆဲရန် ကြံစည်စိတ်ကူးခြင်းတို့ ဖြစ်သည်။

**သမ္မာဝိတက်သုံးပါး**

၁။ နေက္ခမ္မဝိတက်။ ဝတ္ထုကာမတို့မှ ထွက်မြောက်ရန် ကြံစည်စိတ်ကူးခြင်း။

၂။ အဗျာပါဒဝိတက်။ မေတ္တာတရားနှင့် ယှဉ်သောအတွေးကို ကြံစည်စိတ်ကူးခြင်း။

၃။ အဝိဟိံသာဝိတက်။ ကရုဏာဖြင့် ယှဉ်သောအတွေးကို စိတ်ကူးခြင်းတို့ ဖြစ်သည်။

"တပ်မက်ခြင်းလောဘကို ပယ်သတ်ရန် မိမိအတွက်ပယ်စွန့်၍ လူအများအတွက် ရည်ရွယ်ဖို့လိုသည်။ သို့ဖြစ်ရာ ကိလေသာကာမမှ ထွက်မြောက်အောင် ဦးစွာနှလုံးသွင်းရာ၏။" ဟူ၍လည်း ဆရာကြီးဦးရွှေအောင်က ရေးသားဖော်ပြခဲ့ပေသည်။

ကိလေသာ ကာမနယ်ပယ်မှ လွန်မြောက်စေရန် တောထွက်ခြင်းကို ပြုရာ၏။ တောထွက်ခြင်းဟူသည် နေက္ခမ္မပါရမီဖြည့်ကျင့်ရာ ရဟန်းဖြစ်ရခြင်း၏အရင်းခံဖြစ်သည်။ တောထွက်သည်ဖြစ်သဖြင့် ရသေ့၊ ရဟန်းပြုလျက် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်တွင် ကျင့်ကြံ အားထုတ်ရတော့မည်ဖြစ်ရာ ဝတ္ထုကာမကို စွန့်လွှတ်ကြသည်။ ယင်းနောက် ရသေ့၊ ရဟန်းပြုပြီး သပိတ်၊ သင်္ကန်း၊ ပရိက္ခရာတို့ကို ဆောင်ယူသည်မှအပ အခြားမည်သည့်အရာမျှ မဆောင်တော့ခြင်းဖြစ်သည်။ မိမိပိုင်ဆိုင်သည့် ပစ္စည်းတို့အပေါ် အာလယပြတ်လျက် တောရပ်ဝင်ကာ တောထွက်ခြင်းသည် နေက္ခမ္မပါရမီ ထမြောက်အောင်မြင်မှု ဖြစ်ကြောင်း သိရသည်။

တောထွက်ရာတွင် နှစ်မျိုးရှိပြီး လူပျိုတောထွက်ခြင်းနှင့် လူအိုတောထွက်ခြင်းဟူ၍ရှိရာ အိမ်ရာမတည်ထောင်ရသေးသည့် လူပျိုသည် ဝတ္ထုကာမဖြတ်တောက်ရာ၌ အတင်းအကျပ် ဖွဲ့နှောင်ထားခြင်းမရှိသဖြင့် ဖြတ်တောက်ရလွယ်ကူသည်ဟု ဆိုရပေမည်။ အိမ်ရာထူထောင်မှုရှိပြီးဖြစ်သည့် လူအိုတို့ တောထွက်ရာတွင် သံယောဇဉ်အမျှင်တန်းကို ဖြတ်တောက်ရာ၌ လူပျိုထက်ပိုမိုခက်ခဲနိုင်ပေသည်။ သို့သော် တေမိမင်းသားမှာဖြင့် မိဘများက ထီးနန်းစံမြန်းစေလိုသည်ကို မင်းသားက မစံမြန်းလိုသဖြင့် ဆွံ့အသူ အယောင်ဆောင်ရသည်။ မင်းစည်းစိမ် ဥစ္စာများကို မခံမင်၊ မခံစားပေ။ ထို့အပြင် အမှန်တကယ်မအဘဲ အအကဲ့သို့ အယောင်ဆောင်ရသည်မှာ ခက်ခဲစွာဖြင့် ဝတ္ထုကာမကို နှောင်ကြိုးဖြတ်ရခြင်းဖြစ်သည်။ ယင်းမှာ မွန်မြတ်သော တောထွက်မှု၊ ထွက်မြောက်မှု ဖြစ်ပေရာ နေက္ခမ္မပါရမီပင်ဖြစ်ပေတော့သည်။ ။

■

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ




**အခါသင့်ကတရားနာရမယ်**

**ကာလေနဓမ္မဿဝနံ။**

"သင့်လျော်သောအခါ၌ တရားနာကြားခြင်း၊ အခွင့်အခါသင့်တိုင်း တရားနာကြားရခြင်း၊ အခါသင့်က တရားနာကြားရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။

၃၈–ဖြာမင်္ဂလာကဗျာတွေရဲ့ သတ္တမမြောက်ကဗျာဖြစ်တဲ့ "စိတ်ထားရေး မင်္ဂလာငါးပါး"ထဲက နံပါတ်ငါး မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့ သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး.. ရှေးသရောအခါက…။

"တရားနာဥပုသ်စောင့်တာအတွက်တော့ အသပြာမပေးပါနဲ့တော့။ ကနေ့ကစပြီး ဥပသကာတစ်ဦး ဖြစ်ခဲ့ပါပြီ"

တရားနာဥပုသ်စောင့်ပြီး ပြန်လာတဲ့သားဖြစ်သူကို အသပြာတစ်ထောင်ကမ်းပေးလိုက်စဉ်မှာ အသပြာကိုမယူတော့ဘဲ ပြန်ပြောလိုက်တဲ့စကားကို ကြားလိုက်ရတဲ့တစ်ခဏအတွင်းမှာ အနာထပိဏ်သူဌေးကြီးဟာ ပြုံးပျော်ကြည်နူးသွားတော့သတဲ့။

ဖြစ်စဉ်ကတော့ မြတ်စွာဘုရားရှင်လက်ထက်အခါကပေါ့ကွယ်။ ဘုရားဒကာ၊ ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးတစ်ဦးရှိတယ်။ အဲဒီသူဌေးကြီးမှာ "ကာဠ"လို့အမည်မှည့်ခေါ်ထားတဲ့ သားတစ်ယောက်လည်း ရှိတယ်ကွယ့်။

"ငါ အသက်ထင်ရှားရှိပါလျက် ငါ့သားဟာ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိဖြစ်နေပါလား။ မိဘတွေသွန်သင်ဆုံးမမှုကိုလည်း နားမဝင်ဖြစ်နေတာမသင့်ပါဘူးလေ။ ငါ့သားဖြစ်ရက်နဲ့ ငရဲကျနေရင် သင့်လည်းမသင့်လျော်ပြန်ပါဘူး။ ဒီတော့ကာ ငွေကြေးဥစ္စာပေးပြီးတော့ ဆုံးမပြောဆိုမှ ဖြစ်ပေတော့မယ်"

ဖခင်ဖြစ်တဲ့အနာထပိဏ်သူဌေးကြီးက စဉ်းစားတွေးတောအကြံထုတ်ကာ တီးတိုးရေရွတ်ပြီး ကျေနပ်နေတာပေါ့ကွယ်။

"ချစ်သားမောင်ကာဠ၊ ချစ်သားရေ"

"မိန့်တော်မူပါ ဖခမည်းတော်၊ ဘာတွေများအမိန့်ရှိမှာပါလဲဗျ"

"အိမ်း– ချစ်သားရေ မြတ်စွာဘုရားရှင်ထံသွားပြီး ဥပုသ်စောင့် တရားနာပါ"

"အို– ဖခမည်းတော်ရယ် သားတော်က ငယ်ပါသေးတယ်။ ဥပုသ်မစောင့်ချင်သေးပါဘူးဗျာ။ တရားနာရအောင်လည်း ညောင်းမှာဗျ၊ မသွားချင်ပါဘူးဗျာ"

အနာထပိဏ်သူဌေးကြီးက ကြိုတင်တွက်ဆပြီးသားပေါ့ကွယ်။ သားဖြစ်သူက လွယ်လွယ်နဲ့တော့ စည်းရုံးလို့ရမှာမဟုတ်ဘူးဆိုတာ သိနေလို့ နောက်ဆုံးမှာ အသပြာပေးကာ စည်းရုံးစကားပြောတော့တယ်။

"ချစ်သား စဉ်းစားပါ။ နေ့စဉ်ဥပုသ်စောင့်တရားနာရင် နေ့စဉ် အသပြာတစ်ထောင်ပေးမယ်ကွာ"

"ဟင်– ဟုတ်လား။ ဒါဆိုရင်တော့လည်း ဖခမည်းတော်စိတ်ကြိုက် သာလုပ်ပါတော့ဗျာ"

သားဖြစ်သူမောင်ကာဠဟာ မြတ်စွာဘုရားရှင်သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်သို့ သွားပါလေရော။ ကျောင်းရောက်တဲ့အခါ တရားနာပရိသတ်တွေရဲ့ အစွန်ဆုံးမှာ နေရာယူပြီး အိပ်နေလေတယ်။ တရားပွဲပြီးမှ အိမ်ကို ထပြန်လာတာပေါ့။ အိမ်ရောက်တဲ့အခါ ဖခမည်းတော်ဆီက အသပြာတစ်ထောင် တောင်းယူသတဲ့။

"ချစ်သားရေ တရားနာဥပုသ်စောင့်တာ ရက်ကလေးရလာပြီပဲ။ ဒီနေ့တော့ တရားတစ်ပုဒ်လောက်ရအောင်မှတ်ခဲ့ကွာ။ အိမ်ပြန်ရောက်တော့ ပြန်ပြောပြပေါ့"

အနာထပိဏ်သူဌေးကြီးက သားဖြစ်သူရဲ့ တရားနာဥပုသ်စောင့်တဲ့ရက်လည်း အတော်အတန်ရလာတဲ့အတွက် ထပ်မံညွှန်ကြားလိုက်တာဖြစ်တယ်။ ဒီလိုနဲ့ တရားတော်ကိုတစ်ပိုဒ်စ၊ နှစ်ပိုဒ်စမှတ်ခိုင်းပြီး ပြန်ပြောပြခိုင်းရာကနေ မှတ်သားတဲ့အကျင့်ကောင်းကလေး ရလာတော့တာပေါ့ကွယ်။

"ချစ်သားလည်း အတော်လေးလိမ္မာလာပြီပဲ။ ဒီနေ့တော့ တရားတစ်ပုဒ်လုံးကို မှတ်သားလာခဲ့ပေတော့။ ဒီလောက်တော့ မှတ်နိုင်မှာပါ။ အိမ်ပြန်ရောက်တဲ့အခါ ဤသည်မရွေးပြန်ပြောပြပေါ့။ ကြိုးစားမှတ်သားခဲ့ပေါ့ကွာ"

သူဌေးကြီးက သားဖြစ်သူကို တရားနာရာမှာ ရေသာမခိုနိုင်တော့အောင်လို့ တရားတစ်ပုဒ်လုံးကို မှတ်သားခဲ့ဖို့ ပညာရှိပီပီမှာကြားလိုက်တာဖြစ်တယ်။ ဒီတော့ မောင်ကာဠလည်း အရင်ရက်တွေကလို ပေါ့ပေါ့တန်တန်နေလို့မရတော့ဘူးပေါ့။ ဘုရားရှင်ဟောကြားတဲ့တရားတော်ကို သေချာမှတ်မိအောင် ဂရုတစိုက်မှတ်သားနာယူရတော့တယ်။

မြတ်စွာဘုရားရှင်ကလည်း ဒီအခြင်းအရာကိုသိမြင်တော်မူလို့ ဒါနကထာ၊ သီလကထာတွေကို အစဉ်အတိုင်းဟောကြားတဲ့အခါ မောင်ကာဠက အသေအချာလိုက်နာမှတ်သားတာပေါ့ကွယ်။ ဒီလိုနဲ့ မှတ်သားနာယူရင်းကနေ ဝင်းလက်ထင်လင်းတောက်ပတဲ့ဉာဏ်ဝင်လာကာ တရားအဆုံးမှာ သောတပန်ဖြစ်လို့ အရင်ကနဲ့မတူတော့ဘဲ ရင့်ကျက်တည်ငြိမ်လာတော့သတဲ့။

ဣန္ဒြေနဲ့ သေသပ်တည်ငြိမ်စွာ အိမ်ပြန်လာတဲ့သားဖြစ်သူကို မြင်လိုက်ရရုံနဲ့ကို ချစ်သားမောင်ကာဠ တရားထူးရရှိလာပြီးဆိုတာ သူဌေးကြီးက ရိပ်မိလေတယ်။

"တရားနာဥပုသ်စောင့်တာအတွက်တော့ အသပြာမပေးပါနဲ့တော့။ ကနေ့ကစပြီး ဥပသကာတစ်ဦး ဖြစ်ခဲ့ပါပြီ"

တရားနာဥပုသ်စောင့်ပြီး ပြန်လာတဲ့သားဖြစ်သူကို အသပြာတစ်ထောင်ကမ်းပေးလိုက်စဉ်မှာ အသပြာကိုမယူတော့ဘဲ ပြန်ပြောလိုက်တဲ့စကားကို ကြားလိုက်ရတဲ့တစ်ခဏအတွင်းမှာ အနာထပိဏ်သူဌေးကြီးဟာ ပြုံးပျော်ကြည်နူးသွားတော့သတဲ့။ သားဖြစ်သူရဲ့ အနာဂတ်အတွက် သောကတွေလည်း ကင်းဝေးသွားတော့သတဲ့။

**ကာလေနဓမ္မဿဝနံ။**

"သင့်လျော်သောအခါ၌ တရားနာကြားခြင်း၊ အခွင့်အခါသင့်တိုင်း တရားနာကြားရခြင်း၊ အခါသင့်က တရားနာကြားရမယ်" လို့ မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ ဓမ္မပဒဇာတ်တော်လာ မှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်းအသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "စိတ်ထားရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

# သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် Environmental Impact Assessment (EIA) Survey လုပ်ငန်းများအား MV.PACIFIC PANDA ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ မိနစ် ၀၀.၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၈ မိနစ် ၀၀.၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ မိနစ် ၀၀.၀၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၇ မိနစ် ၀၀.၀၀ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၇ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် Environmental Impact Assessent (EIA) Survey လုပ်ငန်းများအား MV.PACIFIC PANDA ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## ညောင်လေးပင်မြို့၌ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ညောင်လေးပင် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။




အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားဦးက လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဘိုးဘွား ၉၀၁ ဦးအား တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ငွေကျပ် ၂၇၀၃၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

ခင်မောင်လွင် (ညောင်လေးပင်)

## ကျောက်ဖြူမြို့တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**ကျောက်ဖြူ အောက်တိုဘာ ၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျောက်ဖြူခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဦးမွန်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။




ဖြိုးဝေလင်း(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းလွန်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

❍ အာဂျင်တီးနားမှ

တိုက်စစ်မှူး ဟီဂူအင်ဟာ အာဂျင်တီးနားအသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၇၅ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၃၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲနဲ့ ၂၀၁၅ ခုနှစ်မှာ ကိုပါအမေရိကဖလားဗိုလ်လုပွဲတို့အထိ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်လည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟီဂူအင်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ စပိန်လာလီဂါဖလား သုံးကြိမ်နဲ့ ဂျူဗင်တပ်အသင်းနဲ့အတူ အီတလီစီးရီးအေဖလားတစ်ကြိမ်တို့ကို ဆွတ်ခူးပေးနိုင်ခဲ့ပြီး ကစားသမားဘဝတစ်လျှောက် ကလပ်အသင်းတွေနဲ့အတူ သွင်းဂိုး ၃၃၃ ဂိုးထိ သွင်းယူပေးနိုင်ခဲ့တဲ့ ကစားသမားလည်း ဖြစ်ပါတယ်။

ငွေကြယ်

## အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းပြနှင့် ဒိုင်သင်တန်း ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကြံ့ခိုင်မှုလေ့ကျင့်ရေးနည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ပြည်နယ်နှင့်တိုင်းဒေသကြီး ကြံ့ခိုင်မှုလေ့ကျင့်ရေးနည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ဒုတိယကျောင်းအုပ်ကြီး ဦးဗလကျော်သူနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ သင်တန်းသူ စုစုပေါင်း ၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၁၂ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

စိုးမြင့်အောင်

■

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်နှင့် အား/ကာသိပ္ပံ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ပထမနှင့် ဒုတိယနေ့ကို အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့က ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ သစ္စာအားမာန်နှင့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

အောက်တိုဘာ ၃ ရက်က ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက Young Lionesses အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်ကစားသမားအများစုပါဝင်သည့် သစ္စာအားမာန်အသင်းသည် မြန်မာ ယူ-၁၆ အမျိုးသမီးလက်ရွေးစင်အသင်း (ခ) Young Lionesses အသင်းကို ဂိုးပြတ်အနိုင်ကစားခဲ့သည်။

သစ္စာအားမာန်အသင်းမှ လက်ရွေးစင်ကစားသမားများဖြစ်သော ခင်မိုးဝေ၊ ဂျူလိုင်ကျော်၊ နီလာဝင်း၊ မြတ်နိုးခင်၊ ငယ်ငယ်ထွေး စသည့်ကစားသမားများက ဦးဆောင်ကစားခဲ့ပြီး ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ Young Lionesses အသင်းသည် ပွဲအတွေ့အကြုံမရှိသေးသော်လည်း အကောင်းဆုံးတုံ့ပြန်ကစားခဲ့ပြီး ပွဲများ ဆက်တိုက်ကစားလာရပါက စွမ်းဆောင်ရည် ပိုကောင်းလာဖွယ်ရှိနေသည်။

အောက်တိုဘာ ၄ ရက်က ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက တနင်္သာရီအသင်းကို ၂၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တနင်္သာရီအသင်းသည် ယခုမှ အသင်းသစ်ဖွဲ့စည်းပြီး ယှဉ်ပြိုင်သောကြောင့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းကို ယှဉ်မကစားနိုင်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ရသည်။

အား/ကာသိပ္ပံအသင်းကို မြန်မာ့လက်ရွေးစင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက ဦးဆောင်ခဲ့ပြီး ခြေအသာဖြင့် ဂိုးပြတ်သွင်းခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၁) နောက်ဆုံးနေ့အဖြစ် အောက်တိုဘာ ၅ ရက်တွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၌ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



အား/ကာသိပ္ပံနှင့် တနင်္သာရီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MWL


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၂၃ ဆူ | ၂၉၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၁ တိုင် | ၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၄ ခု | ၅၃၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၀ ကျင်း | ၂၀၅၉. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၈ ကျင်း | ၅၈၉၂. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၈ ကျင်း | ၁၆၀၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၄၄ စုံ | ၃၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**အားကစားနှင့်ပတ်သက်၍ ချက်ချင်းထလုပ်၍ ရသည့်လုပ်ငန်းမဟုတ်သည့်အတွက် အချိန်ယူ လေ့ကျင့်မွေးထုတ်သွားရန်လို၊ ပြည်သူလူထုကျန်းမာရေးအတွက် အလွယ်ကူဆုံးအားကစားမှာ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ရှိ၊ ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်။ ဒေသအလိုက် အားကစားကွင်းများတည်ဆောက်ရာတွင် ရေရှည်မြော်တွေး ဆောင်ရွက်ကြရမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြန်မာနိုင်ငံအပေါ်ထားရှိသော လူ့အခွင့်အရေးယန္တရားများမှ ဖုံးကွယ်ထားသော အချက်များကို မြန်မာနိုင်ငံက ထောက်ပြ

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၁၂-၉-၂၀၂၂ ရက်မှစ၍ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံက ထောက်ခံခြင်းမရှိသော နိုင်ငံတစ်ခုချင်းစီကို ဦးတည်သည့် အစီအစဉ်များပါဝင်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံကို ဆက်လက်ရွေးချယ်ပစ်မှတ်ထားရန် ဥရောပသမဂ္ဂနှင့် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများက အပြန်အလှန်ဆွေးနွေးပွဲ အများအပြားကို ဖန်တီးခဲ့သည်။ ၁၂-၉-၂၀၂၂ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) နှင့် လည်းကောင်း၊ ၂၁-၉-၂၀၂၂ နှင့် ၂၂-၉-၂၀၂၂ ရက်တို့တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူနှင့် လည်းကောင်း၊ ၂၂-၉-၂၀၂၂ ရက်မှာပင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့်လည်းကောင်း၊ ၂၆-၉-၂၀၂၂ ရက်တွင် ခေတ္တလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် လည်းကောင်း အပြန်အလှန်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

တရားစွဲဆိုရေးအဖွဲ့မဟုတ်သည့် လူ့အခွင့်အရေးကောင်စီသည် IIMM ကဲ့သို့ ယန္တရားထူထောင်ရန် လုပ်ပိုင်ခွင့်မရှိဘဲ IIMM ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းယန္တရားသည် သက်တမ်းအကန့်အသတ်မရှိဘဲ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၅ သန်း သုံးစွဲခွင့်ရထားပြီး ၎င်းစုဆောင်းသည်ဆိုသည့် အချက်အလက် အပိုင်းအစ ၃ သန်းကို မည်သည့်အခါမှ စိစစ်ခွင့်မရခြင်း၊ ကုလသမဂ္ဂ၏အထူးလုပ်ပိုင်ခွင့်ရှိသူများအနေဖြင့် ရယူခွင့်မရှိသော်လည်း IIMM က အမေရိကန်အစိုးရက ထပ်မံပေးအပ်သော ရန်ပုံငွေကိုလက်ခံခြင်းနှင့် ၎င်း၏ ဝန်ထမ်းရွေးချယ်ခန့်ထားမှုများကို မည်သည့်အခါကမျှ ထုတ်ပြန်မှုမပြုခြင်းတို့အပေါ် စိစစ်ကြပ်မတ်သည့် နည်းလမ်းများမရှိကြောင်း တွေ့ရှိရသည်။ ပူးတွဲအဆိုတင်သွင်းသူများ လိုချင်သည့် ကောက်ချက်ချမှုများရရှိရန် IIMM ကိုယင်းသို့ မသဲမကွဲစီမံထားခြင်းကြောင့် IIMM ယန္တရားကို စတင်ထူထောင်စဉ်ကပင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻



ဘားကပ်မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။

## ကရင်ပြည်နယ်အတွင်းရှိ မြစ်ရေတင်စီမံကိန်း ခြောက်ခုမှ နွေသီးနှံစိုက်ဧက ၂၂၆၁ ဧကကို စိုက်ပျိုးရေပေးဝေသွားနိုင်ရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၄

ကရင်ပြည်နယ်အတွင်းရှိ မြစ်ရေတင်စီမံကိန်း ခြောက်ခုမှ နွေသီးနှံ စိုက်ဧက ၂၂၆၁ ဧကကို စိုက်ပျိုးရေပေးဝေသွားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ သိရသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻

## အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင် ကစားသမားဘဝမှ အနားယူတော့မည်

အာဂျင်တီးနားအသင်း တိုက်စစ်မှူး ဂွန်ဇာလိုဟီဂူအင်ဟာ ၂၀၂၂ ခုနှစ်ရဲ့ မေဂျာလိဂ်ဘောလုံးပြိုင်ပွဲများ ပြီးဆုံးချိန်မှာ ကစားသမားဘဝကနေ အနားယူတော့မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟီဂူအင်ဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းဆီ ပြောင်းရွှေ့ခဲ့သူဖြစ်ပါတယ်။ တိုက်စစ်မှူး ဟီဂူအင်ဟာ ကစားသမားဘဝတစ်လျှောက် ရီးယဲလ်မက်ဒရစ်အသင်း၊ နာပိုလီအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့မှာ ပါဝင်ကစားခဲ့သူဖြစ်ပြီး အေစီမီလန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့မှာလည်း အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့သူဖြစ်ပါတယ်။ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ○



ယနေ့ ဖတ်စရာ

**ဦးသန့်၏ အက်စ်ကျူမှသည် ငြိမ်းချမ်းမှုကို ဖော်ဆောင်သည့် ပညာရေးဆီသို့**

ဆောင်းပါး စာမျက်နှာ » ၆

**ပြည်ကြီးတံခွန်မြို့နယ်၌ ယာဉ်မောင်းအား သတ်ဖြတ်ကာ မော်တော်ယာဉ် လုယက်ယူဆောင်ခဲ့သည့် တရားခံကို ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅